www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

အသဲခွဲမေရှာ



(အချစ်လုံးချင်းဝတ္ထု၊ သစ်)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၁၅၊ ဧပြီလ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - ၁၄၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

၈၉၅ ၈၃

မိုးစက်ပွင့်

အသည်းခွဲမေဂျာ / မိုးစက်ပွင့် - ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။

၂၈၀ - စာ ၊ ၁၂·၃ × ၁၈ စင်တီ။

(၁) အသည်းခွဲမေဂျာ

# မိုးစက်ပွင့်

# အသည်းခွဲမေဂျာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ကန်တော်ကြီးထဲသို့ ရောက်လာခဲ့စဉ် တံတားပေါ်တွင် လှမ်းနေသော ခြေလှမ်းတို့က အသက်မပါသလို ပျင်းရိပျင်းတွဲနိုင့်ပါ။ စောင့်ရတဲ့အလုပ်ကို စိတ်မရှည်လွန်းလို့ ငြီးစားနှင့် ချိန်းတွေ့ပြီဆို သူက အမြဲပဲ နောက်ကျ၍ ရောက်လာတတ်သူ။ သူကသာ ပျက်ကွက်တတ်ပြီး သူများ ရောက်မလာရင်ဖြင့် အဲဒီမိန်းကလေးကို ဖြတ်ပစ်တာလည်း သူပါပဲ။

ကိုယ့်အရင် ကြိုရောက်နှင့်နေသော မိန်းကလေးကို မြင်နေရပြီပေမယ့် ဘာမှတိုးပြီး ခြေလှမ်းသွက်ဖြင့် ပြုံးရယ်ခြင်း မပြုပေ။ အိန္ဒြေခြင်မင်းက ပန်းကန်လုံးကျွန်းဘက်ကို ကျောပေး၍ သူလာရာဘက်သို့ မျက်နှာမူကာ ပြုံးပြုံးလေး လက်ပိုက်ရပ်ကြည့်နေ၏။ သူ



www.burmeseclassic.com

www.burmeseclassic.com



အနားရောက်မှ မျက်မှန်ကို ဆွဲချွတ်ပြီး မျက်နှာချင်းဆိုင်အနေအထားမှာ သူက ကျွန်းဘက်ကို မျက်နှာမူလျက် ရပ်မိသွားသည်။

"ချိန်းထားတဲ့အချိန်ထက် နာရီဝက်တောင် နောက်ကျနေပြီ ဘယ်လိုအပြစ်ပေးရမလဲ"

သူ လွန့်ခနဲ ပြုံးလိုက်ပြီး ...

"အိန္ဒြေက ဘယ်လိုအပြစ်ပေးချင်လို့လဲ"

"အိန္ဒြေက အပြစ်မပေးပါဘူး ကင်းရယ်၊ ကင်းပေးလာမယ့် အပြစ်ကိုသာ ကြောက်လို့ စောစောကြိုရောက်နေတာ၊ အရင်ရည်းစားတွေတုန်းက ချိန်းထားတဲ့အချိန်ထက် နောက်ကျရင် ကင်းက အဆက်ဖြတ်ပစ်တယ်ကြားလို့လေ"

"ကိုယ့်အကြောင်း တော်တော်စုံစမ်းထားပုံရတယ်"

"စုံစမ်းတယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ ပြောချင်တဲ့သူတွေကိုက သတိပေးသလို လာပြောနေကြတာဆိုတော့"

မြို့ငဘက်ကင်းဆိုတဲ့ သူ့အပြုံးက သာမန်တော့မဟုတ်ပေ၊ ကင်းက ဘာကိုမှ အလေးအနက်မထားတတ်တဲ့ကောင်ဆိုတော့ လွန်ခဲ့သော အတိတ်ကာလက သူရေးခဲ့တဲ့ သူ့ရာဇဝင်ထဲက မင်းသမီးတွေ ခုလို အတို့အထောင်လုပ်ပြီး သွေးတိုးသပ်လျှိုကြမှာ မလွဲမသွေဆိုတာ သူ မသိဘဲနေပါ့မလား။





ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုသလို ရည်းစားတစ်ထောင် မယားကောင်းတစ်ယောက်စနစ်ကို ကင်းက ရှိသေဦးညွှတ်စွာ ထိန်းသိမ်းစောင့်ရှောက်ထင်ပုံ၊ ကိုယ်ထားခဲ့သည့် ရည်းစားတွေနာမည်ကို ရီကျက်စတာလုပ်ပေးပါက ရွှေထုပ်ကြီးပေးပါမည်ဆိုလျှင် ကင်း ရွှေထုပ်ကြီးကိုသာ စွန့်လွှတ်ရမှာကျိန်းသေ၊ ဆယ်တန်းအောင်ပြီးလို့ တက္ကသိုလ်တက်ကတည်းက ထည်လဲထားတဲ့ ရည်းစားအခု ဘွဲ့ရပြီးတာတောင် အနားမယူနိုင်သေး၊ အချစ်ဆိုတာ ချိုသလားခါးသလား သိရအောင် မြည်းနေတဲ့ အတိုင်းပေမယ့် အခုချိန်အထိ ကင်း အချစ်စစ်၏အရသာကို မသိသေးတာ ဘယ်လိုလုပ်ရမလဲ၊ လုပ်စရာမလိုအောင် ကင်းကလည်း စိတ်ဝင်စားသူ မဟုတ်ပေ။

"ကင်း"

ကင်း၏မျက်နှာမှာ အိန္ဒြေဘက်သို့ လှည့်လာ၏။

"အိန္ဒြေက နံပါတ်ဘယ်လောက်လဲ"

"ကိုယ် ရည်းစားကို နံပါတ်စဉ်တွေတွက်ပြီး မထားခဲ့ဘူး အိန္ဒြေ၊ မှတ်ဖို့လည်း စိတ်မဝင်စားဘူး၊ ထားခဲ့တဲ့ ရည်းစားတွေက စိန်ပွင့်တွေဆိုရင်တောင် လိုရင်ကောက်ကြည့်ပြီး မလိုရင် လက်နဲ့ တောက်ထုတ်လိုက်သလိုမျိုးပဲဖြစ်မှာ တစ်၊ နှစ်၊ သုံး၊ လေး ကိုယ် ရေတွက်နေလို့ ဘယ်သူကမှ ဆုမပေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ ကင်း ဘယ်လောက်ပဲ ရည်းစားများခဲ့ များခဲ့ပါ အိန္ဒြေ ခွင့်လွှတ်နိုင်တယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လဲ"

"အိန္ဒြေ ကင်းရဲ့နောက်ဆုံးချစ်သူဖြစ်ချင်တယ်"

"အင်း ... ဟုတ်တယ်လေ"

မြိုင်ဘက်ကင်း ဘောင်းဘီအိတ်ထဲ လက်နှိုက်ရင်း ခေါင်းကို မော့၍ ရယ်လေသည်။ အိန္ဒြေက ချောမောသော သူ့မျက်နှာကို မော့ကြည့်ရင်း ...

"ဘာရယ်တာလဲ ကင်းရဲ့၊ အိန္ဒြေပြောတဲ့စကားက ရယ်စရာဖြစ်နေလို့လား"

ငါ့အတွက်ကတော့ ရယ်စရာပဲလို့ ပါးစပ်ကတော့ မပြောဖြစ်ပေ။ ကျားသနားမှ နွားချမ်းသာရမှာဆိုပြီး အသနားခံနေတာနှင့် တူနေ၏။ ငါက အရုပ်ကျားမဟုတ်လေတော့ မသနားတတ်ဘူး အိန္ဒြေ၊ အပျော်တမ်းကစားနေတာကို လောင်းကြေးလို ဈေးဆစ်လို့ရမတဲ့လား။

"အိန္ဒြေမေးတာကိုဖြေလေ ကင်း"

"ငါ ဖြေလိုက်ရင် မင်းနဲ့ငါ ဒီနေရာမှာတင် အဆုံးသတ်သွားလိမ့်မယ် အိန္ဒြေ"

"ဘယ်လို"





အိန္ဒြေက ကင်းနှင့်မျက်နှာချင်းဆိုင်လိုက်၏။

"ငါ အားမနာတမ်း ဖြေလိုက်ရင် မင်း ရင်ထုမှာတော့ ကျိန်းသေတယ်"

"ဘာ"

"မဖြေတာ အကောင်းဆုံးပဲ မဟုတ်ဘူးလား"

မျက်လုံးကို မှေးစင်းကာ ပြောလိုက်သော ကင်းကို အိန္ဒြေ အထူးအဆန်းလို စိုက်ကြည့်နေပြီးမှ ...

"နောက်ဆုံးချစ်သူဆိုတဲ့ အဓိပ္ပာယ်ကို ကင်း နားလည်မှာပါ၊ အိန္ဒြေ နံပါတ်ဘယ်လောက်ပဲဖြစ်ဖြစ် ကင်းရဲ့နောက်ဆုံးချစ်သူဖြစ်ခွင့်ရချင်တယ်"

"ကိုယ့်မှာ ချစ်သူဆိုတာ ဘယ်နံပါတ်နဲ့မှ တပ်ထားတာမရှိသေးဘူး အိန္ဒြေ၊ ကိုယ် အခုတွဲခဲ့သမျှ မိန်းကလေးအားလုံးက ကြိုက်လို့လိုက်တယ်၊ စိတ်ဝင်စားလို့ ငြိအောင် ကြိုးစားတယ်ဆိုတဲ့အထဲမှာ ကိုယ် ဘာတစ်ခုမှ ရင်းနှီးစရာမလိုဘဲ ကိုယ့်ရင်ခွင်ထဲကို အလွယ်တကူရောက်လာကြတာ ကိုယ့်ရဲ့ထူးတဲ့ကုသိုလ်ပဲပေါ့"

"ဟင် ... ဒါဆို အိန္ဒြေကလည်း"

"ရှေးနည်းတူပဲပေါ့"

"ရှင် ... အိန္ဒြေကို ချစ်တယ်လို့ ပြောခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . ချစ်တယ်ဆိုတဲ့စကားလုံးက ငွေပေးဝယ်ရတာမှ မဟုတ်ပဲကွ"

"ရှင် . . . ရှင်"

လက်ညှိုးငေါက်ငေါက်ထိုးပြီးမှ မပြောတတ်အောင်ဖြစ်ကာ လက်ညှိုးကို ပြန်ရုပ်သိမ်းလိုက်၏။ ပင့်ကူလို မာယာတွေနဲ့ အိမ်ဖွဲ့နေသူကိုမှ အိန္ဒြေ တည့်တည့်ဝင်တိုးမိတာပါလား။ ချစ်တယ်ဆိုတဲ့စကားကို ယုံခဲ့မိသည်။ သူများတွေပြောလို့ သူ့ရည်းစားများမှန်း သိပေမယ့် ကိုယ့်ကိုမှ ထူးခြားစွာ သူက နင့်နင့်နဲနဲချစ်သည်အတိုင်း မျက်လုံးကို စုံမှိတ်ယုံခဲ့မိတာ အချစ်မူးတာလား၊ အချစ်ရူးတာလား မသိတော့။

"ဒါဆို . . . ရှင် . . . အိန္ဒြေကိုလည်း အပျော်တွဲခဲ့တာပေါ့ ဟုတ်လား . . . ကင်း"

"ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လားလို့ မေးနေပြန်ပါပြီ၊ ငါက မိန်းကလေးတွေကို စိတ်ဝင်စားတဲ့အဆင့်ကနေ ပိုလို့မရဘူး။ ကြည့်ရင်ကြိုက်, မိုက်ရင်တွဲတယ်၊ အချစ်ဆိုတာကို အယုံအကြည်လည်း မရှိဘူး၊ စိတ်လည်း မဝင်စားဘူးဆိုတာ အတိအကျပဲ"

"ပြိုင်ဘက်ကင်း"

"ပြော"





"ရှင်က အတ္တသမားပဲ၊ အသည်းနှလုံးမရှိတဲ့သူ, ရက်စက်တတ်တဲ့လူ"

"ငါ့နာမည်က ပြိုင်ဘက်ကင်းလေ၊ မင်း တိတိကျကျ မစုံစမ်းခဲ့မိတာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တာပဲ၊ ပြိုင်ဘက်ကင်းဆိုတာ အသည်းခွဲမေဂျာမှာ အောင်လက်မှတ်ရထားတဲ့သူ"

အိန္ဒြေ နှုတ်ခမ်းကိုဖိကိုက်ပြီး သူ့ကို စူးစူးရဲရဲကြည့်ပစ်လိုက်၏၊ စကားမစပ်မိခဲ့လျှင်ဖြင့် သူ့ရဲ့မေတ္တာဝက်ပါဗွေအလယ်မှာ အိန္ဒြေ ဘယ်လောက်တောင် မျက်စိလည် လမ်းမှားပြီး စမ်းတဝါးဝါးလျှောက်မိနေဦးမည် မသိတော့။

ခုလည်း . . .

အသိစောတယ်ပြောဖို့တောင် နှလုံးသားက ခြေတစ်ဖက်ကျွံနေတာ နှုတ်ရခက်သားလား။

အိန္ဒြေဆိုတာ အမြဲတမ်း ခေါင်းမော့ရင်ကော့လာခဲ့တဲ့ မိန်းမ။ သူနဲ့ကျမှ လဲကျတဲ့နှလုံးသားကို ကုန်းထဖို့ မကြိုးစားတော့ပါဘူးဆိုပြီး မထူးစိတ်ပိုက်၍ ဒဏ်ရာကို ဆားထပ်အလူးမခံနိုင်။ ပွန်းရာပဲ့ရာကပဲ သွေးထွက်သံယို ထပ်မဖြစ်အောင် ကိုယ့်နှလုံးသားကိုပဲ ဆုံးမရတော့မလား။ လိမ်ညာပြီး မင်းကို ကိုယ်တကယ်ချစ်တာပါလို့ ပြောရင်တောင် ဖြေသာသေးပေမယ့် . . .



www.burmeseclassic.com

www.burmeseclassic.com



အခုက ...

သူက အသည်းခွဲမေဂျာမှာ အောင်လက်မှတ်ရထားသူလို ကြေညာနေပြီ။ အိန္ဒြေ ကျချင်နေသည့်မျက်ရည်ကို အံကြိတ်၍ ထိန်းချုပ်ကာ ...

"ခုလို ရှင့်စိတ်ဓာတ်အမှန်ကို စောစောစီးစီး သိခွင့်ရတာ ကျေးဇူးတင်တယ် ပြိုင်ဘက်ကင်း။ အိန္ဒြေခင်မင်းဆိုတာလည်း မာနနဲ့ ထုဆစ်ထားတဲ့ မိန်းမပါ၊ ကိုယ့်ကို တကယ်မချစ်တဲ့သူအတွက် မျက်ရည်ခံထိုးပြီး ခယလိမ့်မယ်တော့ မထင်နဲ့"

"မင်း အပြောနဲ့အလုပ် ညီပါ့မလား"

"ဆယ်ခါညီရစေမယ် .... ရှင် စောင့်ကြည့်လိုက်၊ ငကန်းသေရင် ငဆွေပေါ်တယ်ဆိုတဲ့စကားရှိတယ်၊ ရှင့်ထက်သာတဲ့လူကို ကျွန်မ ရှာတွဲပြမယ်"

ကင်းက မထီတထီပြုံးလျက် ...

"အဲဒါ မင်းကိုယ်တိုင်ရေးမယ့် မင်းရဲ့သမိုင်းပဲလေ၊ ငါက ဝင်ပြီး နိဒါန်းလည်း ပျိုးခွင့်မရှိသလို နိဂုံးလည်း ချုပ်ခွင့်မရှိဘူး၊ အဲ ... ငါ့သမိုင်းထဲမှာတော့ မင်းရဲ့နာမည်ကို ... အင်း ..."

ကင်းမေးစေ့ကို ပွတ်၍ စဉ်းစားသလို လုပ်နေပုံက တစ်ဖက်လူ၏ရင်ဝကို အပ်နှင့်ထိုးဆွနေသည့်နှယ်။ ဘာကိုမှ အလေးအနက်





မထားတတ်တဲ့သူအဖို့က အသည်းခွဲတာတွေ အသည်းကွဲတာတွေဆိုတာ ပန်းသီးတစ်လုံးကို ဓားနဲ့စိတ်စားသလို မခက်ဘူးလို့ ထင်သူ။

"မှတ်မိအောင် ကွင်းစပိတ်ထဲ ထည့်ထားရင် ကောင်းမလား။ ဒါမှမဟုတ်"

"ရှင် ဆက်မပြောနဲ့တော့ ပြိုင်ဘက်ကင်း"

"ကြားရဲတဲ့သတ္တိမရှိလို့လား"

"ကျွန်မကို ရေးနည်းတူစွာ မိန်းကလေးတွေလို ရှင် ကျောခိုင်းသွားတိုင်း မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ငိုကျန်ခဲ့လိမ့်မယ်လို့ မထင်နဲ့"

"ဒါဆို မင်းက လမ်းခွဲဖို့ စိန်ခေါ်လိုက်တာပေါ့"

"ဟုတ်တယ်"

;"အဟွန်း"

ချစ်လှပါချေရဲ့လို့ အသည်းနှလုံးမှာ ဦးထိပ်ပန်ဆင်ခဲ့ပါသော ပြိုင်ဘက်ကင်းဆိုတဲ့ သူ့ရဲ့မထီတထီအပြုံးကို အိန္ဒြေ စက်ဆုပ်မိသွားကာ ကျောခိုင်းပစ်လိုက်၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိတဲ့အထဲမှာ ကိုယ့်နှလုံးသားလေးကတော့ နာကျင်စွာ ငိုရှိုက်နေမှာကိုယ်ပဲ သိသည်။

"မင်းကို ကျေးဇူးတင်တယ် အိန္ဒြေ၊ ငါက ဝမ်းဂိုးတွေအမ်း



www.burmeseclassic.com

www.burmeseclassic.com



ဝါဒသမားဆိုတော့ ဒီတစ်ခါ မြန်မြန်ကမ်းလို့ ရသွားတာပေါ့"

"တောက်"

"အားနာပါးနာနဲ့ ပန်းငှားနေရတဲ့အဖြစ်က ဝဋ်ကျွတ်သွားတာ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားတာပဲ"

ကင်းက လက်နှစ်ဖက်ကို ဆန့်တန်း၍ လေကို မျက်လုံးစုံမှိတ်ပြီး ရှူနေဟန်လုပ်တော့ အိန္ဒြေ သူ့ကို ခါးနှင့်တစ်ချက်တည်း ထိုးသတ်ချင်စိတ်ပေါက်သွား၏။

"ရှင် ဝဋ်မလည်ပါစေနဲ့လို့ ကျွန်မ ဆုတောင်းတယ် မြိုင်ဘက်ကင်း"

ချာခနဲ လှည့်ထွက်သွားသော အိန္ဒြေ့ကျောပြင်ကိုကြည့်၍

"ဝဋ်တဲ့ ... ဟား ဟား ဟား"

○ ○ ○



## အခန်း (၂)

"မင်းလုပ်ရပ်တွေ ရပ်တန်းက ရပ်ပါတော့ ကင်းရာ၊ လက်ရှိုးရေတွက်လို့မရတာက အကြောင်းမဟုတ်ဘူး။ မင်းကို နာမည်ပျက်နဲ့ ရာဇဝင် တွင်နေမှာစိုးလို့ ငါက ပြောတာ"

"ဟော့ကောင် ဖေဖေ"

လက်ညှိုးက သူ့ပါးစပ်ကို ပိတ်ထားလို့ အမိန့်ပေးသလို ရည်ညွှန်းတာကြောင့် ကောင်းသန့်ဖေ ခဏတော့ ပါးစပ်ပိတ်သွား၏။ သူ့အပေါ် ကင်း မြူးငြင်သွားမှာစိုးလို့ မပြောဖြစ်ပေမယ့် ပြောချင်တဲ့ စကားတွေက ရင်ထဲမှာ အများကြီးပါ။

ကင်းရဲ့ရုပ်ရည်၊ ကင်းရဲ့ပညာ၊ ချမ်းသာကြွယ်ဝမှုတွေနဲ့ တည်တည်ကြည်ကြည်နေပါလျှင် အရာအားလုံး သူများထက် အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်လုံးပိုမြင့်ပြီး နာမည်နှင့်လိုက်ဖက်မည့်သူကတော့ ခုတော့ မိန်းကလေးတွေ ထည်လဲတွဲနေတဲ့ကြားမှာ အချိန်ကို အလဟဿ ဖြုန်းနေတာ နမြောစရာကောင်းမနေဘူးလား။ ကျိုကျိုတက်ချမ်းသာ နေတဲ့ တစ်ဦးတည်းသော သူဌေးသားမို့ ရှုပ်တာပွေတာဆိုလည်း ရှင်ပိုင်ခွင့်၊ ပွေပိုင်ခွင့်တွေက လိုသည်ထက် ပိုလာလျှင် တစ်နေ့ ဒုက္ခရောက်မှာကို သူငယ်ချင်းကောင်းပီပီ စိုးရိမ်တာပါ။

"နာမည်ပျက်နဲ့ ရာဇဝင်တွင်ရအောင် ငါက ဘာလုပ်နေလို့ လဲ"

"ငါ ပြောစရာမလိုအောင် မင်းကိုယ်မင်း သိပြီသားပါ"

"ဇေဇေ အမိုက်ခံပြီး ခုလိုပြောတာ တို့ အားလုံးရဲ့ ကိုယ်စား ပဲ ကင်း။ ယောကျာ်းလေး ရည်းစားများတာ ဘာဖြစ်လဲ ဦးဖောက် စော်လို့ စက်မကျိုးဘူးဆိုပေမယ့် မိန်းမတိုင်း အဖြူသက်သက်တွေ မဟုတ်ကြဘူး ကင်း"

"မင်းက ဘာကိုပြောချင်တာလဲ ရွှေကျိုး"

"မင်းထားခဲ့တိုင်း ကျန်ရစ်ရတဲ့ မိန်းကလေးတွေ ကံကောင်း ထောက်မစွာနဲ့ အားလုံး မိန်းမယုတ်တွေမဟုတ်လို့သာပေါ့၊ ပင့်ကူလို မာယာနဲ့ အိမ်ဖွဲ့ပြီး မင်းဘဝကို ထောင်ဖမ်းမယ့်မိန်းမမျိုးနဲ့ တွေ့မှာ စိုးလို့ တို့က ပြောနေတာ"





"ထောင်ဖမ်းတိုင်း ဝင်တိုးရအောင် ငါက လိပ်ပြာလည်း မဟုတ်ဘူး။ ပုစဉ်းလည်း မဟုတ်ဘူးကွ၊ ကိုယ့်ကို ဘယ်နေရာပဲ လာထိထိ ငါ့မှာ အဆိပ်ရှိပြီးသား"

"မင်းမှာ ဘယ်လောက်ပဲ အဆိပ်ရှိရှိ ပင့်ကူနဲ့တွေ့ရင်တော့ မင်းရဲ့ဦးနှောက် ဖောက်စားခံရမှာပဲ"

"ပြဿနာပဲ"

ကင်း စိတ်ပျက်သလို တစ်ဖက်လှည့်သွားဧ။ သူတို့စေတနာ နဲ့ ပြောတာကို သိသည်။ ဒါပေမဲ့ ကင်းက ခပ်ညံ့ညံ့ကောင်မှ မဟုတ် တာ။ ဘယ်မိန်းကလေးက ဘယ်လိုပဲ မာယာတွေနဲ့ ထောင်ဖမ်းဖမ်း ကင်းဆိုတာ ချက်ဆိုတာနဲ့ နားခွက်က မီးတောက်ပြီးသားကောင်။ မိန်းကလေးတွေရဲ့အထာကို နပ်ပြီးသားမို့ ကိုယ်ကပဲ အနိုင်ပိုင်း အသာ စီးရနေခဲ့တာ သူတို့မသိတာမှတ်လို့။

"အခု အိန္ဒြေခင်မင်းနဲ့ရော သက်တမ်းဘယ်လောက်ရှည် မှာလဲ"

"မနေ့ကပဲ ဖြတ်ပစ်ခဲ့ပြီ"

"ဟေ"

"ဟာ"

သူငယ်ချင်းတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါသွားကာ၊ သက်ပြင်းချသွားက ချကုန်၏။ သူတို့ပူငယ်ချင်းတွေထဲမှာ ကင်းက အချောဆုံးမို့ ခုလို ရည်းစားကူးသန်းရောင်းဝယ်ရေး လုပ်နိုင်တာကိုပဲ သူတို့ရင်မောနေရသည်။

ရည်းစားတစ်ယောက်ကို အလွန်ဆုံးတွဲလှမှ သုံးလထန်ကုန်၏။ အခု အိခြွေခင်မင်းနဲ့က တစ်လလောက်ပဲ ရှိသေးသည်လေ။

"မင်း နောက်ထပ်အသစ်တွေ့နေပြီလား ကင်း"

"ဒီတစ်ခါ ငါ့ရာဇဝင် အပျက်ခံပြီး တစ်ကိုင်းမကူးခင် လက်လွှတ်လိုက်တာ"

"အဆန်းပါလား"

"သူက ဘာပြောတယ်ထင်လဲ"

"အင်း ... ဆိုစမ်းပါဦး ဘာပြောလဲ"

ဟိန်းလင်းနဲ့ထွန်းမင်းကတော့ အဲဒီလိုပါ။ ကင်းရဲ့လုပ်ရပ်တွေကို မတိုက်တွန်းသလို တားလည်းမတားကြပေ။

"သူက ငါ့ကို ရည်းစားတွေ ဘယ်လောက်ပဲများခဲ့များခဲ့ ခွင့်လွှတ်နိုင်ပါတယ်တဲ့"

"ဒီလောက် သဘောထားကြီးတာကို မင်း အမှတ်တော့ ပေးသင့်တယ်ပေါ့ ကင်း"

"ဘယ်ကလာ သဘောထားကြီးရမှာလဲကွ၊ ငါ့ကို စကားလုံး





လှလှလေးနဲ့ တုတ်ဖို့ ချည်ဖို့ ကြိုးစားတာလေ"

"ဟုတ်လား"

သီချင်းဖော့နှင့် ဟိန်းလင်းဦး ကိုယ်ကိုကိုင်၍ စားပွဲပေါ်မှာ လက်တင်ပြီး မျက်နှာက ရှေ့တိုးလာသည်။

ကင်းက နှုတ်မဟာအပြုံးနှင့် ...

"သူက ငါ့ရဲ့နောက်ဆုံးချစ်သူ ဖြစ်ခွင့်ရချင်တယ်တဲ့"

"ဒါကြောင့်ကိုး"

ဟိန်းလင်းကိုယ်ကြီး နောက်ပြန်ဆုတ်သွား၏။ ကျန်တဲ့သူတွေလည်း ပြုံးစိစိဖြစ်ကုန်သည်။ နောက်ဆုံးချစ်သူဆိုတဲ့အဓိပ္ပာယ်က ကင်းလက်မခံနိုင်လောက်အောင် နက်နဲတာကိုး၊ ပထမတွေ၊ ဒုတိယတွေက တွေ့တုန်းထိုးတဲ့ ကြမ်းပိုးလို တွေ့ဆုံ ကြုံကွဲ ထည်လဲထားခဲ့လို့ ရပေမယ့် ...

နောက်ဆုံးဆိုတာ ...

သူ့ဘဝတစ်ခုလုံး ပုံအပ်လိုက်ရသည့်အဖြစ်နှင့် နောက်ထပ်ရှိမလာအောင် အပိုင်တုတ်နှောင်လိုက်ခြင်းပင်။ အချစ်ဆိုတာကို ဘီယာတစ်မော့လောက် အလေးမထားတတ်တဲ့ကင်းက ဘယ်လက်ခံနိုင်ပါ့မလဲ။ နှလုံးသားကို ဘာနဲ့မှ ဘောင်ခတ်မထားဘဲ လွတ်လပ်စွာ ပျံသန်းနေသော ကင်းအဖို့ အနှောင်အဖွဲ့တွေကို ဖြတ်တောက်မိတာ



www.burmeseclassic.com

www.burmeseclassic.com



မဆန်းပေ။

"မင်း ဝဋ်လည်မှာ မကြောက်ဘူးလား ကင်း"

"လာပြန်ပြီ ဒီဝဋ်"

"ငရဲပ ဝဋ်ဘက်မလွဲတဲ့ကွ"

"တော်စမ်းပါ ဖေဖေရာ၊ ငါ့နာမည် မြို့င်ဘက်ကင်းတဲ့ကွ၊ မင်းပြောတဲ့ ဝဋ်ဆိုတာ လည်လာစမ်းပါစေ၊ ငါဆိုတဲ့ကောင်က ဘယ်တော့မှ ဒူးထောက်အညံ့မခံဘူး။ လိုချင်လာရင် ရအောင်ယူမယ်၊ အဲဒါ အပြောမဟုတ်ဘူးနော်၊ တံချူနဲ့မှ ချူလို့မရသေးရင် အမြစ်ပါ ဖော်ပြီး လှဲပစ်ယူမှာ"

"တကယ့် ရာဇဝင်အိုးပါလား"

လက်ရော ခြေပါ မြှောက်ရမလိုဖြစ်နေတော့ ပြောမိတဲ့သူတို့ပဲ မှားနေပြီလားဟု ဘယ်သူမှ စောဒကတက်ဖို့ မကြိုးစားကြတော့ပေ။ ထွန်းမင်းကပဲ . . .

"ကဲ . . . ပြောမနေကြပါနဲ့ကွာ၊ ဒီကောင်က လူပြည်မှာ မြို့င်ဘက်ကင်းရုံမကလို့ မိုးပေါ်က သိကြားမင်း ဦးမာဃနဲ့ပါ မြို့င်ပြီး ဗိမာန်လုချင်တဲ့ကောင်၊ သူ့ဘာသာ တစ်ဖက်လေးငါးရာပဲထားထား၊ တစ်ထောင်ပဲထားထား၊ ကိုယ်သောက်စရာရှိတာ သောက်ပြီးရင် သွားမယ်"





"ထွန်းမင်းပြောတာ မှန်တယ်၊ ဒီကောင်ကို ပြောလိုက်ရင် ခံသိတာ မရှိဘူး။ ထပ်ပြောရင် နွားရှေ့ထွန်းကျူးသလိုဖြစ်မှာ"

"ဟော့ကောင် ဟိန်းလင်း . . . မင်းပြောပုံက ငါ့ နွားဖြစ်ပြီကွ ခွေးသူတောင်းစားရဲ့"

"အဲ . . . အေး ဆောရီး"

ကင်းက လက်သီးနှင့်ရွယ်လေသဖြင့် ဟိန်းလင်းလက်ကာ၍ ရယ်လေသည်။ မိန်းကလေးတွေနှင့် ပတ်သက်ပြီး ကင်းက ကြောက်စရာကောင်းသော အသည်းခွဲကြမ်းသူပေမယ့် သူငယ်ချင်းတွေအပေါ်မှာတော့ ကင်းက ခင်မင်နှစ်လိုဖွယ်ကောင်းအောင် တော်ရှာသူ။

သူငယ်ချင်းတွေ မဟုတ်သော အခြားပုရိသယောက်ျားချင်းနှင့်ကျပြန်တော့ သူများက သေးသေးတင်ရင် သူက လုံးကြီးတင်ပြီး ဆန့်ခတ်ရမှ ကျေနပ်ပြန်၏။ သူ့စရိုက်သူ့အထာသည် ကောင်းဘက်ဆိုးဘက် ဒွန်တွဲညီမျှနေသည်လို့ ပြောရမလား။ ငယ်ငယ်လေးကတည်းက မိတဆိုးသားလေးမို့ သူ့အဖေက အလိုလိုက်ထားတော့ ဆိုးမွေကို တစ်ဖက်စွန်းရောက်အောင် ပွေ့ပိုက်မထားတာပင် ကျေးဇူးတင်ရဦးမည်။

"ဘာလဲ"

"မင်း လိုက်ဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲ"

"ရှိုးပွဲသွားကြည့်မလို့"

"အပိုတွေမပြောနဲ့၊ ဘယ်တုန်းက ကျန်ခဲ့ဖူးလို့လဲ"

"ဒါဆို လစ်ကြမယ်"

ဇေဇေ နှိုးဆော်လိုက်သည်နှင့် အားလုံးမတ်တတ်ရပ်ပြီးသား ဖြစ်ကုန်၏။ ကဲကြ သဲကြတာချင်းအတူတူ ကင်းကတော့ သူများထက် ပို၍ လက်ရာမြောက်သူပေါ့လေ။

○ ○ ○



# အခန်း (၃)

"တောက် ... တွေ့မယ် ကားစုတ်၊ အိမ်ရောက်မှ မီးနဲ့ကို ရှို့ပစ်မယ်၊ ငါ့ကို ဒီလောက် ဒုက္ခပေးတာတွေကို တွေ့ဦးမယ်၊ အခု နှင့်အလှည့်မှာ လုပ်ထားဦးပေါ့"

ကားနှင့်စကားပြောပြီး ဒေါသဖြစ်နေသူမှာ ဖြိုးစံရှားဆိုတဲ့ မိန်းကလေးပါ။ လူက ခေတ်မီလှပနေသလောက် စိတ်ကတော့ လက်တစ်ဆစ်ရယ်။ ဖိနပ်ဦးနှင့် ကားဘီးကို ကန်လိုက်တာကို ကြည့်ခြင်းအားဖြင့် ကလေးဆန်၍ စိတ်ဆတ်မှန်း သိသာလှသည်။

စိတ်ကသာ ကလေးဆန်ပေမယ့် လူကတော့ အရပ်မြင့်မြင့်နှင့် စွင့်စွင့်ထွားထွားဖြစ်နေပြီး ခန္ဓာကိုယ်ကောက်ကြောင်းက အချိုးအဆစ်ကျကျလှပနေသူ။ မျက်နှာက ဘာမှတွေတွေထူးထူး ခြယ်သ



www.burmeseclassic.com

ထားတာ မဟုတ်တဲ့ ပြောင်သလင်းနှင့်ပင် အစက်အပြောက်ကင်းစွာ ဖြူနုလှပနေ၏။ ရွှေညိုရောင်ဆံပင်တွေက ပခုံးထက်မှာ ဖြောင့်စင်းနေပြီး ရင်ဘတ်နှင့် ကျောပေါ်မှာတော့ အခွေအခေါက်ကလေးတွေ ဖြစ်လျက် သူမနှင့်တော့ လိုက်ဖက်လွန်းလှပါသည်။

"ကျွတ် … အကူအညီတောင်းဖို့ ဖြတ်သွားဖြတ်လာတောင် တော်ဟော်ရှားနေတာ ဒီနေ့ ပြဿဒါးမလွတ်ဘူးထင်တယ်"

နှုတ်ခမ်းလေးစူကာ ပြောပြီးမှ တစ်ခုခုကို သတိရသွားဟန်နှင့် လက်အုပ်ကလေးချီကာ မျက်လုံးလေးမှိတ်လိုက်၏။

"သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ ရှားရဲ့ဒုက္ခကို ကယ်တင်စောင့်ရှောက်တော်မူပါ၊ ကိုယ်တိုင်ကိုယ်ကျ မကယ်နိုင်ရင် ကူညီနိုင်မယ့်လူ တစ်ယောက်လောက် လွှတ်ပေးပါ၊ ရှား စိတ်ညစ်နေပြီ မြန်မြန်လွှတ်ပေးတော်မူပါ"

"ဟိတ်"

"ဟင်"

ရှား အနီးကပ်ခေါ်လိုက်သံကြောင့် မျက်လုံးကို ဖွင့်ကြည့်လိုက်စဉ် သူမကို ခါးထောက်၍ ရှုတည်တည်ကြည့်နေသောလူတစ်ယောက်။ ရှားမျက်နှာလေး ပြုံးသွားသည်။ လိုတရစေဆိုသလိုမျိုး ကိုယ် အကူအညီ လိုအပ်နေချိန်မှာ ဆုတောင်းလိုက်တာနှင့် လူတစ်





ယောက် ဘွားခနဲပေါ်လာသည်ဆိုတော့ …

ရှား ခေါင်းကို အဓိပ္ပာယ်မဲ့ လက်ဖဝါးနှင့် ပွတ်လိုက်ရင်း…

"အဟဲ … အကူအညီလိုလို့ နတ်သိကြားတွေ တ,လိုက်တာနဲ့ သိကြားမင်း ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာတင်းပြီး ထင်တယ်၊ တကယ်လွှတ်ပေးလိုက်တာပဲနော်"

"လမ်းပေါ်မှာ လာပြီး မျက်လုံးမှိတ်လက်အုပ်ချီနေတာ ပါးစပ်ကလည်း ပွစိပွစိနဲ့ မင်း စိတ်တော့ကောင်းပါတယ်နော်"

"ဘာရှင့်"

ပြေပြေပြစ်ပြစ်မဟုတ်တဲ့ မေးလာတာကြောင့် ရှားမျက်နှာလေး ချက်ချင်းတည်ကာ ဒေါကန်သွား၏။ ဒါပေမဲ့ ကိုယ်က အကူအညီလိုနေသူမို့ ဘုကန့်လန့်ပြန်မပြောခင်ဘဲ …

"ဘာလဲ ဖြစ်ပျက်ရှုနေတာလား။ မဖြစ်နိုင်ပါဘူး ဒီရုပ် ဒီရည်နဲ့ ဖြစ်ချင်းဖြစ် မဟုတ်တာလုပ်လာလို့ ရင်မ,ပြီး ဘုရားတနေတာပဲ ဖြစ်မယ် … ဟုတ်လား"

"ဒီမှာ"

သူက မေးဆတ်၍ ထူးလေလျှင် …

"သူများ အခက်အခဲဖြစ်နေတာကို ရှင် မကူညီနိုင်ရင် နေပါ၊ အနှောင့်အယှက်တော့မပေးပါနဲ့"

www.burmeseclassic.com



"ဟ . . . မင်းစကားက အိုဗာဖြစ်နေပြီနော်၊ ငါ မင်းကို နှုတ်ရောကိုယ်ပါ နှစ်ခုစလုံးနဲ့ ဘာမှမနှောင့်ယှက်ဘူး။ အကူအညီလို ရင် ပေးမလို့မေးတာ"

"ကူညီမယ်ဆိုရင်လည်း မြန်မြန်ကူညီပါ"

"ဘာကူညီရမှာလဲ"

"ရှင် . . . ကားကြည့်ပေးနိုင်မလား"

သူက ပခုံးတွန့်လိုက်ပြီး . . .

"ဘာဆန်းတာမှတ်လို့ ကြည့်ပေးမယ်လေ"

ရှားမျက်နှာလေး ပြုံးယောင်သမ်းသွား၏။ စကားပြောအထာ မကျပေမယ့် တတ်သိပညာမနေသောဖြင့် ကူညီဖော်ရတာကိုပဲ ကျေး ဇူးတင်ရဦးမည်။ သူ ဘာများပြောမလဲလို့ ရှား ရပ်ကြည့်နေမိ၏။ လိုအပ်ရင် ရှား ကူညီသင့်ကူညီရမယ်လေ။ သူ ဘာညွှန်ကြားမလဲ ဘယ်နေရာဘာဖြစ်သွားသလဲ သိချင်လို့ နားစွင့်နေပေမယ့် သူ့ထံမှ ဘာသံမှ ထွက်မလာပေ။

ကားကို သုံးပတ်, ပတ်ကြည့်နေသဖြင့် ရှား စိတ်မရှည်သလို ဖြစ်သွားသည်။ ကားစက်ဖုံးကို ဖွင့်ကြည့်တာမျိုးမဟုတ်ဘဲ ကားကို အနုစိတ်လိုက်ကြည့်နေတာမို့ . . .

"ဒီမှာ"





"ဟင်"

"ရှင် . . . အဲဒါဘာလုပ်နေတာလဲ"

"မင်းပဲ ကားကြည့်ပေးပါဆိုလို့ ကြည့်နေတာလေ၊ မဆိုးပါ ဘူး လှသားပဲ"

"ဘာ"

ရှား ဒေါသထွက်သွား၏။ သူ့ကို အလှကြည့်ခိုင်းတယ်များ ထင်နေသလားမသိဘူး။ မဆိုးပါဘူး လှပါတယ်တဲ့။ သူ ဘယ်လိုလူ မျိုးလဲ။ ရုပ်ကလေး ချောပုံချောပန်းနဲ့ အထက်တန်းကျမလိုလိုနှင့် အောက်တန်းစား လေယူလေသိမ်းနှင့် ရှားကို ရိသလို ပြောလိုက်တာ က မုန်းစရာ။

"ဒီမှာ"

"ပြော'

"ရှင့်ကို ကားပျက်နေလို့ ကြည့်ပြီး ပြင်ပေးပါလို့ ပြောတာ ရှင့်၊ မိန်းမလှလေးကို မျက်စိအစာကျွေးသလို ကြည့်ခိုင်းတယ်များ မှတ်နေလား"

"မသိဘူးလေ၊ ငါက အဲဒါမျိုး ဝါသနာပါတော့ လိုရာတွေး ပြီး မင်းကိုပါ ကြည့်ပေးဖို့ အစီအစဉ်ရှိနေတာ၊ မြန်မာစကား ရှုပ်တယ် ကွာ၊ သတိထားပြော"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ရှားလက်ထဲမှာ တုတ်တစ်ချောင်းသာရှိရင် ဖြစ်ချင်ရာဖြစ် ခေါင်းကို ရိုက်ခွဲပစ်လိုက်ချင်သည်။ ဒါ ... ရှားကို တမင်ကပ်ရိုနေတာ။ ဒီနေ့မှ ဖုန်းကလည်း မေ့ကျန်ခဲ့၏။ အကူအညီတောင်းကာမှ နှောင့်ယှက်မယ့်သူနဲ့ လာတိုးနေသေးတယ်။

"မသိရင် မသိဘူး၊ မပြင်တတ်ရင် မပြင်တတ်ဘူး ပြောပါလား၊ ဝေ့လည်ကြောင်ပတ်နဲ့ လူကို လာရိနေတာ ဘာသဘောလဲ၊ မိန်းကလေးတစ်ယောက်တည်းဆိုပြီး ရှုတ်ရှုတ်ရှုတ်ရှုတ်လုပ်မယ်တော့ မကြံနဲ့၊ လက်ဝါးကြိုက်သလား၊ ရဲစခန်းကြိုက်သလားပဲပြော"

"ကြောက်စရာကြီးပါလား"

"မကူညီနိုင်ရင် ကိုးတော့ အပိုမပြောနဲ့ ငါ့လက်ဝါးက ပါး မရွေးဘူး၊ မနာချင်ရင် ကိုယ့်လမ်းကိုယ်သွား"

ကင်းမျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။ မလွယ်ပါလားလို့ တွေးပြီး ရှာပါးအဆင်လေးမို့ ရောဖို့ ကြိုးစားမိတာပဲ ကိုယ်က အပြစ်ရှိသလို ခံစားမိသွား၏။ ကိုယ်ဖွဲ့လိုက်တဲ့ ပင့်ကူအိမ်ထဲကို အလွယ်တကူ တိုးဝင်လာတဲ့ မိန်းကလေးတွေထဲမှာ ဒီကောင်မလေး ပါနိုင်ပို့ မလား။ ဘယ်ယောက်ပဲ မာနကြီးကြီး ...

ကင်းက အနည်းဖျော်ပစ်တတ်သူမို့ ကိုယ့်ကိုယ်ကိုယ် အထင်





ကြီးစိတ်ကတော့ အားပျော့မသွားပေ။ ဒီလိုမိန်းမလှလေးတစ်ယောက်နဲ့ အဆင်မပြေလို့ ရန်ဖြစ်နေရလည်း မဆိုးပါဘူး။ အနည်းဆုံး ပျော်စရာလေးတော့ ဖန်တီးပြီးသားဖြစ်သွားမှာပါ။

"ဟိတ်"

ကင်းခေါ်တော့ ရှားက ဘုကြည့်ပြန်ကြည့်သည်။

"ဟိတ်"

"ဘာလဲ"

"မင်းကို ငါ ကူညီနိုင်တာတစ်ခုရှိတယ်၊ ကူညီရမလား။ လက်ဝါးကြောက်လို့ မဟုတ်ဘူးနော်၊ မင်းက လှလို့ ကူညီမှာ"

"စကားပြောတာ လူပါးမဝနဲ့နော်"

"မဝပါဘူး။ အဆီပိုမရှိတဲ့ ငါ့ခန္ဓာကိုယ်က ဖြောင့်ပြီးသား"

ရှား နှုတ်ခမ်းမဲ့ကာ နှာခေါင်းပါ ရှုံ့ပစ်လိုက်၏။ ပြီးမှ ...

"ကူညီမယ်ဆိုလည်း ဘယ်လိုကူညီမှာလဲသာ ပြောပါ"

"ခဏလေး"

ကင်း လက်ကာပြပြီး ဂျာကင်အင်္ကျီအိတ်ထဲမှ မီးခြစ်ကို နှိုက်ယူလိုက်၏။ ပြီး ရှားဆီသို့ ကမ်းပေးလေလျှင် ...

"ရော့"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မီးခြစ်လေ"

"ဒီမီးခြစ်ကို ငါက ဘာလုပ်ရမှာလဲ"

"မင်းရဲ့ကားစုတ်ကို မီးနဲ့ရှို့ချင်နေသလားလို့ပါ၊ ရော့ . . . ယူလိုက်ပါ၊ လိုအပ်ရင် သုံးပေါ့၊ အမှတ်တရ သိမ်းထားမယ်ဆိုလည်း စိတ်မဆိုးပါဘူး"

ကင်း စပ်ဖြဲဖြဲပုံနှင့် သူမလက်ထဲသို့ မီးခြစ်ကို ထည့်ပေးခဲ့ပြီး ကားပေါ်သို့ တက်ကာ မောင်းထွက်သွားလေလျှင် . . .

"တောက် . . . ကဲ"

ရှား သူပေးခဲ့သည့် မီးခြစ်ကို အဝေးရောက်အောင် လွှင့်ပစ်လိုက်၏။ ကူညီတော့မလိုလိုနဲ့ နောက်ဆုံး ကိုယ့်ကို ဖဲ့သွားတော့ ဒေါသနှင့်ဈွေ့ဈွေ့ခုန်ချင်မိ၏။ ဒါပေမဲ့ . . . သူက သွားပြီလေ ဘာလုပ်ရတော့မှာလဲ။ ရုပ်နဲ့မလိုက်အောင် အကျင့်ပုပ်တဲ့သူဟု နောင်လမ်းမှာ တွေ့လျှင်ပင် ရှောင်ကွင်းသွားဖို့ စာရင်းထဲ ထည့်ပစ်လိုက်၏။

ရှားကားကို စိတ်ပျက်စွာကြည့်ရင်းပဲ ဘာလုပ်သင့်သလဲဆိုတာကို စဉ်းစားနေမိ၏။ အကူအညီကိုလည်း မမျှော်ကိုးချင်တော့ပါဘူး။ နောက်လာမယ့် မောင်ပုလဲ ဒိုင်းဝက်ထက်ကဲနေရင် ဒုက္ခ။ ဘယ်လိုလုပ်ရမလဲ . . . ဘယ်လိုလုပ်ရမလဲ။ ကားကိုမှီ၍ ရှား စဉ်းစားနေတုန်းမှာပဲ ရှားရဲ့ကားလေးအနားသို့ ကားတစ်စီးထိုးရပ်လာသည်။ ကား





ပေါ်မှ ဆင်းလာသူနှစ်ယောက်က . . .

"ကားပျက်နေတယ်ဆိုတာ ဒီက ညီမထင်တယ်"

"ရှင်"

ရှား အံ့ဩသလိုလေးဖြစ်သွားပြီးမှ . . .

"ဟုတ်တယ်"

ရှေ့က မောင်ပုလဲလိုဖြစ်မှာစိုးလို့ နောက်လာတဲ့ ဒိုင်းဝက်တို့ကို ကြိုတင်၍ မျက်နှာကြောတင်းထားလိုက်သည်။ ယောက်ျားတွေဆို သေးသေးကြီးကြီး မယုံနဲ့လို့ မေမေ မှာထားတာကိုလည်း သတိရမိသွား၏။ အကူအညီလိုလို့ စောစောကပဲ အားကိုးလိုက်မိပါတယ် လူကို ဘယ်လိုအစားမျိုး မှတ်နေသလဲမသိဘူး။

"အစ်ကိုတို့က (. . .) ဝပ်ရှော့ကပါ၊ ဒီအနားမှာ မိန်းကလေးတစ်ယောက် ကားပျက်နေလို့ သွားပြင်ပေးလိုက်ပါဆိုလို့ အစ်ကိုတို့ လာခဲ့တာ"

"ဩော် . . . အင်း ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဘယ်သူပြောလိုက်တာလဲဟင်"

"ကားနံပါတ် (. . .) ဆပ်ဖ်ကားအနက်ရောင်နဲ့ အသားဖြူဖြူ အရပ်မြင့်မြင့် မျက်ခုံးမွေးကောင်းကောင်းနဲ့ ချောချာမိမိတစ်ယောက်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း ... ခုမှ မော်ဒယ်ဘွိုင်းကြော်ငြာခိုင်းနေတာကျလို့။ ရှားမျက်ဝန်းထဲမှာ မီးခြစ်ပေးသွားတဲ့တစ်ယောက်ကို ကွက်ခနဲမြင်ယောင်မိ၏။

"ညီမလိပ်စာပေးခဲ့လေ ... ပြင်ပြီးရင် အစ်ကိုတို့အိမ်တိုင်ရာရောက်လာပို့ပါ့မယ်"

"ကောင်းပြီလေ ... ရှင်တို့လည်း (...) ဝပ်ရှော့က ဟုတ်၊ မဟုတ် ကျွန်မ မသိဘူး။ အဲဒီတော့ ရှင်တို့လည်း ခိုင်လုံတဲ့ သက်သေအထောက်အထား တစ်ခုခုပေးလိုက်"

"အစ်ကိုတို့ကားကို လဲစီးသွားလိုက်လေ၊ ဒီက ညီမရဲ့ကားထက် မညံ့ပါဘူး"

"အိုကေ ... ရော့ ... ဒါ ကျွန်မ လိပ်စာကတ်"

ရှား သူမ၏လိပ်စာကတ်ကလေးကိုပေးပြီး တစ်ဖက်ကားပေါ်သို့ တင်လိုက်၏။ ဒီလိုတော့လည်း ကိုမီးခြစ်က ကျေးဇူးတင်ဖို့ကောင်းသားလား။

○ ○ ○



## အခန်း (၄)

"အဟင့် ... ဟင့်"

"ဟဲ့"

ဆိုင်ကို စရောက်လာကတည်းက ဘာမပြောညာမပြောနှင့် ထိုင်ငိုနေသော မိုးမိုးရှိန်ကြောင့် ဝိုင်းပြည့်ပြည့်ကျော်က အော်လိုက်ရင်း ထသွားလေသည်။ ရှားလည်း ချိတ်တော့မည့်ဆဲဆဲဝတ်စုံကို ချခဲ့ပြီး မိုးမိုးရှိန်အနားသို့ လျှောက်လာခဲ့၏။

သူတို့သုံးယောက်က ဝါသနာတူသူငယ်ချင်းတွေပါ။ မိုးမိုးရှိန်က ရှားတို့လောက် ဝါသနာမပါဘဲ ရှားတို့ဆွဲဆောင်မှုကောင်းလို့ ဒီဇိုင်နာအလုပ်ကို လုပ်ခဲ့တာမို့ ရှားတို့လောက်တော့ မတော်ပေ။ မိဘတွေကလည်း စိတ်တူကိုယ်တူခွင့်ပြုကြသည်မို့ သုံးယောက်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး အထည်ချုပ်စက်ရုံတည်ထောင်၍ သူတို့ကိုယ်တိုင်ပဲ အထည်ဆိုင်ဖွင့်၍ ရောင်းကြသေးသည်။

အလုပ်ထဲမှာ လူကြီးဆန်စွာ နေတတ်သော်လည်း တကယ်တမ်းကျတော့ ကလေးဆန်ပြီး ကလေးစိတ်မကုန်ကြသေးသူတွေ။ ခုလည်းကြည့် မိုးမိုးရှိန်ငိုနေပုံက ကလေးလို အထိန်းအသိမ်းမရှိ လွှတ်လွှတ်လပ်လပ်နှင့် တအီအီငိုနေတာလေ။

"ဘယ်အဖြစ် နွယ်ရစ်လာလို့ ဒီလောက်တောင် ငိုနေရတာလဲ၊ ဖိုးရွှေလ,ဆီမှာ ထမင်းဆီဆမ်းရွှေလင်ဗန်းနဲ့ပေးပါလို့ တောင်းတာမရလို့လား"

"နင်ပြောတာ မဖြစ်နိုင်ဘူး ဝိုင်းပြည့်ရဲ့၊ သင်း ဒီလောက်ငိုနေပုံထောက်တော့ သူ့အိမ်က ယောက်ျားပေးစားဖို့ ပြောလို့ထင်တယ်၊ ဟုတ်လား ရှိန်"

"နင်တို့ပြောတာထက် ပိုဆိုးတာဟ"

"ဟင် . . . ဘာဆိုးတာလဲ၊ နင် ဘာဖြစ်လာတာလဲ ပြောစမ်းရှိန်"

"ငါ ကွဲလာတာဟ . . . ကွဲလာတာ"

"ဟယ်"

"ဟဲ့"





ပြောရင်း ရှိန် ကလေးလို ခြေကျင်း[illegible]၍ ငိုလေတော့ ရှားနှင့်ဝိုင်းပြည့် မျက်လုံးလေးတွေ ဝိုင်း၊ ပါးစပ်ကလေးတွေ ပွင့်ဟလျက် တစ်ယောက်နှင့်တစ်ယောက် မျက်စပစ် မေးငေါ့၍ မေးခွန်းတွေ ထုတ်နေကြသည်။

ရှိန်ကတော့ ငိုလို့ အရှိန်ကောင်းနေဆဲ။ နှစ်ယောက်စလုံး အဖြူအမည်း ဘာမှသဲသဲကွဲကွဲ မသိကြလေတော့ ဝိုင်းပြည့်ကပဲ။

"နင့်ဟာက အဆုံးမရှိ အစမရှိနဲ့ ဘာကွဲလာတာလဲ ရှိန်ရဲ့၊ ဟို . . . သွားရင်းလာရင်း ဘောင်းဘီ ဖင်ခွကွဲသွားလို့လား"

"ငါ့အဖြစ်က အဲဒါထက်ဆိုးတယ်ဟဲ့ . . . အီး"

"ဒါ . . . ဒါဆို ဘာကွဲတာလဲ၊ တို့ကို ရှင်းအောင် ပြောလေဟယ်"

"ငါကွဲလာတာ အသည်းဟဲ့ . . . အသည်း။ ဟက်တက်ကြီးကိုပဲ အလျားရော၊ အနံရော ကွဲလာတာ"

"ဟောတော့"

"ဘုရားရေ"

နှစ်ယောက်သား ရင်ဘတ်ကိုယ်စီ ဖိကြလေတော့၏။ မဖိနေနိုင်ရိုးလား။ သူတို့သုံးယောက်ထဲမှာ မိုးမိုးရှိန်က ရှားနဲ့ဝိုင်းပြည့်လို ထက်ထက်မြက်မြက်မရှိသလို အနေအေးပြီး အားနာတတ်သူ၊ သနား



www.burmeseclassic.com

www.burmeseclassic.com



လွယ်တတ်သူ။ သူငယ်ချင်းတွေကိုတောင် အသိမပေးဘဲ ဘယ်အချိန် ရည်းစားထားလိုက်ပါလိမ့်။

"နေစမ်းပါဦး မရွှေရှိန်ရဲ့၊ ရှင်က ကျွန်မတို့မသိအောင် ဘယ်အချိန် ရည်းစားထားလိုက်လို့ အသည်းက ကွဲလာရတာလဲ ပြောပါဦး"

မိုးမိုးရှိန် မျက်နှာလေးငယ်ငယ်နှင့် . . .

"ငါ မှားပါတယ်ဟယ်၊ ငါ မှားပါတယ်၊ သူက ငါသွားတဲ့ လမ်းမှာ အမြဲစောင့်နေတတ်ပြီး ငါ့ကို ချစ်ခွင့်တောင်းတာ၊ သူက အရမ်းချောတော့ ငါလည်း ချစ်မိသွားတယ်လေ၊ နင်တို့သိရင် တား မှာစိုးလို့ ငါ မပြောဘဲထားတာ၊ ခုတော့ . . . အဟင့်"

"ကောင်းတယ်၊ အဲဒီအသည်း ကွဲရုံတင်မကဘူး။ စိစိညက် ညက်ကြေသွားဖို့ကို ကောင်းတာ"

"အေးလေ . . . သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးတွေကို မပြောဘဲ မြိုထားတာ၊ ခုမှ ပေါက်ကွဲသံစဉ်တွေ လာရွတ်ပြမနေနဲ့၊ မျက်ရည်ချောင်းစီးတောင် မသနားဘူး"

"နင်တို့က မခံစားဖူးတိုင်း ကိုယ်ချင်းမစာ မပြောပါနဲ့"

"အမယ်"

"လာလာချေသေး"

မျက်စောင်းထိုးကုန်ကြတာကိုပဲ ရှိန် ဂရုမစိုက်နိုင်။ ကိုယ့်





ဘာသာ အေးအေးနေတာ အကောင်းသား။ အချစ်ကို ခလုတ်တိုက် မိကာမှ ကူပါကယ်ပါ အော်ရမလို ဖြစ်နေပါပြီ။ ထိုင်နေတာ အကောင်း သား ထသွားမှ ကျိုးမှန်းသိချိုးသလို ခုတော့ ရှိန်အသည်းတွေ ကျိုး ဖွဲ့ကုန်ပါပြီလေ။ ချစ်ပါတယ်ဆိုတုန်းကလည်း သူ။ ငြီးငွေ့လာပြီ ပြော ပြီး အဆက်ဖြတ်တာလည်း သူပါပဲ။

အချစ်ဦးမို့ ရှိန့်ဘက်က အရူးအမူးဖြစ်ခဲ့သလောက် သူ့ဘက် ကတော့ ရေခဲတုံး အဖေခေါ်ခံရလောက်အောင် နောက်တော့ အေး တိအေးစက်ကြီးပါ။ ရှိန်အချစ်ကို မှုကြိုစတက်လိုက်သလို ဖြစ်နေပြီ လား။ ကိုယ်က တကယ်ချစ်ခဲ့တော့ တကယ်ခံစားနေရတာ။ ဘာဝေ ဒနာရှင်နှင့်မှ မတူ။ ဒါကို နှစ်သိမ့်အားမပေးဘဲ အပြစ်တင်နေကြတဲ့ သူငယ်ချင်းတွေကို မခံစားဖူးလို့ ကိုယ်ချင်းမစာဘူးပြောတာ ရှိန် လွန်သလား။

"နင်နဲ့သူ ချစ်သူဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်လ"

"ဘာ"

ရှားရဲ့ဘာသံက မိုးကြိုးပစ်ချလိုက်သည့်နှယ်။

"နင့်ဟာက မမြန်လွန်းဘူးလား ရှိန်ရယ်"

"ဟဲ့ . . . ငါလည်း ဒီလောက်မြန်မြန်ထားခဲ့မယ်မှန်း မသိလို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ချစ်မိတာပါ၊ သူ့အကြောင်း သိရပြီဆိုတော့ ငါက ဘယ်နှစ်ယောက်မြောက် ရည်းစားမှန်းတောင် မသိတော့တဲ့အဖြစ်''

''ကောင်းတာပေါ့''

''ဘာကောင်းတာလဲ''

''ဘာကောင်းရမှာလဲ၊ အဲဒီလူက နှင့်ကို အချစ်သင်ခန်းစာတွေ သင်ပေးလိုက်တဲ့ အချစ်မှုကြိုးဆရာလေ၊ ပညာရတာပေါ့ဟာ၊ လွမ်းမနေနဲ့ ငေကန်းသေရင် ငခွေပေါ်လာတယ်တဲ့''

''သူက ငကန်းမဟုတ်လို့ ရင်ဘတ်ကြီး ဟက်တက်ကွဲနေတာပေါ့ ဝိုင်းပြည့်ရဲ့၊ သူက အရမ်းချောတာ''

''အေး . . . အဲဒီချောတာကို မက်လို့ နှင် ခုကွဲပြီလေ၊ လှတာမက်ရင် ညစာခက်တတ်တယ်ဆိုတာ နှင် မကြားဖူးဘူးလား။ ရုပ်ဆိုတာ သွေးသောက်လို့ ရတာမဟုတ်ဘဲနဲ့ ရုပ်ချောတာကို မက်တော့ အခု နှင် ဖြူဖြူကျော်သိန်းဖြစ်နေပြီလေ''

''ရှိန် အသည်းကွဲတာနဲ့ ဖြူဖြူကျော်သိန်း ဘာဆိုင်လို့လဲ ရှားရဲ့''

''အတွင်းကြေဖြစ်သွားတာလေ၊ အဲဒါကိုပြောတာ''

ရှားအသံလေးက ဒေါသတို့ စွက်ဖက်လို့သာ။ ဒေါသမဖြစ်ဘဲနေမလား။ ကိုယ့်သူငယ်ချင်း လှလှပပ နုနုညံ့ညံ့လေးကို တစ်လ





ဘာတွဲပြီး လွယ်လွယ်အဆက်ဖြတ်ပစ်သည်ဆိုသော ငနဲကို အနားမှာသာရှိလျှင် သွားသုံးဆယ့်နှစ်ကွတ်တာကို ချေးစားစရာ တစ်ချောင်းတော့နှ်အောင် ဘယ်ပြန်ညာပြန် ပါးရိုက်ပစ်လိုက်ချင်၏။

''လူကြီးသူမတွေ ပြောတဲ့စကား သိပ်မှန်တာပဲ''

''ဘာလဲ ဝိုင်းပြည့်''

ဝိုင်းပြည့်ကလည်း မကျေနပ်သံလေးနှင့်မို့ ရှားလှည့်မေးလိုက်သည်။

''ပွင့်လင်းသွက်လက်သူတွေထက် ကုတ်ကုတ်သမားတွေ တမြင်းရင် ကြောက်စရာကောင်းတယ်တဲ့''

''ဟင် . . . နှင်က ငါ့ကို ကုတ်ကမြင်းလို့ ပြောလိုက်တာပေါ့လေ . . . ဟုတ်လား ဝိုင်းပြည့်''

''မဟုတ်လို့လား။ လူကြည့်တော့ မပြုံမနွှးနဲ့၊ ဒါမျိုးကျသူမသိသူမသိ''

''ဝိုင်းပြည့်နော် နှင်ပြောပုံက ငါ ဘာဖြစ်သွားပြီလဲ''

သူငယ်ချင်းတွေ နှိပ်ကွပ်တာကျတော့ ရှိန်မခံနိုင်။ ဝိုင်းပြည့်အလည်း အရူပါလို့မဟုတ်ဘဲ ကြုံတုန်း နှိပ်ကွပ်လိုက်တာမျိုးပါ။ နှိပ်ကွပ်ဆို သူငယ်ချင်းသုံးယောက်ထဲမှာရှိန်က အရင်သစ္စာဖောက်သူကိုး။

''သူက ပြောသေးတယ်၊ သူက အသည်းခွဲမေဂျာမှာ အောင်



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ရထားတာတဲ့၊ ငါ့ဘက်က အရိုးခံဆိုတော့ ထိတာမှ ပက်ပက်စက်စက်ကြီးပဲ''

''အဲဒါ အညှာလွယ်တဲ့ နင့်ကိုပဲ ခြေနှစ်ချောင်းကိုင်ပြီး ရေထဲမှာ ဦးဖောက်စောက် မသေမချင်း နှစ်သတ်ဖို့ကောင်းတာ''

''တော်တော်မေ့တ္တာထားနေပြီ၊ အဲဒါ တို့မသိဘဲ ထားချင်ဦး ရည်းစား''

တစ်ယောက်တစ်ပေါက်နှင့် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ပြီ။ ရှိန် ကိုယ်ကပဲ မှားတာမို့ ငြိမ်သက်သွားမေ။

''ဒါနဲ့ သူ့နာမည်က ဘယ်သူလဲ''

''ဘာလုပ်မလို့လဲ''

''လမ်းမှာတွေ့ရင် ပါးဆွဲရိုက်ပစ်မလို့''

ဝိုင်းပြည့် ပြုံးရမလို၊ မဲ့ရမလိုဖြစ်သွားလေ၏။ အခုနေများ အဲဒီလူ အနားမှာရှိလျှင် ရှားပုံစံက တကယ်လုပ်မည့်ပုံ။ ပြောသာနေရတာ့ယ်။ မျက်ရည်တွေ မခြောက်နိုင်ဖြစ်နေတဲ့ ရှိန်ကို အမြင်လည်း ကတ်၊ သနားလည်း သနားမိသည်။ ရှိန်ပြောတာ ...ဘာတဲ့ ''အသည်းခွဲမေရှာမှာ အောင်လက်မှတ်ရထားသည်'' လို့ ဆိုပုံထောက်တော့ တွေ့တုန်း ထိုးတဲ့ ကြမ်းပိုးလိုကောင်ပဲ ဖြစ်မှာပေါ့။

''ဟဲ့ ... မေးနေတာ ပြောလေ''





''ဘာလဲ''

''အဲဒီလူ့နာမည်က ဘယ်သူလဲလို့''

''ကင်း''

''ဘာ ... ကင်း ဟုတ်လား''

ထပ်မေးတော့ ရှိန် ခေါင်းညိတ်ပြလေလျှင် ...

''ကင်းဆိုမှတော့ ထိုးပြီပေါ့''

''ဟဲ့ ... ဘာထိုးတာလဲ၊ နင့်စကားကြီးက''

ရှားက သူပြောတဲ့အဓိပ္ပာယ်ကို မသိရမလားလို့ မျက်စောင်းထိုးကာ ...

''ပိန်းလိုက်တာဟာ၊ ကင်းဆိုမှတော့ အဆိပ်အားကိုးနဲ့ အမြီးမြှောက်အောင် တွယ်ထည့်လိုက်ပြီပေါ့၊ ဒီကင်းအတွက် ဖြေဆေး မရှိဘူး။ အဆိပ်ကို အဆိပ်ကျေးပြီး ကုမှရမယ်''

''ဘယ်လို''

''အခု ရှိန်ခံစားနေရတဲ့ ဝေဒနာပျောက်အောင်လုပ်ဖို့ တစ်နည်းပဲ ရှိတယ်''

''ဘာလဲဟာ၊ နည်းရှိရင် ငါ့ကို မြန်မြန်ကူညီကြပါဟယ်၊ ငါ မခံစားနိုင်လွန်းလို့ပါ''

''နည်းက ရှိတာပေါ့၊ အဲဒါ ဘာနည်းလဲသိလား။ နင့်ပါးစင်



www.burmeseclassic.com

www.burmeseclassic.com



ထဲကို ပိုးသတ်ဆေးလောင်းထည့်ဖို့ပဲ၊ အဲဒါမှ နှင်းနှလုံးသားတွေ ငြိမ်သက်သွားမှာ''

''အမယ်လေးတော်၊ ငါ့ကို နင်တို့ကပါ ဖြေသိမ့်မပေးတဲ့ အပြင် သေကြောင်းကြံနေကြတယ်၊ ငါကိုက ကံဆိုးတာပါ၊ ဒီကောင်မ မိုက်တာပါတော် ... အီး ... ဟီး''

''ဟဲ့''

ငိုသံက ကျယ်လာပြန်သဖြင့် ရှားနှင့်ဝိုင်းပြည့် လှုပ်လှုပ်ရှား ရှား ဖြစ်သွားကြသည်။ ချော့ရမလို ကြမ်းရမလိုနှင့် ဘာဆက်ပြောရ မှန်းမသိဖြစ်နေစဉ် ဆိုင်ထဲသို့ Customer တွေ ဝင်လာလေသဖြင့်..

''Customer တွေလာပြီ ဆိုင်မဂ်လာမရှိအောင် ငိုမနေနဲ့ တော့''

''အေးပါယ် ... ဆိုင်လာဘ်ပိတ်တော့မှာပဲ''

ပြောပြီး Customer တွေဆီသို့ ထွက်သွားကြသော သူငယ် ချင်းနှစ်ယောက်ကို ရှိန် အပြစ်မပြောချင်တော့ပါဘူးလေ။ သူတို့က အချစ်ဆိုတာကို မထိတွေ့ဖူးတော့ ဘယ်ကိုယ်ချင်းစာတတ်မှာလဲ။ ရှိန်ကတော့ အခုပဲ ခဲမှန်သွားပြီ။ နောက်ဆို လက်ရှယ်တာမြင်တာနဲ့ လွတ်အောင် ပြေးဖို့ပဲ ဆုံးဖြတ်လိုက်ပေတော့၏။

အချစ်ဆိုတာ ချိုခြင်း၊ ခါးခြင်း အရသာတို့ကို ပေးစွမ်းနိုင်





သလို အဆိပ်လည်းဖြစ်၊ ဆေးနဲ့လည်း တူနေသည်။ အစကတော့ အချစ်နဲ့ ရှိန် မူးယစ်ပျော်ဝင်နေခဲ့မိသမျှ ခုကျတော့ လောင်မြိုက်ခံနေ ရပြီ။

အိပ်မောကျနေတဲ့ တို့နှလုံးသားကို ဘာကြောင့်များ အိပ်မက် လှလှ မက်စေပြီးမှ လှုပ်နှိုးရတာလဲ ကင်းရယ်။

''ရှိန်က တကယ့်အရိုင်းပန်းလေးပဲ၊ ပန်မခဆောင်တတ်တာ လေးကိုပဲ ကိုယ် သဘောကျမိတာထင်တယ်''

လို့ ပြောခဲ့တုန်းက ရှိန်ရင်ထဲမှာ အလှပဆုံး ပန်းတွေ ဖူးပွင့် ဝေဆာခဲ့သည်။ မမျှော်လင့်ဘဲ ချစ်တာကို ချစ်သလို သူ့အပေါ် အလျော့ပေးဆက်ဆံတတ်ခဲ့သော ရှိန်နှလုံးသား ကျရှုံးချိန်မှာတော့ သူဟာ ရှိန်အကြင်နာတွေကို ဥပေက္ခာပြုနိုင်ခဲ့သည်။

''အဲဒီအချစ်ဆိုတာကြီးကို ဒီလူ့ကိုမှ ဟိုလူ့ကိုမှဆိုပြီး သစ် ပင်မားခုတ်မှတ်သလို တသမတ်တည်း သတ်မှတ်ချစ်ရမယ်လို့ ဥပဒေ မရှိဘူးရှိန်၊ လူတစ်ယောက်မှာ နှလုံးသားတစ်ခုတည်းပေမယ့် အဲဒီ တစ်ခုတည်းသော နှလုံးသားက အချစ်ပေါင်းများစွာ ဝေငှပေးကမ်း နိုင်စွမ်းရှိတယ် အဲဒါ မင်းသိလား''

''ကင်း ... ဘာကိုပြောတာလဲဟင်''

''ကိုယ်ပြောတာ ရှင်းပါတယ်၊ အချစ်ဆိုတာ မစစ်ရင် ငြီးငွေ့



www.burmeseclassic.com

www.burmeseclassic.com



လာတတ်တာပဲ၊ အခု ကိုယ်ငြီးငွေ့နေပြီ"

"ဟင်"

"မင်းရဲ့အရင်ထားခဲ့တဲ့ ရည်းစားတွေတုန်းက ကိုယ် ငြီးငွေ့လာရင် လုံးဝကို လှည့်မကြည့်တော့တာ၊ အခု မင်းက အဖြူထည်လေး။ ပြီးတော့ အေးချမ်းတဲ့ မင်းဘဝလေးထဲကို ကိုယ့်ရဲ့အနုမကောင်းတဲ့ လက်ချပ်ပွင့်တွေ သယ်လာမိတဲ့အတွက် မင်းကို ပစ်ပစ်ခါခါကျောခိုင်းမပစ်ချင်လို့ နောက်များမှာ ကိုယ်တို့ဖြူစင်စွာ ခင်မင်ကြဖို့ ကိုယ်ပြောချင်တယ်ရှိန်"

လမ်းခွဲဖို့ဆိုလာတဲ့စကားတွေက သာသာလေးနှင့်ရှိန့်နှလုံးသားမှာ နက်ဝင်စေခဲ့သည်။ ရှိန်က အရွက်ကြီးတတ်တဲ့ မိန်းကလေး ပီပီ မိန်းကလေးဖြစ်တဲ့ကိုယ်က သူ့ကို လမ်းမခွဲဖို့ ခယတောင်းပန်ဖို့ကလည်း မဖြစ်နိုင်။ မိန်းမတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ မာနတော့ ရှိန်မှာရှိသည်မို့ စူးနစ်နေသည့်အချစ်ဆိပ်ကို မာနနှင့် ဖြေသိမ့်ခဲ့၏။

ခွင့်လွှတ်ခြင်းနဲ့ အနိုင်ယူဖို့ သူ့ရှေ့မှာ အပြုံးမပျက်နေနိုင်အောင် ကြိုးစားခဲ့ပေမယ့် ရှိန်က ကျောက်ခဲလို နှလုံးသားပိုင်ရှင်မှ မဟုတ်တာ။

သူငယ်ချင်းတွေရှေ့မှာတော့ မာနတွေပြိုကျပြီး မျက်ရည်နဲ့ ဒဏ်ရာကို ဆေးကြောပစ်တာ ရှိန်ဟာ အရွက်မရှိလို့ မဟုတ်ပါ။ မို့





သိပ်ကြိုက်မိုက်နေသူတွေက ကြာလေ နာလေ၊ နာလေ မမေ့နိုင်လေဖြစ်တတ်ကြတာမို့ ရှိန်ကတော့ သူ့ကို မြန်မြန်မေ့အောင် ခံစားမှုမှန်သမျှ မျက်ရည်နဲ့သန့်စင်ဆေးကြောလိုက်တာပါ။ ငိုပြီးလို့ ရင်ထဲမှာ ပေါ့သွားသလိုလည်း ရှိပြီမို့ မကြာခင်မှာ ရှိန် ပညာတစ်ခုရပြီး အကောင်းပကတိပြန်ဖြစ်လာတော့မှာပါလေ။

"ဟဲ့ ရှိန်"

"ဟင်"

"ငိုင်မနေနဲ့ လာကူဦး"

"အေး ... အေး ... လာပြီ"

ရှိန် ခပ်သွက်သွက်ကလေး ထ,သွားတဲ့နောက်မှာ ဝေဒနာအချို့ ကွာကျကျန်ရစ်ခဲ့တော့၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မိန်းမယူချင်တာပဲ ယူလိုက်ပေါ့ ဖေဖေရာ၊ လူငယ်တွေလို ဟိုမိဘ ဒီမိဘ ဖွင့်ပြောပြီး တောင်းခိုင်းနေရတာလည်း မဟုတ်ဘဲနဲ့၊ ဒီအိမ်မှာ ဖေဖေက ရှင်ဘုရင်၊ ဘယ်နှစ်ပတ်လှည့်လှည့် ရှေ့ဂျမ်း နောက်ဂျမ်းနဲ့ လှည့်လို့ရနေတာကို ဘာလို့ သားကိုပဲ ခဏခဏ ခေါ်ခိုင်းပြီး ပြောနေရတာလဲ"

"ဟော့ကောင်"

သားကို ခဏသွားခေါ်ပေးစမ်းပါလို့ ကြွက်စုတ်ကိုခိုင်းလိုက်တာ မောင်မင်းကြီးသားက လူမမြင်ရသေးဘူး အသံအရင်လွှတ်၍ ပြောလာတာ ဆိုဖာပေါ်မှာထိုင်ချပြီးမှပဲ စကားက ပြတ်သွား၏။ ဦးတိုးတက် နောက်အိမ်ထောင်ပြုဖို့ စကားစထားတာမှန်သည်။





ကိုယ်မွေးထားတာ သမီးမိန်းကလေးဆိုရင် ဘာမှပူစရာမလိုပေမယ့် သားမွေးထားမိတော့ ဆေးပေးမီးယူဆိုတာရှိမှ ဖြစ်မည်ဆိုပြီး ဒီလို ဆုံးဖြတ်လိုက်တာပါ။ ပြီးတော့ သူ ခု လက်ထပ်မယ့် လှိုင်းထိပ်ထား က ဦးတိုးတက်ရဲ့ငယ်ချစ်ဦးလေ။ အကြောင်းမလှလို့ မပေါင်းခဲ့ကြ ရတဲ့ ငယ်ချစ်တွေ ပြန်ဆုံကြတော့ ကိုယ်က မုဆိုးဖို သူက မုဆိုးမ။

လွတ်လပ်ကြသူချင်းမို့ ပြန်ဆုံတော့ ရင်ခုန်သံတွေ အသစ် စက်စက် ပြန်ဖြစ်လာတာ ဘာဆန်းလဲ။ သားပြောသလို ငါ ရှင်ဘုရင် ဘယ်နှစ်ပတ်လှည့်လှည့် လုပ်လို့ရပေမယ့် ဦးတိုးတက် မလုပ်ချင်ပေ။ ဒီအဖေ ဒီသားပဲ တွယ်တာစရာရှိတာ။ သားရဲ့သဘောတူကြည်ဖြူမှုကို ရရင် ပိုမကောင်းဘူးလား။

"ငါ မင်းပြောသလို လုပ်လို့ရတာ မှန်တယ်၊ ဒါပေမဲ့ ... လွန်ပြီးမှ ခင်ဗျား ထော်လော်ကန့်လန့်နဲ့ ဂျစ်တိုက်ရင် စိတ်ဆင်းရဲ ရာတွေ ဖြစ်ကုန်မှာစိုးလို့ ခင်ဗျားနဲ့တိုင်ပင်ဖို့ ခေါ်ခိုင်းလိုက်ရတာ"

"ဟာ ... ဖေဖေကလည်း ဖေဖေက သားကို ခင်ဗျား။ ကျွန်တော်တွေနဲ့ ရွဲ့ပြောနေတာ၊ ခုနေ လူစိမ်းသာကြားရင် သားက အဖေ၊ အဖေက သားလိုဖြစ်နေပြီဗျ။ ဖေဖေ မဟုတ်သေးပါဘူး"

"ဘာကွ ... ဟော့ကောင်"

ဦးတိုးတက် မျက်နှာကြီးနီသွားသလို ကင်းမျက်နှာက စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပျက်လက်ပျက်ပုံစံနှင့် ရှုံ့တွနေသည်။

“ဘာပဲဖြစ်ဖြစ် ဖေဖေ ယူဖို့ ဆုံးဖြတ်ပြီးပြီမဟုတ်လား။ သားက သဘောမတူဘူးပြောရင် ပြဿနာဖြစ်ဦးမယ်၊ ပြီးတော့ . . . သားက ခြေထောက်ပွေပေါက်နေတဲ့လူ၊ ဖေဖေ့အနားမှာ မကျန်းမာရင်တောင် ပြုစုနေနိုင်မှာမဟုတ်ဘူး။ အဲဒီတော့ မထူးပါဘူး ဆေးပေးမီး ယူရအောင် ယူသာယူလိုက်”

“အေး . . . ယူမှာမပူနဲ့ . . . ဟာ မင်း”

လွှတ်ခနဲ မထိန်းမသိမ်းပြောလိုက်မိတာကိုပဲ ကင်းက သဘောကျကာ ရယ်လေသည်။ ကင်းက ကိုယ်တိုင်ရည်းစားတွေ အများကြီးထားခဲ့ပြီး ဖေဖေ့အချစ်ဇရေးကျမှ လက်ကာခေါင်းခါရင် မတရားကျမှာပေါ့။

“ငါပြောချင်တာက လိုင်းနဲ့ငါ လက်ထပ်ပြီးရင် မင်းကိုယ့်အမေလို သဘောမထားနိုင်ရင်တောင် ပြေပြေလည်လည်ဆက်ဆံပေးဖို့”

ကင်း ဒူးပေါ်သို့ လက်ဝါးတင်လိုက်ရင်း မျက်ခုံးနှစ်ဖက်ကလည်း မြင့်တက်၍ သက်ပြင်းလေးချလိုက်သည်။ သူ No or Yes ဘယ်လိုဖြေရမလဲ။ ဒါမျိုးက အစားထိုးပစ္စည်းမို့ သူကောင်းမှ ကိုယ်မဆိုးနိုင်မှာလေ။ ခေါင်းညိတ်ပြီးမှ သူ့ဘက်က တင်းစီးလာရင် . . .





ကင်းဆိုတဲ့ကောင်က အဆိပ်ထည့်ပြီး အမြဲတမ်း ရန်သူကို အံ့ပြန်ဖို့ Ready ဖြစ်နေသူ။ ညိတ်မိတဲ့ ခေါင်းရဲ့ကတိအတွက် ထောက်ထားငဲ့ညှာခြင်းတွေနဲ့ သည်းခံပေးလိုက်ရင် အစမကောင်းရင် အနှောင်းက ဘယ်လိုသေချာမှာလဲ။ ဖေဖေ့အချစ်ဦးဆိုလို့ စာနာနားလည်ပေးလိုက်တာ ကိုယ်ချစ်ဖူးလို့မှ မဟုတ်ဘဲ။

ကိုယ်က အချစ်ကို ဘော်လီဘောပုတ်နိုင်ပေမယ့် ကိုယ်မဟုတ်တဲ့ အခြားသောသူတွေက အချစ်ကို ပန္နက်ရိုက်စိုက်ထူထားတတ်သူတွေရှိလို့ နားလည်ပေးတာက လူမှုရေးအရပဲလေ။

“ဘယ်လိုလဲ သား . . . အဲဒါ တစ်ခုတော့ ဖေဖေ့ကို မင်းကတိပေးပါ”

“ဆောရီးပဲ ဖေဖေ၊ အဲဒီကတိကို သား မပေးနိုင်ပါဘူး”

“ဘာကွ”

ဟုတ်မလိုလိုနဲ့ အဖျားရှူးသွားပြန်တော့ . . .

“ဘာဖြစ်လို့လဲ သား၊ သားနဲ့အဆင်ပြေမှ ဖေဖေ စိတ်ချမ်းသာမှာလေ”

“ဖေဖေယူမယ့် မိန်းမရဲ့စိတ်ကို ရွှေလိုမှ မှတ်ကျောက်တင်ပြီး စမ်းသပ်လို့မရဘူး ဖေဖေ၊ စိန်ကဲ ကျောက်ကဲထက် လူကဲခတ်လို့ မရဘူးဆိုတဲ့စကား ရှိနေတာပဲ၊ သားဘက်က သင်ကောင်းလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မဆိုးပါဆိုရင် ဖြစ်တယ်မဟုတ်လား''

''လှိုင်းက နူးညံ့သိမ်မွေ့ပြီး သဘောထားပြည့်တဲ့ မိန်းမပါ''

''ဒါဆို ဖေဖေ ဘာတွေးပူစရာလိုလို့လဲ၊ လောကကြီးမှာ နေတတ်ရင် ကျေနပ်စရာချည်းပါပဲ၊ သူ့ဘက်က နေတတ်ရင် ကျေနပ်စရာတွေပဲ ဖြစ်လာမှာပေါ့''

''ဟုတ်တော့, ဟုတ်ပါတယ်၊ ဒါပေမဲ့ ...''

ဦးတိုးတက် တွေခနဲဖြစ်သွားတော့ ကင်း မျက်မှောင်ကြုတ်သွားသည်။ အစဉ်အလာအရတော့ ဒါပေမဲ့ နောက်မှာ အဖုအထစ်တစ်ခုကတော့ ရှိစမြဲပါ။ အဲဒါက ဘာလဲ။

''ဒါပေမဲ့ ဘာဖြစ်လဲ ဖေဖေ''

ဦးတိုးတက် အဖြေခက်သလိုနှင့် လေးတွဲစွာ ...

''လှိုင်းမှာ သားနဲ့ရွယ်တူ သမီးတစ်ယောက် ရှိနေလို့ပဲ သား။ သူနဲ့ သားနဲ့''

''အဲဒါလည်း ကြားမှာ မှန်ထောင်ကြည့်ကြတာပေါ့ ဖေဖေ။ သူတော်ရင် ကိုယ်ကောင်း၊ သူဆိုးရင် ကိုယ်က ပိုတိုးရုံပဲ ရှိတာပေါ့။ သားမှာ မဟုတ်မခံစိတ်ရှိတာတော့ ဖေဖေ သိပါတယ်၊ သားခေါင်းကို လာပုတ်ရင်တော့ တံတောင်နဲ့ ပြန်တုတ်မှာပဲ''

''ဟင်း''





ဦးတိုးတက် သက်မကြီး ချမိ၏။ ဟိုကလည်း မဟုတ်မခံ သေးတဲ့။ ဖြစ်ပါ့မလားလို့ တွေးမိတိုင်း တစ်ဖက်မှာလည်း လှိုင်းကို နောက်တစ်ကြိမ် မစွန့်လွှတ်နိုင်သည့်အချစ်များနှင့်။

ဘာပဲဖြစ်ဖြစ် ...

ကိုယ့်သားသမီးကိုယ် ထိန်းကာ မတ်ကာနှင့်ပဲ အဆင်ပြေအောင် ကြိုးစားကြရမည်။ လှိုင်းရဲ့သမီးကလည်း သူတို့လက်ထပ်ဖို့ကိစ္စကို မကန့်ကွက်လို့ စိတ်ချမ်းသာမှုလေးရှိ၏။ အသွင်တူမှ အိမ်သူဖြစ်တယ်ဆိုတဲ့စကားရှိသလို ချိုတ်,ချိုတ်ချင်း ချိုတ်သလိုလည်း ဖြစ်တတ်ကြတာမို့ မီးစင်ပဲ ကြည့်ကရတော့မှာပဲ။

''ဖေဖေ''

''ဟော''

''ဖေဖေတို့ ဘယ်တော့ လက်ထပ်ကြမှာလဲ''

''လာမယ့် ဆန်းဒေး''

''ကြားနှစ်ရက်ပဲ လိုတော့တာပဲ၊ ဒါနဲ့များ ဖေဖေရာ ရေးဦးခွင်ကျယ်လုပ်ပြီး သားကို ဘာလို့ တိုင်ပင်နေသေးလဲ''

''သူနဲ့ကိုယ်နဲ့ လက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်မထိုးရသေးသရွေ့ အချိန်မီ ပြင်ဆင်ခွင့်ရှိတယ် သား၊ နောက်မှ နောင်တရတာမျိုး ဖေဖေ မဖြစ်ချင်ဘူး သားရယ်၊ သားသမီးဆိုတာ အစား



www.burmeseclassic.com

www.burmeseclassic.com



ထိုးလို့ မရနိုင်ဘူးလေ''

ကင်း ဖေဖေ့ကို သနားသွားရလေ၏။ ဘာမဆို ကင်းဖြစ်ချင်သမျှ လိုက်လျောပေးခဲ့သူမို့ ထိုလိုက်လျောမှုတွေထဲမှာ နှလုံးသားတော့ မပါစေချင်ပါ။ သားက ဖေဖေ့ဘဝပါလို့ သတ်မှတ်ထားသူ အပေါ် ကင်းနိုင်လိုမင်းရ လုပ်ရက်ပါ့မလား။

''သား သဘောမတူဘူးဆိုရင် ဖေဖေက ဒီအစီအစဉ်ကို ဖျက်မယ်ဆိုတဲ့သဘောလား ဖေဖေ''

''ဒါ့အပြင် ဖေဖေ ဘာများတတ်နိုင်ဦးမှာလဲ''

ကင်း ပခုံးတွန့်လိုက်ကာ . . .

''သားကြောင့်ဆိုပြီး သားမျက်နှာကိုတော့ အိုးမည်းမသုတ်လိုက်ပါနဲ့ ဖေဖေရယ်၊ သားသမီးတို့ဝတ္တရားရှိတဲ့အတိုင်း သားဘက်က ကြည်ကြည်ဖြူဖြူ ခွင့်ပြုပေးတာ တော်ပြီပေါ့၊ ကြိုတွေးရင် ဖေဖေ ရင်မောပါတယ်၊ ရတုန်းယူသာထားလိုက်''

ကင်းက အခန့်သားလေသံကြီးနှင့် ပြောပြီး ထသွားလေလျှင် . . .

''သား''

ကင်းနောက်ကို ပြန်လှည့်ကြည့်တော့ ဦးတိုးတက် ပြုံးကာ

''Thank you''





ကင်း ဘာမှမပြောဘဲ ပြန်လှည့်သွား၏။ ဦးတိုးတက် တစ်ကိုယ်တည်း ရယ်လိုက်မိသည်။ သူလည်း သားကို မာယာသုံးပြီး ခွဲဆောင်လိုက်ရသည်ကိုး။ ဒီလိုလုပ်ပြမှ ဒီကောင် အချိုးပြေပြေနဲ့ ထက်ခံမှာလေ၊ ငါ အဖေပဲဆိုပြီး အာဏာပြကာ ကိုယ်လုပ်ချင်တာ သွယ်လိုကတော့ ဒီကောင်က ငချစ်ကလေး။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သျှောင်နောက်ဆံထုံးပါရမယ်ဆိုတာ မှန်တယ်လေ၊ အခု လက်ထပ်မှာက မေမေပဲဥစ္စာ သမီးမှမဟုတ်တာ၊ မေမေ့သျှောင်ကြီး နောက်ကို မေမေပဲ လိုက်သွားပေါ့ . . . သမီးက ဘာကိစ္စနဲ့ လိုက် ရမှာလဲ"

"ပြိုင်စံရှား"

နာမည်အပြည့်အစုံကို ခေါ်လိုက်ပြီဆိုကတည်းက ခေါင်းမွတ် ပြီး ချော့သိပ်မှာမဟုတ်မှန်း အသိသာကြီးပါ။ အိမ်ထောင်မရှိတဲ့ မုဆိုးမ တစ်ယောက်က လမ်းဘေးက မြက်ပင်နှင့်တူတယ်။ သူက ထိခလုတ် ပါးခလုတ်၊ ငါက ခလုတ်တိုက်နဲ့ အားကိုးအားထား ယောကျ်ားတစ် ယောက် ရှိသင့်တယ်တဲ့။





ယောကျ်ားတွေ နောက်အိမ်ထောင်ပြုချင်ရင် မီးဖိုချောင် ထက်ညွှန်းထိုးပြီး အကြောင်းပြကြသလို မိန်းမတွေ နောက်အိမ်ထောင် ပြုချင်ရင် အိမ်ခေါင်မိုးကို လက်ညှိုးထိုးပြီး အကြောင်းပြချက်ရှာသတဲ့ သေး၊ အခု ခေါင်ကို လက်ညှိုးထိုးမရလို့ လုံခြုံမှုမရှိတာကို အကြောင်း ပြတာ ရှား နားလည်လက်ခံပေးခဲ့သည်။ ကြက်မတွန်လို့ မိုးလင်းရိုး ထုံးစံမရှိပေမယ့် အခုခေတ်က ယောကျ်ားမိန်းမ ခွဲလို့မရအောင် ပခုံး ချင်းယှဉ် ရင်ပေါင်တန်းနေတဲ့ခေတ်။

ယဉ်ချစ်တွေနဲ့လိုဆိုတာ သိပြီး နားလည်မှုများစွာနှင့် ခေတ် တွေ စနစ်တွေအကြောင်းမပြောဘဲ ကိုယ်သိတာ၊ ကိုယ်ဝမ်းထဲပဲ ထားပေးတဲ့ ရှားကို မေမေက သူနဲ့အတူ သူ့များအရိပ်ကို ခိုဖို့ ရှားကို ခေါ်နေတာ ရှား လက်မခံနိုင်။ ရှားက သူများအရိပ်မှာခိုပြီး သူများ ရေလောင်းပေါင်းသင်လုပ်ပေးမှ အညွန့်တလူလူတက် အဖူးတဝေဝေ နဲ့ ပွင့်ရမယ့် အနုအရွပန်းလေး မဟုတ်ပေ။ ရှားဆိုတဲ့ ပြိုင်စံရှားက နေမထိုး မိုးမခလည်း အလေ့ကျရာကနေ ကိုယ်ထူကိုယ်ထနှင့် ကိုယ့် အားကိုယ်ကိုးပြီး ပွင့်ချင်တဲ့ တောပန်းလို အရိုင်းဆန်ချင်သူပါ။

"သမီးနဲ့မဆိုင်ဘူးဆိုတဲ့စကားကို သမီးပြောလို့မရဘူးနော်၊ သျှောင်နောက်ဆံထုံးပါရင် ဆံထုံးမှာလိမ်းထားတဲ့ ဆီလည်း ပါရမှာပဲ လေ၊ မေမေက ဆံထုံးဖြစ်နေပြီဆိုရင် သမီးက ဆီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်လိုက်တာ မေမေရာ"

"ဘာလို့မဆိုင်ရမှာလဲ၊ ဆိုင်ကို ဆိုင်တယ်"

"မဖြစ်မနေ ဆိုင်တယ်ဆိုရင်လည်း ဆံထုံးက ဆီခြောက်သွားပြီလို့ပဲ မေမေ သဘောထားလိုက်တော့"

"ဘာ"

ဒေါ်လှိုင်းထိပ်ထား ထရပ်မလို အားပြုလိုက်ပြီးမှ မရပ်ဖြစ်ဘဲ လက်က ဆိုဖာပေါ်မှာ ထောက်လျက်ရှိနေသည်။

"အစက သဘောတူပါတယ်ဆိုပြီး နောက်ဆုတ်လို့မရတော့တဲ့ အခြေအနေကျမှ မေမေ့ကို ကန်နကောဆလုပ်ပြီး စိတ်ဆင်းရဲစေချင်တာလား သမီး"

"သမီးက ဘာများ ကန်နကောဆလုပ်လို့လဲ မေမေရဲ့၊ သူများအိမ်မှာ လိုက်မနေချင်တာတစ်ခုပဲ"

"လိုက်မနေလို့မရဘူး ရှား"

ပြောလိုက်သည့်စကားက အမိန့်ဆန်ဆန်မို့ ရှား မေမေ့ကို မျက်လွှာပင့်ကြည့်လိုက်သည်။ နှုတ်ခမ်းလေးက သိသိသာသာ မဟုတ်ပေမယ့် ခပ်မဲ့မဲ့ဖြစ်သွား၏။

သူများအိမ်လိုက်နေရင် သူများမျက်နှာကြည့်ပြီး ထမင်းစားရမှာ ရှားမလိုလားပေ။ ကိုယ့်အိမ်မှာက ကိုယ့်သဘောပဲလေ။ ပြီးတော့





ဟိုဘက်ကလည်း ရှားနဲ့ရွယ်တူ သားတစ်ယောက်ရှိသည်တဲ့။ သူ့အိမ်လိုက်နေရတယ်ဆိုပြီး ရှားအပေါ် ဗိုလ်ကျလို့ကတော့ ရှားက ခေါင်းငုံ့ငြိမ်ခံနေမှာ မဟုတ်ပေ။

"မေမေ ပြန်စဉ်းစားဦးနော်"

"ငါက ဘာကိုစဉ်းစားရမှာလဲ"

ရှား ခေါင်းကို ဆတ်ခနဲ မော့လိုက်ရင်း ...

"ဟိုဘက်မှာလည်း ရှားနဲ့ ရွယ်တူ သားတစ်ယောက်ရှိတယ်ဆို"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ မေမေရဲ့၊ သူတို့လောင်းရိပ်အောက်ကို ဝင်လာတယ်ဆိုပြီး ဗိုလ်ကျလို့ကတော့ ရှားက မောင်းပြန်ဖြုတ်ချမှာပဲ"

"ဘုရားရေ"

ဒေါ်လှိုင်းထိပ်ထား ရင်ဘတ်ကိုဖိ၍ ခဏငြိမ်သက်သွားလေသည်။ ပြီးမှ ...

"မေမေ့ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ သမီးရယ်၊ မေမေ တောင်းပန်ပါတယ်နော်၊ သမီးကို ဒီအိမ်မှာ ထားခဲ့ရမှာ မေမေ စိတ်မချလို့ပါကွယ်"

"သမီးက ကလေးမှမဟုတ်တော့တာ ဘာစိတ်မချစရာ ရှိ



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ''

''ရှိပါပြီကော သမီးရယ်၊ ကလေးဆိုရင် မေမေ သမီးကို ခုလို တောင်းပန်နေစရာမလိုဘဲ မလိုက်,လိုက်အောင် ရိုက်ပုတ်ခေါ် သွားလိုက်ရုံပဲ''

''ဟင်''

ရှား အလန့်တကြားပုံစံနှင့် ကြည့်လေတော့ ဒေါ်လှိုင်းထိပ်ထား သူမစကားမှားသွားခြင်းအတွက် မျက်နှာညှိုသွားသည်။ သမီးစိတ်ထဲမှာ သူမကို တစ်မျိုးအမြင်စောင်းသွားမှာစိုး၏။ မိဘဆိုပြီး အာဏာပြတယ်၊ သူလုပ်ချင်တာ လုပ်တယ်ဆိုတာမျိုး အထင်မခံနိုင်ပေ။

တကယ်တော့ ဒီအမေ၊ ဒီသမီးပဲရှိတာ ဘယ်ဘဝရောက်ရောက် ရင်အုပ်မကွာနှင့် အတူနေချင်တာပါ။ ပြီးတော့ ပတ်ဝန်းကျင်က ဘာပြောကြမလဲ။

''ဟို . . . မေမေပြောတာကို တစ်မျိုးတော့ မထင်လိုက်ပါနဲ့ သမီးရယ်၊ မေမေ့ဘက်ကိုလည်း သမီး ပြန်ကြည့်ပါဦး။ သမီး သဘောအတိုင်း သမီးကိုထားခဲ့ရင် ပတ်ဝန်းကျင်က မေမေ့ကို ဘာပြောကြမလဲ၊ သမီးမိန်းကလေးဆိုတာ အုပ်ထိန်းသူ ကင်းလွတ်နေရင် လူမလေး ခွေးမခန့်ဖြစ်မှာ သမီးရဲ့၊ ပြီးတော့ မေမေ သမီးနဲ့ မခွဲနိုင်





ဘူးလေ''

မခွဲနိုင်ရင် ဘာလို့ ယောက်ျားယူသေးလဲလို့ မေးချင်ပေမယ့် ညှိုသွားတဲ့ မေမေ့မျက်နှာကို ကြည့်ပြီး မမေးရက်ပေ။ ရှား မလိမ္မာတတ်ပေမယ့် မိုက်ရိုင်းမိအောင် ကြိုးစားရမည်။ အခု မေမေ လက်ထပ်မည့်သူက မေမေ့ချစ်သူလေ။ ချစ်တဲ့သူချင်း ပေါင်းကြပါစေဆိုပြီး နားလည်ပေးလိုက်တာ ကိုယ်တိုင်ချစ်ဖူးလို့ မဟုတ်ပေမယ့် . . .

အချစ်အတွက် မျက်ရည်ကျသူတွေ၊ အချစ်အတွက် အသက်ကို ပေးဆပ်ကြသူတွေ မြင်ဖူးကြားဖူးတာတွေရှိတော့ ခံစားဖူးတာ မဟုတ်ဘဲ နားလည်ပေးလိုက်တာပါ။

''သမီး''

ရှား မထူးဘဲ ငြိမ်နေလိုက်၏။

''မေမေ့စကားကို နားထောင်ပါ သမီးရယ်နော်''

''မေမေပြောနေတဲ့လေသံက မေမေ ယောက်ျားယူဖို့ မဟုတ်ဘဲ သမီးကိုပဲ အိမ်ထောင်ချပေးဖို့ နားချနေတဲ့အတိုင်း။ သမီး မလိုက်ချင်ဘူး မေမေရာ ဒီမှာပဲ နေမယ်''

''သမီး''

ဒီတစ်ခါတော့ ဒေါ်လှိုင်းထိပ်ထား တကယ်ပဲ မတ်တတ်ရပ်ဖြစ်သွား၏။ ဒီလောက်မာတဲ့ခေါင်းကို ပျော့လာအောင် ဘယ်လိုနူး



www.burmeseclassic.com

www.burmeseclassic.com



ရမှန်းပင် မသိတော့ပေ။

"သမီး ရှင်းရှင်းပဲ ပြောစမ်းပါ၊ မေမေတို့ကိစ္စကို သမီး စိတ်ပြောင်းပြီး သဘောမတူလို့ ဂျစ်တိုက်နေတာလား။ အဲဒါ မေမေ သိချင်တယ်"

"အဲဒါတော့ လုံးဝမဟုတ်ဘူး မေမေ"

"မဟုတ်ရင် မအေက,ပြောတာ လက်ခံမှပေါ့။ ဒီလိုမှ မဟုတ်ရင် မေမေ ကိုတိုးနဲ့ လက်ထပ်ဖို့ကိစ္စ ဖျက်ပစ်လိုက်တော့မယ်"

"ဟာ ... မနက်ဖြန်ပဲ လက်ထပ်ကြတော့မှာကို မေမေ ဒီလိုလုပ်လို့ဖြစ်မလား"

ဒေါ်လှိုင်းထိပ်ထား နှုတ်ခမ်းကို တင်းတင်းစေ့၍ မျက်နှာလွှဲလိုက်သည်။ သူမက တကယ်ပြောရင် တကယ်လုပ်မည့်သူ။ သူမဘဝမှာ သမီးက ပထမနေရာမှာ အရေးကြီးဆုံးသူ။

"မနက်ဖြန်မကလို့ ခုပဲဖြစ်ဖြစ် မေမေ ဂရုမစိုက်ဘူး။ မေမေ့ဘဝမှာ သမီးက အရေးအပါဆုံးလူပဲ၊ ဒီအမေ ဒီသမီးပဲရှိတာ၊ ဒီသမီးကမှ မေမေ့အနားမှာမရှိရင် သခါရသဆိုတဲ့ မိသားစုဘဝကို မေမေ ဘယ်လိုပိုင်ဆိုင်ရတော့မှာလဲ၊ နေပါစေတော့ ကိုတိုးကို ဖုန်းဆက်ပြီး ဖျက်လိုက်တော့မယ်"

"မေမေ"





လှည့်ထွက်သွားတော့မည့် မေမေ့လက်ကို ရှား လှမ်းဆွဲထားလိုက်သည်။ မွေးကျေးဇူးကို မဆပ်နိုင်ရင်နေ မကာန်းမိဖို့က မေမေ စိတ်ချမ်းသာစေရမည်ဟု ဆုံးဖြတ်လျက် ...။

"သမီးလိုက်မှ မေမေ စိတ်ချမ်းသာမယ်ဆိုရင် သမီး လိုက်ရတော့မှာပေါ့"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဦးတိုးတက်နှင့်ဒေါ်လှိုင်းထိပ်ထားတို့ လက်ထပ်ပြီး ရှားလည်း ဆံထုံးမှာ လိမ်းတဲ့ဆီအဖြစ် ကပ်ပါလာခဲ့ရတော့၏။ လိုက်မလာချင် ပေမယ့် ငြင်းလို့မှ မရတာပဲလေ။

"လာ . . . သမီး"

ကားပေါ်က ဆင်းတာနှင့် ဦးတိုးတက်က ရှေ့မှဦးဆောင်၍ အိမ်ထဲသို့ ဝင်၏။ ရှားရင်ထဲမှာ မကျေနပ်တာတစ်ခု ရှိနေသည်။ အဲဒါ ဘာလဲဆိုရင် လူကြီးတွေလက်ထပ်တဲ့နေရာမှာ ရှားကတော့ လိုက်လာခဲ့ပေးရပြီး ဦးတိုးတက်ရဲ့သားက ပါမလာခဲ့ပေ။

ဒါ ဘာသဘောလဲ။

ရှားတို့သားအမိအပေါ်မှာ ကြောချင်တဲ့သဘောလား။





ဆင်သလို ဟုတ်နေရင်တော့ ရှားဘက်က ပြင်ဆင်မှုတွေ အဆင်သင့် နှင့်ပါ။ အဲဒါ ဘာလဲဆိုရင် ကြောချင်တဲ့သူကို ခလုတ်တိုက်အောင် ခြေထိုးခံဖို့ပေါ့။

"ကြွက်စုတ်ရေ . . . ကြွက်စုတ်"

"ဗျာ . . . လာပြီ ဆရာ"

အသံပျောက်သွားပြီး ခဏကြာတော့ ပိန်ပိန်ပါးပါးနှင့်လူ တစ်ယောက် ရောက်လာသည်။ ဆံပင်ကို ဂျယ်လိမ်းပြီး ထောင်ထား တာနှင့် မျက်နှာရှည်ရှည်ပေါင်းလိုက်တော့ တကယ့်ကြွက်ကလေး ရေနှစ်ထားတဲ့အတိုင်းပါပဲ။

"သမီး . . . ဘာသောက်မလဲ"

"တကယ်တွေပါတယ်"

"ဗျာ"

"ဟင် . . . သမီး ဘာပြောတာလဲ"

လွှတ်ခနဲ ထွက်သွားသော ပါးစပ်ကို ရှား အလျှင်အမြန်ပိတ် လိုက်ရ၏။ ရှားပြောလိုက်တာကို နားမလည်သလိုနှင့် ကြွက်စုတ်က ရှုံ့မဲ့မဲ့ဖြစ်သွားပြီး ဦးတိုးတက်နှင့်ဒေါ်လှိုင်းထိပ်ထားက ကြောင်တောင် တောင် ကြည့်လေလျှင် . . .

"သြော် . . . ဟို ဒီလိုပါ အန်ကယ်၊ သူက တကယ်ကြွက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တူလို့ပါ''

''အို . . . သမီး''

''မဟုတ်လို့လား မေမေရဲ့၊ သမီးသူငယ်ချင်း ဖိုးကြွက်လေ . . . မေမေ သိတယ်မဟုတ်လား။ သူနဲ့ နာမည်ဆင်ရုံတင် မဟုတ်ဘူး ရုပ်ချင်းပါ ဆင်နေလို့ သမီး လွှတ်ခနဲ ပြောမိတာပါ၊ စိတ်မရှိနဲ့နော်''

ကြွက်စုတ်မျက်နှာ အိလည်လည်ဖြစ်သွားလေ၏။ ကိုယ်နဲ့ နာမည်ရော ရုပ်ပါ ဆင်တဲ့လူရှိတာ ဟုတ်နိုင်ပါ့မလား။

''ဩော် . . . အေး . . . အေး . . . ဟုတ်တယ်၊ ဟုတ်တယ်၊ ဖိုးကြွက်နဲ့ ဆင်တယ်နော်''

ခေါ်လှိုင်းထိပ်ထား သမီးအကြောင်းကို သိနေတာမို့ ဖော်လိုလိုက်ပြီး ချော်လဲရောထိုင်လုပ်လိုက်ရ၏။ ဒီကလေးက ပြောချင်တာ နှိုးပျှင် သိပ်မျိုးသိပ်တတ်သူ မဟုတ်ပေ။ လွှတ်ခနဲ ပြောချလိုက်တာ အတွက် တစ်ဖက်ကို အားတော့အနာသာ။

အကင်းပါးသော ဦးတိုးတက် ရှားကိုကြည့်ပြီး ပြုံးလိုက်သည်။ ကြွက်စုတ်ကိုလည်း ခေါင်းက ဆံပင်ကို ကြည့်ခြင်းအားဖြင့် ရှားပြောတာ မလွန်ဘူးဟု ပြန်ကြည့်မိလိုက်၏။ ရှားက ကြွက်စုတ် မတ်တတ်ရပ်နေတာကို ခြေဆုံးခေါင်းဆုံး နှစ်ခေါက်ပြန်ကြည့်ပြီး မျက်ခုံးနှစ်ဖက်ကို တွန့်ကွေးစုကျုတ်လျက် . . .





''နာမည်က မောင်ကြွက်၊ ကိုကြွက်၊ ဖိုးကြွက်လို့ခေါ်ရင် ရဲ့သားနဲ့ ဘာလို့ ကြွက်စုတ်လို့ ခေါ်ရတာလဲ''

''ဗျာ . . . အဲဒါ . . . ဟို''

''သမီး''

ကြွက်စုတ် အဖြေရခက်စွာ ခေါင်းကုတ်လေတော့ ခေါ်လှိုင်း ထိပ်ထား ပါးစပ်စည်းမစောင့်တဲ့ သမီးရဲ့လက်ကို ခပ်ဖိဖိဆုပ်ကာ ဆတ်စောင်းဝင့်လေ၏။

''ဟုတ်တယ်လေ မေမေရဲ့၊ လူတစ်ယောက်လုံးကို ကြွက်နဲ့ သည်း နှိုင်းခေါ်သေးတယ်၊ နောက်က တစ်ခါထပ်စုတ်တော့ ကြွက်က ရှုပ် စုတ်ကစုတ်''

''တော်စမ်း ရှား''

ဒီတစ်ခါတော့ မသိမသာနှင့် မရတော့ပြီမို့ ရှားကို သိသိသာ သာပဲ ဟန့်တားလိုက်သည်။ သူများကို အားမနာတမ်း ပြောနေတာ သိသိနဲ့ ကိုယ်ပါ ငြိမ်ပြီး နားထောင်နေရင် ကိုယ်က အကြားမတော် ဘာတောင် သားသမီးကို မဆုံးမတဲ့မိဘဖြစ်သွားမှာပေါ့။ ဘေးလူတွေ ဘာ ရှားအကြောင်းမသိလို့ ခွင့်လွှတ်လိုက်သည်ထားဦး ကိုယ်က အကြောင်းသိမို့ မတားလို့မရပေ။

ဖတဆိုးလေးမို့ အလိုလိုက်ထားခဲ့တော့ ဆိုးချင်နွဲ့ချင်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာထက် ပိုကဲကာ ရဲတင်းပွင့်လင်းတာတွေ အခုအချိန်ကျမှ ဘယ်လိုရိုက်နှက်ပြီး ဆုံးမရမလဲ။

"ညည်းပါးစပ်ကို ပိတ်ပြီး ငြိမ်ငြိမ်လေးနေဖို့ ငါ တောင်းပန်ပါတယ်အေ"

"ဟာ . . . မေမေကလည်း ရှားက ငြိမ်ငြိမ်မနေဘဲ ခုန်ပေါက်နေလို့လား"

"လူက ခုန်ပေါက်မနေပေမယ့် သမီးပါးစပ်က လွှန်နဲ့ဖောက်တာထက် တစ်ဖက်လူ အခံရခက်အောင် ပြောနေတာလေ"

"အခံရခက်ရအောင် သမီးစကားလုံးထဲမှာ ပိသလေးလည်း မပါဘူး။ ငါးဆယ်လေးလည်း မပါဘူး။ သူ့နာမည်ကြီးကို ဘဝင်မကျလို့ ပြောတာလေ၊ တကယ်ဆို . . . ကြွက်"

"တော်တော့ ရှား။ ပြောလေကဲလေ ဆိုလေတိုးလေ မလုပ်နဲ့နော်"

"ကဲပါ လှိုင်းရယ်၊ သမီးက ပွင့်လင်းတတ်တာပါကွာ၊ တကယ်ဆို ပွင့်လင်းတဲ့ အမူအကျင့်က ချစ်စရာကောင်းတာပါကွာ"

"ကိုဝိုး . . . ကိုဝိုး သူ့အကြောင်းကို ဘယ်လောက်သိလို့လဲ"

"တော်ပြီ . . . တော်ပြီ၊ အဲဒါတွေထားတော့၊ ကြွက်စုတ်





အဲ . . . မောင်ကြွက် မင်း အအေးလေး ဘာလေး သွားလုပ်ကွာ"

"ဟုတ် . . . ဟုတ်ကဲ့ ဆရာ"

ကြွက်စုတ် ခေါင်းကုတ်၍ ရှားကို တစ်ချက်ကြည့်ပြီး ထွက်သွားခဲ့သည်။ တော်တော်မလွယ်တဲ့ ကောင်မလေးပါလား။ သူ့နာမည်ကိုယ်တိုင်ပင် ရှုပ်ထွေးလှသည်။ ပြောရတော့ ဖြစ်နေသည်။ တကယ်ဆို သူ့နာမည်အရင်းက စိုးမင်းဇော်ပါ။

ငယ်ငယ်ကတည်းက ဒီခြံထဲမှာနေ ဒီအိမ်မှာပဲ ကြီးပြင်းလာခဲ့ရ၏ ကိုကင်းနှင့် ကစားဖော် ကစားဖက်တွေ။ မျက်နှာကျုပုံ စုတ်ချွန်းချွန်းနဲ့မို့ ကိုကင်းက "မင်းကလေ ကြွက်ကလေး ရေနစ်ထားတာနဲ့ တူတယ် သိလား။ မင်းကို ကြွက်စုတ်လို့ ခေါ်ရမယ်" ဆိုပြီး ကြွက်စုတ်လို့ ခေါ်ခဲ့တာ ငယ်ငယ်ကတည်းကပါ။ တစ်ယောက်က စ,တော့ တစ်ရာ၊ ကိုကင်းက စ,ခေါ်တော့ နောက်မှာ အားလုံးက ကြွက်စုတ်ဖြစ်ကုန်ကာ နာမည်ရင်းက ပျောက်သွားခဲ့၏။

ဒါကို . . .

မခေါ်ပါနဲ့လို့ ဘယ်လိုပြောရမလဲ။ မုန်းလို့ ချိုးချိုးနှိမ်နှိမ်ခေါ်တာမဟုတ်ဘဲ ချစ်လို့ ခင်လို့ စနောက်ပြီး ခေါ်ကြတာ ကိုယ့်မိဘတွေပါပဲမို့ ကြွက်စုတ်မကလို့ ကြွက်ပြုတ်၊ ကြွက်စုတ်ပွဲပဲ ခေါ်ခေါ်သူ ကျေနပ်ရမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



"ကြွက်စုတ်"

"ရှာ"

"ရောက်လာကြပြီလား"

"ဟုတ်ကဲ့ အမေ"

"အေး . . . ဒါ ကားသံကြားကတည်းက ထွက်ကြည့်ချင်နေ တာ၊ ကိုကင်းက မပေါ်မချင်း ထွက်မလာနဲ့ဆိုလို့ ဆရာခေါ်မှ သွား တဲ့၊ ဒီကလေးကလည်း ဘာတွေထွင်တယ်မသိပါဘူး။ အစကောင်း အောင် ထွက်မကြိုနဲ့ကဲ့၊ ဒါနဲ့ ဆရာကတော်က ချောလား၊ သဘော ကောင်းမယ့်ပုံလား ပြောပါဦးဟဲ့"

"ဆရာကတော်က ချောမှချော၊ သူ့သမီးကလည်း လှမှလှ သဘောကတော့ မအေက ကောင်းမယ့်ပုံပါ၊ သမီးကတော့ လော လောဆယ် ကျွန်တော့်ကို နှိပ်ကွပ်လိုက်ပြီ"

"ဟင် . . . ဘယ်လို"

"ဒီလို အမေရေ"

ကြွက်စုတ် အကြောင်းစုံကို ပြောပြလေတော့ ဒေါ်ထွေး စိတ်မဆိုးသည့်အပြင် ရယ်လေသည်။

"သူပြောတာ ဟုတ်နေတာပဲ သားရယ်၊ သားကို အားလုံး ချစ်စနိုးခေါ်ကြတာပေမယ့် မသိတဲ့သူအဖို့က တစ်မျိုးကြီးဖြစ်





တာပေါ့၊ ကဲ . . . ကဲ . . . အအေးသွားချပေးလိုက်ဦး"

ကြွက်စုတ် အအေးဗန်ခွက်တွေကို ဗန်းနဲ့ သယ်လာပြီး ချပေး လိုက်စဉ် . . .

"ကြွက်စုတ်"

"ရှာ"

ကြွက်စုတ် ရှားကို တစ်ချက်ကြည့်ပြီး မျက်နှာက ရှုံ့မဲ့မဲ့ဖြစ် သွားလေ၏ ဒီနာမည် တစ်ခါခေါ်တိုင်း ခုမှ စိတ်စနိုးစနောင့်ဖြစ်နေရသည့် အဖြစ်။

"သားကို သွားခေါ်လိုက်ပါဦး"

"ဟုတ်"

"ခေါ်စရာမလိုပါဘူး လာပြီ"

"သား"

ကင်း ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ လျှောက်လာပြီး ထိုင်လိုက်စဉ် ကင်းကိုကြည့်မိတဲ့ ရှားကတော့ . . .

"ဟင် . . . မီးခြစ်"

အားလုံး၏အကြည့် ရှားဆီသို့ ရောက်လာပြီး . . .

"ဘာ မီးခြစ်လဲ သမီးရဲ့ . . . ဘယ်မှာလဲ"

တကယ့်မီးခြစ်ထင်ပြီး ဟိုကြည့်ဒီကြည့် ရှာနေကြစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟို ...သမီးပြောတာ တကယ့်မီးခြစ် မဟုတ်ဘူ
အန်ကယ်၊ သူ ...သူ့ကို"

ရှားက ကင်းကို လက်ညှိုးထိုးပြလေတော့ ...

"ဘာလဲ မင်းက ဆေးလိပ်သောက်တတ်လို့ မီးခြစ်တောင်
တာလား၊ ဒီရုပ် ဒီရှည်လေးနဲ့ ကြည့်မကောင်းဖြစ်တော့မှာပဲ"

"ဘာ ...ခုမှ အူကြောင်ကြောင်လုပ်ပြီး မသိချင်ယော
ဆောင်နေတာလဲ၊ ငါကားပျက်နေလို့ အကူအညီတောင်းတုန်းက နှ
မီးခြစ်ထုတ်ပေးခဲ့တာလေ ... မမှတ်မိဘူးလား"

ကင်း တွေခနဲဖြစ်သွားပြီးမှ သတိရကာ ...

"ဪ ...ဟုတ်ပြီ၊ မှတ်မိပြီ၊ ဆောရီးနော် ...ငါ
မှတ်မှတ်ရရတွေ ဦးနှောက်ထဲ မထည့်တတ်လို့ မေ့သွားတာ၊ နင်
မီးခြစ်ကို အမှတ်တရ သိမ်းထားတာလား"

"ဘာ"

"ဟဲ့"

ရှား ထရပ်မလိုလုပ်တော့ ဒေါ်လှိုင်းထိပ်ထားက လက်ကိုဆွဲ
ချ၍ ပြန်ထိုင်ခိုင်းသည်။ သူ့မီးခြစ်ကို အမှတ်တရ သိမ်းထားရအော
သူက ဘာကောင်မို့ပဲ့လဲ။ သူ့ဘာသာ ဘယ်လောက်ပဲချောချော
ရေညှိဖင်ထိုင် ရေညှိကိုင်ပြီးပဲ မွေးလာလာ ရုပ်ဖွဲ့စားလို့မှမရတာ





ဘယ်သူက ဂရုစိုက်မှာလဲ။

သူပြောပုံက ရှားရဲ့သိက္ခာကို ထိခလုတ် ပါးခလုတ်မို့ ရှား
ဒေါသဖြစ်သွားတာပါ။

"ဒီမှာ မီးခြစ်"

"ငါ့နာမည် ကင်း။ ပြိုင်ဘက်ကင်း"

"ဘာ"

ဒုတိယ ဘာသံသည် တိုးသွားပြီး ရှား မျက်မှောင်ကြုတ်၍
ကင်းကို ကြည့်လိုက်သည်။ ဒီနာမည်နဲ့ဒီရုပ်ဟာ ရှိန်ပြောတဲ့ ကင်းများ
ဖြစ်နေမလား။ ဟုတ်မှာပါ။ ဒီရုပ်နဲ့ဒီနာမည်မျိုးတွဲပြီး နှစ်ယောက်မှ
မရှိနိုင်တာ။ ငါ့သူငယ်ချင်းရဲ့အသည်းကို ခွဲတဲ့ကောင် တွေ့ကြရောပေါ့။
နှိန်မျက်နှာလေးကို မြင်ယောင်ပြီး ရှိန့်အသံလေးကိုပါ ကြားယောင်
လာသည်။

"ဒါနဲ့ သူ့နာမည်က ဘယ်သူလဲ"

"ဘာလုပ်မလို့လဲ"

"လမ်းမှာတွေ့ရင် ပါးဆွဲရိုက်ပစ်မလို့"

"..."

"ဟဲ့ ...ငါမေးနေတာ ဖြေလေ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဂျူနာမည် ဘယ်သူ့လဲလို့"

"ကင်း"

"ဘာ ... ကင်း ဟုတ်လား"

ရှား သူ့မျက်နှာကို စေ့စေ့ကြည့်ပြီးမှ မျက်နှာပြန်လွှဲလိုက်ပြီး နှုတ်ခမ်းကို ဒိကိုက်မိလိုက်၏။ ရှားမျက်နှာတင်းသွားတာကိုကြည့်ပြီး ဦးတိုးတက် အခြေအနေကို ဝင်ထိန်းလိုက်ရသည်။ မဟုတ်ရင် မြင့်မြင့်ချင်း ဆောက်နဲ့ထွင်းသလို ဖြစ်ကုန်မှာလေ။

"သားနဲ့သမီးက သိနှင့်နေကြတာလား၊ သမီး သူက အနက်ကယ့်သား ပြိုင်ဘက်ကင်းလေ"

"ဟွန်း"

ရှားမျက်စောင်းထိုးလေတော့ ကင်းမျက်နှာ တည်တင်းသွားလေ၏။ ဘလိုင်းကြီးပါလား။ ကင်းဆိုတဲ့ကောင်ကို ရန်စချင်တာလား။ ကင်း ဘယ်လိုကောင်လဲဆိုတာ သင်းမသိသေးလို့ထင်တယ်။ နင် သိရမယ် စိတ်ချ။

"သား ... သူက လှိုင်းရဲ့သမီးလေးလေ ပြိုင်စံရှားတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်"

ခပ်ထေ့ထေ့ပြောလိုက်ပုံက ထထုချင်စရာ။ ပြိုင်ဘက်ကင်းနဲ့ ပြိုင်စံရှား တွေ့ကြရောပေါ့။





"မတွေးရေ"

"ရှင်"

"ဒီကို ခဏလာပါဦး"

"ဟုတ်ကဲ့"

ကလေးနှစ်ယောက် မျက်နှာတွေ မကြည်လင်ကြတော့ လူကြီးတွေ အနေရခက်ကုန်ပြီ။ ဒါကြောင့် စကားဝိုင်းကို ဖျက်ဖို့ ဦးတိုးတက် ဒေါ်တွေးခင်ကို လှမ်းခေါ်လိုက်၏။

"ဘာခိုင်းမလို့လဲ ဆရာ"

"သမီးကို သူနေရမယ့်အခန်း လိုက်ပြလိုက်ပါ၊ သမီး လိုက်သွားလိုက်နော်"

"ဟုတ်"

ရှား ထရပ်ပြီးမှ ကင်းကို ပေစောင်းစောင်းကြည့်၍ အသံတိတ် စကားဆိုလိုက်မိသည်။

နင်ကလည်း ပြိုင်ဘက်ကင်း၊ ငါကလည်း ပြိုင်စံရှားပဲ ပြိုင်ဘက်ကင်း။ နင့်ကို ငါ ဘယ်တော့မှ အလျှော့ပေး အညံ့မခံဘူး။ အဲဒါ နင် နားလည်ထားစမ်းပါ။

ရှားမျက်ဝန်းက စကားတွေကို ကင်း ဘာသာပြန်ကြည့်ကာ နှုတ်ခမ်းကို တင်းတင်းစေ့၍ ...



www.burmeseclassic.com

www.burmeseclassic.com



နင် ငါ့ကို အဲဒီလိုမကြည့်နဲ့ ပြိုင်စံရှား။ ပြိုင်ကြတာချင်း အတူတူ ငါဆိုတဲ့ကောင်က နင့်ထက် ခြေဖျားဖြစ်ဖြစ် အသာရစေရမယ်ဆိုတာ နင်မှတ်ထားလိုက်။

ရှား ချာခနဲလှည့်၍ ဒေါ်တွေးခင်၏နောက်သို့ လိုက်သွားလေသည်။

"ကဲ ... သား"

"ဗျာ"

"အဓိကလူကို နောက်မှပဲ မိတ်ဆက်ပေးဖြစ်တော့တယ်၊ ဒါ ဖေဖေ့ရဲ့လှိုင်းပဲ"

ဒေါ်လှိုင်းထိပ်ထားကတော့ မြင်လိုက်ရတာနှင့် ကျက်သရေ အပေါင်းနှင့် ပြည့်စုံနေသည်မို့ အပြန်အလှန် ခေါင်းညိတ်ပြုံးပြ နှုတ်ဆက်ကြသည်။

○ ○ ○



## အခန်း (၈)

"ဟား ဟား ဟား ဟား"

ကင်းတို့ သူငယ်ချင်းအုပ်စုထံမှ ရယ်သံတွေထွက်လာသည်။ ရယ်တဲ့အထဲမှာ ကင်းတော့မပါပေ။ ကင်းက အကြောင်းစုံကို ပြောပြသူလေ။ ပြိုင်စံရှားနှင့်လမ်းမှာတွေ့ခဲ့ပုံနှင့် အချပြန်ဆုံကြတော့ ဖအေပါ နှင့် မအေပါဖြစ်နေပြီး တွေ့တာနှင့် ရွဲ့စရာ၊ ဖဲ့စရာတွေ ဖြစ်လာခဲ့တာ သူငယ်ချင်းတွေအတွက်တော့ ရယ်စရာဖြစ်နေခဲ့သည်။

"အဲဒါ မင်းတို့ ရေစက်မကုန်လို့ ပြန်ဆုံကြတာကွ ကင်းရ။ တွေ့ခဲ့တုန်းက မီးခြစ်က ကျူးပစ်မီးခြစ်ဖြစ်နေမလားမသိဘူး"

"ဒါ ရေစက်ဆိုတာထက် ရေကန်ကြီးဖြစ်နေမှာကွ၊ သေချာတယ် ကင်း။ မင်းတို့နှစ်ယောက်ကို မြှားနဲ့ပစ်တော့မယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ ... ရေစက်ရှိတာမှန်ရင်တောင် ဟို ဖင်ပြောင်လေးပစ်တဲ့မြားကို ငါက လွတ်အောင်ရှောင်မှာ နားလည်လား"

"ဘယ်က ဖင်ပြောင်လေးလဲကွ"

ရွှေကျီးက နားမလည်သလိုမေးလေလျှင် ထွန်းမင်းက ...

"ဒါတောင် မသိဘူးလား ပေါ့ရ မြားနတ်မောင်ဆိုတဲ့ဟာလေးလေ၊ သူ့မှာ ဘာဝတ်ထားတာရှိလို့လဲ"

"ရှိပါတယ်ကွ၊ ဆာစမိုင်တာလေးနဲ့လေ၊ အရှက်တော့ လုံနေတာ မဟုတ်ဘူးလား"

ထွန်းမင်းက ရွှေကျီးကို စကားဖြတ်ပြီး ကင်းဘက်သို့ ပြန်လှည့်သည်။ ကင်းပြောတာကို မယုံလို့လည်း မရပေ။ ဒီကောင်က အသည်းခွဲမောင်ဂျာက အောင်လက်မှတ်ရထားသူ။ ကျူးပစ်,ပစ်တဲ့မြား မှန်သမျှကို ရှေ့ကျွမ်းနောက်ကျွမ်း ပြန်စရာမလိုဘဲ ရှောင်နိုင်သူမို့ အပြောကြီးတာလို့ မဆိုနိုင်။

"ကင်း"

"ဘာလဲ"

"မြိုင်စံရှားက ချောလား"

"ရွှေညိုဖင်ထိုင်၊ ရှေ့ဦးကိုင်ပြီး မွေးလာပုံရတယ်"

"ဟေ"





ကောင်မချောချောလေးတွေဆို အလွတ်မပေးတဲ့ကင်း ဒီတစ်ခါ ဆေးမိပြီး နှလုံးသားတွေ ထိုင်းမှိုင်းသွားပြီလား။ ထူးတော့ ထူးဆန်းနေပြီ။

"ချောတယ်ဆိုရင် မင်း စိတ်မဝင်စားဘူးလား"

"မဝင်စားဘူး"

ကင်းအသံက တိုပြတ်ပြတ်မို့ မကျေနပ်မှုတွေ အုံ့ဖွဲ့နေပြီဆိုတာ မေးစရာမလိုပေ။ မြိုင်စံရှား ကြည့်သွားတဲ့မျက်လုံးကို ကင်း မကြိုက်လို့ဆိုတာထက် ကြည့်လို့ကိုမရတာ။ သူ့ကို မီးခြစ်ပေးမိတာနဲ့ ဒီလောက်ဖြစ်စရာလိုလို့လား။

ဘယ်လောက်လှလှ စိတ်ပုပ်လို့ ရုပ်ဆိုးတယ်တောင် ထင်မိခဲ့ တွေ့တာနဲ့ မျက်နှာက ကိုင်ဆောင့်ပစ်ချင်စရာကောင်းအောင် နေလသံကိုက မာရေကြောရေနဲ့။ ကိုယ်က စင်ပေါ်ကလူလေ။ စင်အောက်ကလူကို ခွေးကြည့်ပါဦးလို့ ဘယ်သူက ပြောမှာလဲ။

ငါ လှတယ်ဆိုပြီး အလှမာန်တက်နေတာလားတော့ မသိ။ ဘယ်သူက ဂရုစိုက်မှာလဲ၊ အလယ်ကား ဘဝင်လေဟပ်နေတဲ့ရုပ်ကို စိတ်ဝင်စားဖို့များ ဝေးသေး။

"ဒီတစ်ခါ ဘာဖြစ်ပါလိမ့်၊ ကမ္ဘာကြီး ၂၃ ံ တိမ်းစောင်းရာကနေ ပြန်တည့်မတ်သွားပြီလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ လှောင်ပြောင်နေကြတာကိုပဲ ကင်း ဒေါသထွက်ချင်လာ၏။

"ပြန်တည့်တာမဟုတ်ဘူးကွ၊ ကျွမ်းပြန်သွားတာ ဖြစ်နိုင်တယ်၊ မဟုတ်မှလွဲရော ဒီကောင့်မျက်လုံးမှာ ကြက်သမားပေါက်နေလို့ အလှအပတွေ မမြင်တော့တာ ထင်တယ်"

"မင်းတို့က စွပ်ပြောနေ၊ ဒီကောင် စိတ်မဝင်စားဘူးဆိုတော့ အရုပ်ဆိုးလို့ ရွဲ့ပြောတာလားမှမသိတာ၊ မင်းတို့ မြင်ဖူးသေးတာ မဟုတ်ဘဲနဲ့ ရမ်းမဝေဖန်စမ်းပါနဲ့"

"အမယ် ... သူကပဲ ဆရာကြီးလေသံနဲ့"

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြတာကို ကင်း ဘာမှမဖြေရှင်းပေ။

"ကင်း"

"ခဏခဏ မခေါ်နဲ့ကွာ၊ နားငြီးတယ်"

"အမယ်"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ကင်းကို မေးဆတ်သူကဆတ် ဖြစ်လေတော့ ဇေဇော ...

"ပြိုင်စံရှားဆိုတဲ့နာမည်က မင်းလိုပဲ အကုမရှိသလိုပဲနော် ကင်း"





"ဟုတ်တယ်၊ အဲဒီနာမည် ငါနဲ့ပြိုင်နေတာကိုပဲ ပထမ ကျေနပ်တာ"

"ဒုတိယမကျေနပ်တာ ရှိသေးလား"

"ရှိတယ်"

ဇေဇေ ငေါ့မေးလိုက်တာကိုပဲ ရှိတယ်ဖြေတော့ မေးမိတဲ့ ကိုယ့်ပါးစပ်ကိုပဲ ဇေဇေ အပြစ်တင်မိသည်။

"ငါ့ကို တင်စီးသလိုမျက်လုံးနဲ့ ကြည့်သွားတာ ဘာသဘောပဲ အသလွတ်ကြီးကွာ၊ အဲဒါကို ငါ မခံနိုင်တာ၊ တကယ်ဆို သူက တို့အိမ်မှာ လိုက်နေရတာ ငါက စင်ပေါ်ကလူ ဖြစ်နေတာ သူသိဖို့ ကောင်းတယ်"

"နေပါဦး ... မင်းက ဘယ်စင်ပေါ်မှာနေတာလဲ နုတ်စင် သား"

"ဟော့ကောင် ဟိန်းလင်း"

"စကားအကောင်းပြောနေတာ မရှုပ်စမ်းပါနဲ့ကွာ"

ရွှေကျီးက ဟိန်းလင်းကို ဟောက်လိုက်လေ၏။ ကင်းပြော ချင်တဲ့ အဓိပ္ပာယ်ကို သူသိသည်။ ပြိုင်ဘက်ကင်းဆိုတာ အမြဲတမ်း ထက်မထောင်လာတဲ့ကောင်ပါ။ သူများကို လက်ညှိုးထိုးစေခိုင်ဦး လေလား။ ဘာမဆို ပိုလ်လုပ်နေချင်သည့်ကောင်က ...



www.burmeseclassic.com

www.burmeseclassic.com



လက်ငါးချောင်းရဲ့အင်အား လက်သီးနှင့်အထိုးခံရတာမျိုး မဟုတ်ဘဲ ရေမြွေက သစ်ပင်ထိပ်ဖျားတက်နေသူကို ကိုက်တာမျိုးကျ သူလည်း ဘယ်ခံချင်မှာလဲ။ နောက်မှပေါက်တဲ့ ရွှေကြာပင်က ရေအထက်မှာ မင်းမူနေချင်တာမျိုးဖြစ်မှာကို စိုးရိမ်နေတာလား။ ပြိုင်စံရှားက ကင်းကို အထက်စီးဆန်ဆန်မျက်လုံးနှင့် ကြည့်သွားသည်ဆိုတာက ဘာသဘောလဲ။ ဖအေပါနှင့်မအေပါဆိုလျှင် ရာနှုန်း ၈၀ လောက်က မအေပါတွေ ဦးစားပေးစနစ်နဲ့ လက်မ,ထောင်ခွင့်ရကြတာတွေ ရှိနေတော့ ပြိုင်စံရှားက ငါ အမေပါမို့ လုပ်ပိုင်ခွင့်ရှိသလောက် လုပ်ရမယ်လို့ စိန်ခေါ်တာမျိုးဆိုလျှင် မဟုတ်မခံ ကင်းနဲ့တော့ ...

"သူနဲ့မင်းရဲ့တွေ့ဆုံမှုသက်တမ်းက မရင့်သေးဘူး ကင်း။ သူ့စိတ်က ဘာလဲဆိုတာ မသိရသေးဘဲနဲ့ မင်းက အရင်ကောတာမျိုး မဖြစ်စေချင်ဘူး။ သူ့မှာလည်း သူ့ခံစားချက်နဲ့သူ ရှိနေမှာပေါ့"

ဇေဇေက ဖျောင်းဖျောင်းဖျဖျလေး ဝင်ပြောပေးသည်။ လူတိုင်း လူက လူကို တမင်သက်သက်ကြီး အမြင်ကတ်တယ်ဆိုတာ ရှိမလား။ သူ့အကြောင်းနဲ့သူ တစ်ခုခုတော့ ရှိနေမှာပေါ့။ ဥပမာ ကင်းဘက်က တင်စီးမှာစိုးလို့ သူ့ဘက်က ကြိုတင်ပြီး ကာကွယ်တာမျိုးပဲဖြစ်ဖြစ် တစ်နေ့နေ့မှာ ပြေလည်ချင် ပြေလည်သွားမှာလေ။

"ဇေဇေ"





"ဟင်"

"မင်းကို သူက ရှေ့နေခ ဘယ်လောက်ပေးလဲ"

"မဟုတ်ဘူးလေ၊ ငါက မင်းရင်ထဲက အမြင်ကပ်ပုဒ်မကို ရှက်ပေးနေတာပါ၊ ဒေါသဆိုတာ ပူလောင်တယ်ကွ၊ မကျေနပ်ရင် ...သဖြစ်ရတာပဲ မဟုတ်လား၊ မင်းကို မပူလောင်စေချင်လို့ပါကွာ"

"ဟား ... ဟိုက ရုပ်ကို မမြင်ရသေးဘူး ကိုယ့်လူ သူ့ဘက် ...း ဖြစ်နေပြီ မြင်သာမြင်ရလို့ကတော့ သူငယ်ချင်းအဖြစ်မှ စွန့်လွှတ် ...လို့ သတင်းစာမှာ ကြော်ငြာတစ်ခု ထိုးမလားပဲ"

"မင်းကလဲ"

ကင်းက ဇေဇေ့ကို မကြည့်ကြည့် ကြည့်ကာ ...

"မင်းတို့နဲ့ ရှေ့ဆက်ပြောနေရင် အခာင်ပြေမှာ မဟုတ်တော့ ... အဲဒီတော့ ငါသွားမယ်"

"ဟာ ... ဟော့ကောင် ကင်း"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ရှား ဖေဖေ့ဓာတ်ပုံကို ရှားအခန်းထဲမှာ ချိတ်ခွင့်တောင်းတာ ကို အန်ကယ်တို့းက မိဘဆိုတာ ပစ်ပယ်မထားကောင်းဘူး ချိတ်ပါ သမီးရဲ့အဖေက အဖေ အန်ကယ့်ကိုလည်း ဖအေလိုသဘောထား ရင်းရင်းနှီးနှီး ဆက်ဆံပါတဲ့။ ရှား ဖေဖေ့ဓါတ်ပုံချိတ်ဖို့ သံရိုက်ရ တူရှာလေတော့ . . .

တူက စတိုခန်းထဲမှာရှိသည်ဆိုတာနှင့် စတိုခန်းထဲသို့ ဝင်လာ ခဲ့သည်။ ရှား ဝင်လာသည်နှင့် . . .

"ကျွီ . . . ကျွီ . . . ကျွီ"

"အမယ်လေး"

ကြွက်တွေကိုမြင်တော့ ရှားရုတ်တရက်လန့်ကာ နောက်ဆုတ်





ဆိုက်၏။ နောက်မှ . . .

"တွေ့မယ် ကြွက်စုတ်တွေ"

ရှား တူကို တွေ့အောင် ရှာနေစဉ်မှာ ကျွိကျွိကြားကြားကနေ ကြွက်တွေ ခေါင်းပြူလာလိုက် ပြန်ဝင်သွားလိုက်ဖြစ်နေ၏။ ရှား တူကို ရှာတွေ့တာနှင့် . . .

"ဟဲ့ . . . လာထွက်ခဲ့လေ၊ လာခဲ့စမ်း ကြွက်စုတ်"

"ဒုန်း . . . ဝုန်း"

"ဟဲ့ . . . ကြွက်စုတ်"

ကြွက်တွေ ပြေးလွှားကြစဉ် ထိုးတိုက်မိ၍ ဟိုဟာပြုတ်ကျ ဒီဟာပြုတ်ကျဖြစ်လေတော့ ရှား ပို၍ဒေါသဖြစ်ကာ တူနှင့်လိုက်ထု လေ၏။ လိုက်ထုနေပေမယ့် တစ်ကောင်မှမမိပေ။

"ကြွက်စုတ် . . . ကြွက်စုတ် လာခဲ့"

"ကျွီ . . . ကျွီ"

"အမယ် . . . ငါ့ကို မလေးမခန့်နဲ့"

"ဒုတ်"

"လွတ်သွားပြန်ပြီ ကြွက်စုတ်"

ရှား တူကိုကိုင်၍ ကြွက်တွေကို လိုက်ထုနေသည်။ ကြွက် တွေကို မမိလေ ဒေါသက ထွက်လေလေမို့ စိတ်မရှည်စွာ အော်ပင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ကြွက်စုတ် . . . ကြွက်စုတ်"

"ဗျာ . . . လာပါပြီ"

စတိုခန်းရှေ့ကနေ ဖြတ်သွားတဲ့ ကြွက်စုတ်တစ်ယောက် ရှားရဲ့အော်သံကိုကြားပြီး ပုဆိုးပြင်ဝတ်မလို့လုပ်နေရင်း ဖြစ်သလို ပြန်ဝတ်ကာ စတိုခန်းထဲသို့ သုတ်သီးသုတ်ပျာနှင့် ဝင်ခဲ့တော့၏။ ကြွက်စုတ် တူကိုကိုင်ပြီး ကုန်းကုန်းကွကွနှင့် ရှားကို မြင်လိုက်ရတော့ ရှားကလည်း ထူးသံကြောင့် ပြန်ငဲ့ကြည့်သည်။

ဆရာက မှာထားသည်လေ။ ပြိုင်စံရှား ဘာပဲခိုင်းခိုင်း လုပ်ပေးရမယ်၊ အတွန့်မတက်နဲ့၊ ခံမပြောနဲ့တဲ့။ ရှား စိတ်ချမ်းသာတာကိုပဲ မြင်ချင်တယ်။ သူလည်း ဒီမိသားစုဝင်တစ်ယောက်ဖြစ်သွားပြီလို့ဆို တာကို သူတို့ လိုက်နာရမည်သာ။ အလုပ်ရှင်နဲ့အလုပ်သမားဆိုတာ ထက် သူတို့ကိုလည်း မိသားစုဝင်တွေလို သဘောထားတာမို့ ဆရာ စိတ်ချမ်းသာဖို့က ပထမ။

"မမ . . . မမလေး ကျွန်တော့်ကို ဘာခိုင်းမလို့လဲ"

"ဟင်"

ရှား ခပ်ကြောင်ကြောင် ပြန်ကြည့်လေတော့ . . .

"ဟို . . . မမလေးရဲ့ခေါ်သံကြားလို့ ကျွန်တော် ဝင်လာတာ





ဘာများခိုင်းစရာရှိလို့လဲ မမလေး"

"နင့်ကို ငါ မခေါ်ပါဘူး"

"မမလေးပဲ ကြွက်စုတ်ဆို"

"ကျွတ်"

ရှားမျက်နှာလေး ရှုံ့မဲ့ကာ ခေါင်းကိုကုတ်လျက် ပြောရမှာလည်း အားနာနေ၏။ သူ့နာမည် ကြွက်စုတ်ဆိုတာကို ရှား တကယ်မေ့နေတာပါ။ ပြီးတော့ သူ ဒီအနီးအနားမှာမရှိဘူးထင်လို့ ကြွက်တွေနဲ့ စိတ်လှုပ်ကိုယ်လှုပ် ရန်ဖြစ်နေတာ မှားပြီလား။

"ဟိုလေ ငါ နင့်ကိုခေါ်တာ မဟုတ်ဘူး ဖိုးကြွက်ရဲ့၊ ဒီအထဲမှာ ... ကယ်ကြွက်တွေ သောင်းကျန်းနေလို့ ငါ လိုက်ထုနေတာ"

"ဗျာ"

"ကြွက်ချင်းရောသွားတာ ငါလည်း မတတ်နိုင်ဘူး။ သွားတော့"

"မမလေးကလည်းဗျာ . . . လူနဲ့တိရစ္ဆာန် ခွဲခေါ်မှပေါ့ဗျ"

"ဟဲ့ . . . နင့်ကိုငါ ဖိုးကြွက်လို့ ခွဲခေါ်တယ်လေ၊ နင့်ကိုက ကိုယ့်ကိုယ်ကိုယ် ဖော်သူတော်ခြောက်ပါးဖြစ်နေတာ"

"ကိုယ့်ကိုယ်ကိုယ် ဖော်သူတော်ငါးပါးပါ မမလေးရဲ့"

"နင်နဲ့ဆို ခြောက်ပါးဖြစ်သွားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေကြတာလဲ"

အသံလာရာဆီသို့ ပြိုင်တူလှည့်ကြည့်လိုက်တော့ တံခါးဝမှာ ပေါ်လာတာ ပြိုင်ဘက်ကင်းပါ။

"ဟို ... မမလေး ကြွက်တွေကို လိုက်ဆုံးမနေတာ ကိုကင်း။ အဲဒါ ကျွန်တော်က ကျွန်တော့်ကို ခေါ်တာမှတ်လို့"

"ကဲပါ ... သိပ်ပြီး မျိုးချစ်ပုဂ္ဂိုလ်လုပ်ပြမနေနဲ့ သွားတော့"

ကင်း ပြုံးချင်ချင်ဖြစ်သွား၏။ မှားလည်း မှားတတ်ပ။

"ဒါဆို ... ကျွန်တော် သွားမယ်နော် မမလေး"

"နေဦး"

ကင်းလက်ကာတားရင်း ဝင်လာတော့ ကြွက်စုတ် ထွက်မသွားဖြစ်ဘဲ ဆက်ရပ်နေလိုက်သည်။ ကင်းက ကြွက်စုတ်ရှေ့မှာ မျက်နှာချင်းဆိုင်ရပ်၍ ရှားဆီသို့ မကြည့်ကြည့်ကို တစ်ချက်ပို့လွှတ်ကာ

"မင်း ... သူ့ကို ဘယ်လိုခေါ်တာလဲ"

"ဗျာ"

"ဒီမပေါ်မကို မင်း ဘယ်လိုခေါ်တာလဲလို့ မေးနေတာလေ"

"ပြိုင်ဘက်ကင်း"

"ဘာလဲ"

ရှား သူမကို မပေါ်မလို့ ခေါ်လိုက်တာကို ဆတ်ဆတ်ခါသွား





သည်။

"နင် ... ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ"

"မပေါ်မလို့ ခေါ်တာလေ ... ဘာဖြစ်လဲ၊ ရှားဆိုမှတော့ မပေါ်လို့ပေါ့ မဟုတ်ဘူးလား"

"အမယ် ... နင်ကများ ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းလက်မည်း သိလား"

"အဲဒါ ဘာဖြစ်လဲ၊ ကင်းဆိုတာ အဆိပ်ရှိတယ်၊ နင့်လို မပေါ်တာမဟုတ်ဘူး"

"ဘာဖြစ်လဲ မပေါ်တော့ ဈေးကောင်းတောင်ရသေးတယ်"

"ရပါလိမ့်မယ်၊ တစ်ရာဖိုး ခြောက်ကောင်၊ အပြောကောင်း ရှင် ခြေကျိုးတစ်ကောင်တောင် အဆစ်ရတဲ့ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းချွန်ချွန်နဲ့ ပုရစ်ရုပ်ကိုများ"

"ဘာ ... နင်"

ရှား ဒေါသဖြစ်ဖြစ်နှင့် တုန့်ထုလေတော့ ကင်းက ဖမ်းဆုပ်ထားကာ ...

"နင် လက်မပါနဲ့နော်၊ ငါ့လက်ကလည်း ဥပုသ်စောင့်ထားတာ မဟုတ်ဘူး"

"အမယ် ... ရိုက်ရဲ ရိုက်ကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ရှား ခါးယောက်ပြီး ရွှေ့တိုးလာသေတော့ ကင်းကိုင်ဆောင့်ချင်စိတ်ပေါက်သွားတာကို မနည်းထိန်းလိုက်ရ၏။ သူများအိမ်မှာလည်းလာနေသေးရဲ့ သူက စွာလန်ဝေးလုပ်နေတာ ဘယ်သူက ပုတ်သင်ညိုလို ခေါင်းငုံ့ပြီး ငြိမ်ခံနေမှာလဲ။ ယောက်ျားလေးနဲ့မိန်းကလေးကမ္ဘာနိပါတမတရားကိုက အင်အားချင်းမမျှလို့ ကင်း နောက်ဆုတ်ရပ်လိုက်သည်။

ဒီနေရာမှာ ယောက်ျားလေးချင်းသာဆိုလို့ကတော့ လက်သီးကြိုက်သလား၊ တံတောင်ကြိုက်သလားမေးပြီး သမထည့်လိုက်ပြီ။ ကင်း ရှားကို ဂရုမစိုက်သလိုနှင့် ကြွက်စုတ်ဘက်သို့ ပြန်လှည့်ကာ

"ပြောပါဦး ... မင်း သူ့ကို ဘယ်လိုခေါ်တာ"

"မမလေးလို့ ခေါ်တာပါ"

"မလိုဘူး၊ အဲဒီလို မင်း ခေါ်ဖို့ကိုမလိုတာ"

"ဗျာ"

ကြည့်စမ်း သူများ အလိုက်တသိခေါ်တာကိုပဲ လိုက်ပြီးပိတ်ပင်တားဆီးနေသေးတယ်။ မုန်းဖို့ကောင်းလိုက်တာ။ ရှားကလည်းဘဝင်လေဟပ်ပြီး အခေါ်ခံချင်လွန်းလို့ ခေါ်ခိုင်းခဲ့တာမှ မဟုတ်တာ။ သူခေါ်တာကို ဘယ်လိုခေါ်လည်း သတိတောင်မထားမိဘဲ ထူးဖြစ်ပြောဖြစ်၊ ဆိုဖြစ်နေတာ ရှား အထက်စီးဆန်ချင်လို့ လုံးဝမဟုတ်ဘူး





ဆိုတာ ရှားကိုယ်ရှားပဲ သိသည်။

"ဒီအိမ်မှာ ငါက ဒီအိမ်ကြီးရဲ့အရှင်သခင် ဦးတိုးတက်ရဲ့တစ်ဦးတည်းသော သား။ မင်း ငါ့ကို ဘယ်လိုခေါ်လဲ"

"ကိုကင်းပါ"

"အေး ... ငါတောင် အရှင်သခင်ဆန်ဆန် မင်းကို အစ်ကိုလေးတို့ ဘာတို့ မခေါ်ခိုင်းတာ သူက အရှင်သခင်မှ မဟုတ်တာ၊ ဘာလို့ မမလေး ခေါ်စရာလိုမှာလဲ၊ မပေါမကာ မပေါမပဲပေါ့"

"ပြုံးဘက်ကင်း"

ရှားဒေါသသံနှင့် ခေါ်လိုက်တော့ ကင်းက မေးဆတ်ထူးသည်။ ပြီး ... လက်ပိုက်ကာ နံရံကိုမှီ၍ ရှားဒေါသဖြစ်နေပုံကိုစိမ်ပြေနပြေကြည့်နေ၏။ လက်သီးတွေ ဘာတွေဆုပ်နေတာမို့ ကင်းခေါ်ထီးမဲ့မြင် ပြုံးလိုက်လေလျှင် ...

"နင်ပြောသလို ငါက ဘဝင်လေဟပ်ပြီး ငါ့ကို မမလေးလို့ခေါ်ရမယ်လို့ တစ်ခွန်းမှမပြောဘူး"

"ဩော် ... ဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ် ကိုကင်း။ မမလေးက ..."

"မခေါ်နဲ့လို့ ပြောထားတယ်လေ ... မင်းသွားတော့"

ကြွက်စုတ်နှစ်ယောက်ကြားမှာ သူ့မျက်နှာကိုကြည့်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့မျက်နှာကိုကြည့်လိုက်နှင့် ဖြစ်နေ၏။ ကိုကင်းက သူငယ်ငယ်လေးကတည်းက ချစ်ခင်လေးစားရတဲ့ သူ့အလုပ်ရှင်ရဲ့သား။ ရှားကျတော့ သူ့ဘက်က ဘာမှမပြောရဘဲ ခုလိုအပြောခံနေရတော့ အားနာတာပါ။

"သွားလေ . . . ဘာလုပ်နေတာလဲ"

"ဟုတ်"

ကြွက်စုတ် သုတ်သုတ်ပါအောင် ထွက်သွားလေမှ . . .

"ငါ ထပ်ပြောလိုက်မယ် ပြိုင်ဘက်ကင်း။ ငါ့ကို ဘယ်သူက ဘယ်လိုခေါ်ရမယ်လို့ ငါ အမိန့်ပေးပြီး ပါဝါပြတာမရှိဘူး။ ဘယ်သူပဲ ဖြစ်ဖြစ် ငါ့နာမည်မှန်ကို ကြိုက်သလို ခေါ်နိုင်တယ်၊ ဒါပေမဲ့ မပေါမ လို့တော့ ဘယ်တော့မှ မခေါ်ပါနဲ့"

"ခေါ်တော့ ဘာဖြစ်လဲ"

ရှား သူ့ကိုစေ့စေ့ကြည့်လိုက်ပြီး . . .

"ရတယ်လေ၊ ငါက မပေါမဆိုရင် နင်က အရူးပုပ်ပြီး နှလုံးသားမည်းနေတဲ့ ကင်းလက်မည်းပေါ့"

"ဘာ"

ရှား မဲ့ပြုံးပြုံးလိုက်၏။ အသွားရှိရင် အပြန်ရှိတယ်ဆိုတာ နင်မမေ့နဲ့ ပြိုင်ဘက်ကင်း။ နင် သူများနာမည်ကို အပုပ်ချရင် နင့်နာမည်ကို သူများကလည်း အိုးမည်းပြန်သုတ်လို့ရတယ်ဆိုတာ သိ





ပြီလား။ နင်တွင်သလို ငါလည်း ညစ်တတ်တယ်ဆိုတာ နောက် နင် ဒါထက်ပိုသိရမယ် ပြိုင်ဘက်ကင်း။

"နင် ငါ့ကို အဲဒီလိုမခေါ်နဲ့ ပြိုင်စံရှား"

"စိန်ခေါ်ပြီးရင် ဘွားမခတ်နဲ့လေ၊ မှန်ထောင်ကြည့်တဲ့ သဘောပါ၊ နင်တော်သလို ငါလည်း ထက်မြက်မှုရှိတဲ့မိန်းမဆိုတာ သိစေချင်လို့"

"အဲဒါ နာမည်ကိစ္စနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ဦးနှောက်ကြီးသမားတွေက အသေးအမွှား ကိစ္စကစ အလေးထားပြီး ရှုထောင့်အမျိုးမျိုးက ကြည့်တတ်ကြတယ် ဆိုတာ မသိရင် နင့်အဖေကို မေးကြည့်လိုက်ဦး"

"ဟာ . . . နေဦး"

ရှား လုံးဝလှည့်မကြည့်ဘဲ ထွက်သွားလေတော့၏။ ကင်း တစ်ယောက် မိန်းမလိုလည်း ခါးထောက် လိုက်ရန်တွေလို့မရ။ ရင်ထဲမှာ ဖောင်းကြွမှုတွေနှင့် ပူစပ်ပူလောင်ဖြစ်ကျန်ခဲ့သည်။

"တောက်"

သူ့ခေါင်းထဲမှာ ကားဘီးလောက် ဦးနှောက်ကြီးထည့်ထားသည့်အတိုင်း ပြောသွားတာ မိုးလားကဲလားနဲ့။ ကိုယ်ကပဲ ဦးနှောက်မရှိသည့်ပုံနဲ့ ဖေဖေ့ကို သွားမေးလိုက်ဦးတဲ့။ နင်နဲ့ငါ တွေ့ဦးမယ် ပြိုင်စံရှား။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ထမင်းဝိုင်းမှာ လူစုံနေပြီမို့ ဦးတိုးတက်နှင့်ဒေါ်လှိုင်းထိပ်ထား က ဘေးချင်းယှဉ်နေပြီး ကင်းနှင့်ရှားက မျက်နှာချင်းဆိုင်။ ထမင်းစားနေရင်း သူ့မျက်နှာကို မြင်ရရင် အကုသိုလ်တွေ အတုံးလိုက်တက်ပြီး ထမင်းစားပျက်မှာစိုးလို့ ရှား တစ်ချက်ကလေးမှ မော့မကြည့်ဘဲ ထမင်းကိုသာ ငုံ့စားနေသည်။

"သမီး"

"ရှင်"

"ဟင်းတွေထည့်စားလေ"

"ဟုတ်"

ဦးတိုးတက်ပြောတာမို့ ရှား ကောင်းကောင်းပြန်ဖြေလိုက်





သည်။ သမီးဆိုတာကို ပါးစပ်များကမချဘဲ ဦးစားပေးစနစ်နဲ့ ရှားကို စိတ်ချမ်းသာစေတာ အစမို့လို့လားတော့မသိပေ။ ဘာပဲဖြစ်ဖြစ် သူ ကိုယ့်အပေါ် ကောင်းနေသရွေ့ ရှားဘက်က မဆိုးပါဘူး။

ငယ်ငယ်လေးကတည်းက ဖခင်မေတ္တာငတ်ခဲ့ရသူမို့ ဦးတိုး တက်ကို ရိုသေလေးစားခြင်းများနှင့် ရှားမိဘလိုသဘောထားနိုင်ပါ သည်။ ခက်နေတာက သူ့သား။ တွေ့လိုက်တာနှင့် ဆေးချေးနဲ့ ဆောက်တဲ့လိုဖြစ်အောင် ဖန်တီးနေတာကသူ။ ရှားကလည်း အခြား သူဆိုလျှင် အလျှော့ပေးဆက်ဆံဖို့ စိတ်ကူးရှိပေမယ့် ရှိန်နဲ့ပတ်သက် ဦး သူ့ကို မကျေနပ်ပေ။ သူ့ကိုယ်သူ အသည်းခွဲမေရှာအောင်လက် မှတ်ရထားတာတဲ့။ ရထားစမ်းပါစေ သူ့လို ဘဝင်မြင့်ကို ရှားလိုမိန်းမ မျိုးက ဂရုမစိုက်မှ သူနေသာခံခက်ဖြစ်မှာ။

"သမီး"

"ရှင် ... မေမေ"

"မနက်ဖြန် သမီး အလုပ်ပြန်ဆင်းတော့မယ်ဆို"

"ဟုတ်တယ် မေမေ၊ သမီး ဆိုင်မသွားဖြစ်တာ တစ်ပတ် ကျော်တောင် ရှိနေပြီလေ၊ မေမေက မသွားပါနဲ့ဦးဆိုလို့သာနေရတာ၊ အလုပ်ကိစ္စတွေက သမီးရှိမှ အဆင်ပြေတာ မေမေရဲ့"

ကိုယ့်ကိုယ်ကိုယ် ကိုယ်ရှည်သွေးပြီး တော်ကြောင်းကြွား



www.burmeseclassic.com

www.burmeseclassic.com



တာမလားဆိုတဲ့အကြည့်က ဒိုင်းခနဲရောက်လာသည်။ ရှားကလည်း အမှတ်တမဲ့ကြည့်မိတာနှင့်ဆုံတော့ ချက်ချင်းပဲ မျက်နှာပြန်လွှဲလိုက်၏။

"သမီးရဲ့လုပ်ငန်းတွေ အဆင်ပြေရဲ့လား သမီး"

"ဟုတ်ကဲ့ ပြေပါတယ် အန်ကယ်၊ သမီးတို့သူငယ်ချင်းတွေ စုပြီး ဒီလုပ်ငန်းကို လုပ်တယ်ဆိုပေမယ့် အားလုံးစိတ်တူကိုယ်တူပါပဲ"

"သမီးတို့လက်ရာတွေ နာမည်ရနေတာ အန်ကယ်သိတယ်၊ ဒါပေမဲ့ . . . လှိုင်းရဲ့သမီးဖြစ်လိမ့်မယ်လို့တော့ ထင်မထားဘူး၊ လှိုင်း ပြောပြလို့သိရတော့ အန်ကယ့်အနေနဲ့ ဂုဏ်ယူရတာပေါ့ မဟုတ်ဘူးလား"

ဖေဖေ့အကြည့်က ကင်းဆီသို့ ရောက်လာလေသဖြင့် ကင်း စိတ်မလုံတော့ဖြစ်သွားမိသည်။ သူက အခုထိ ဘာအလုပ်မှမလုပ်ဘဲ လည်ရာပြန်စားရေးလုပ်နေတဲ့ကောင်ကိုး။ မသေမချင်းလုပ်ရမယ့် အလုပ် ဘယ်အချိန်ပဲလုပ်လုပ် ယေတုန်းရှယ်တုန်း ကဲနိုင်သမျှ ကဲပါရစေဦးဟုဆိုကာ အလုပ်ကိစ္စကို ဦးနှောက်ထဲမထည့်သေးသည့်သူ။

ပြိုင်စံရှားက စီးပွားရေးလုပ်နေပြီဆိုတော့ ဖေဖေစံတိုးပြီး သူ့ကို အထင်သေးနေပြီလား။ ဘာပဲဖြစ်ဖြစ် မိဘဆိုတာ ကောင်းစေချင်တာသိပေမယ့် ကိုယ်ကမှ စိတ်မဝင်စားသေးတာ ဘယ်လိုလုပ်ရမလဲ။





"သမီးက အမဲသားနှပ်တွေ ခပ်မစားပါလား၊ အန်ကယ် ထည့်ပေးမယ်နော်"

"အို . . . ကိုတိုး"

ဟင်းခပ်ထည့်ပေးမယ့် ကိုတိုးတက်လက်ကို ဒေါ်လှိုင်းထိပ် ထား တားထားလေလျှင် . . .

"ဘာဖြစ်လို့လဲ လှိုင်းရဲ့"

"သမီးက အမဲသားမစားဘူး ကိုတိုးရဲ့"

"သြော်"

အမဲသားမစားဘူးဆိုတာ သိလိုက်ရတော့ ကင်းကျိတ်ပြုံးမိသည်။ တွေ့ကြရောပေါ့ မပေါ်မရယ်။

"သားလည်းထည့်စားဟေ့"

ပြောရင်း ဦးတိုးတက် သားပန်းကန်ထဲသို့ ဟင်းတွေခပ်ထည့် ပေးလိုက်သည်။ ကင်းက ပြိုင်စံရှားနဲ့ယှဉ်ရင် ဒုတိယနေရာရောက် သွားပြီလားလို့ တွေးမိပြီး ကင်းရင်ထဲမှာ တစ်မျိုးဖြစ်သွား၏။

"သား . . . ဒါလေးလည်း စားဦး"

"ရတယ်ဖေဖေ . . . သားမှာ လက်ပါ,ပါတယ်၊ ပြီးတော့ သားက ညှော့သည်မှမဟုတ်တာ၊ ကိုယ်စားချင်တာကို ကိုယ့်စိတ်ကြိုက် ထည့်စားခွင့်ရှိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သား"

ဦးတိုးတက် ကွက်ခနဲ မျက်နှာပျက်သွားပြီး ...

"မင်း ... ဘယ်လိုပြောလိုက်တာလဲ သား"

"သားပြောတာ ရိုးရိုးရှင်းရှင်းလေးပါ၊ ဘာကာရံနဲ့ဘာမှ ထည့်ရှုပ်မထားဘူး၊ ညှော်သည်လာလို့ အိမ်သားပြေးရတဲ့အဖြစ်မျိုး ရောက်နေမှာစိုးလို့"

"သား ... မင်း"

"ဟုတ်သားပဲ ကိုတိုးရယ်၊ သားက ညှော်သည်မှမဟုတ်တာ တကယ်ဆို လှိုင်းတို့သားအမိကသာ ..."

"တော်တော့ လှိုင်း"

ဖေဖေရော အန်တီလှိုင်းပါ မျက်နှာပျက်သွားကြတော့ ကင်း ဟာမကောင်းတော့ဖြစ်မိ၏။ ပစ်တော့ခြံသေ့ မှန်တော့ဘုရားဖြစ်သွားတဲ့အတွက် ခွင့်လွှတ်ကြပါလို့ပဲ စိတ်ထဲက တောင်းပန်မိသည်။ ကင်းနိုင် ကွပ်ချင်တာက ပြိုင်စံရှားကိုပဲလေ။

"ကိုယ်သားအပေါ်မှာထားတဲ့ မေတ္တာတရား မြူတစ်မှုန်စာတောင် မလျော့သလို မင်းတို့သားအမိအပေါ်မှာလည်း အရင်းအဖျားခွဲခြားပြီး အစိမ်းအကျက် ခွဲမဆက်ဆံဘူး လှိုင်း၊ ဒီအိမ်မှာနေတဲ့ လူမှန်သမျှ အားလုံးက မိသားစုဝင်တွေပဲ"





ဒေါ်လှိုင်းထိပ်ထား မျက်လွှာချ၍ ခေါင်းလေးငုံ့ထားသည်။ ကိုတိုးကိုလက်ထပ်တာနဲ့ သူ့သားကို သည်းခံရမယ်ဆိုတာ လှိုင်း နားလည်ပြီးသားပါ၊ ဒါကြောင့် သားစိတ်ကျေနပ်အောင် ဖေးဖေးမမ ဝင်ပြောမိတာ လှိုင်း မှားသွားပြီလား။

"ဆောရီး ဖေဖေ ... သားစကားပြောမှားသွားတဲ့အတွက် ခွင့်လွှတ်ပါ၊ အန်တီလှိုင်းကို သား မိဘလို ရိုသေလေးစားပြီး မိသားစုဝင်အဖြစ် သတ်မှတ်ထားပါတယ်"

ရှား ခွံ့မည့်ဆဲဆဲ ထမင်းလုတ်ကိုပြန်ချပြီး ကင်းကိုကြည့်လိုက်သည်။ ရှားကိုမိသားစုဝင်အဖြစ် မသတ်မှတ်ဘူးလို့ ပြောချင်တာလား။ ဘယ်သူက သတ်မှတ်ခိုင်းနေလို့လဲ၊ အန်ကယ်နဲ့မေမေ့မျက်နှာကိုသာ မထောက်ထားဘူးဆိုရင် သင်းမျက်နှာကို ထမင်းပန်းကန်နဲ့ ဝစ်ပေါက်ပြီး ထွက်သွားတာကြာပြီ။

"သား"

"ဗျာ"

"နောက်ကို ငါ့သား စကားပြောတာဆင်ခြင်ပါ၊ သူတစ်ပါးကို စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့သားရယ်"

"ဟုတ်ကဲ့ ... သားတတ်နိုင်သလောက် ဆင်ခြင်ပါ့မယ်"

လူကြီးတွေ သက်ပြင်းချပြီး ငြိမ်သက်သွားကြသည်။ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားနေကြရင်းပဲ ကင်းနှင့်ရှားကတော့ ရင်တွင်းစီးချင်းထိုးနေကြ စားနေကြ ကင်းက အမဲသားကို ခက်ရင်းနှင့်ထိုးလိုက်ရင်း ရှားပန်းကန်ကို ခဏခဏ မျက်စပစ်နေသည်။ နောက်တော့ ဇွန်းနှင့်ခက်ရင်းကို ချခဲ့ပြီး လက်ထ,ဆေးကာ ထမင်းနှင့်အမဲသားရည်ကို လက်ငါးချောင်းနှင့် ပိုင်ပိုင်နိုင်နိုင် နယ်ပြီးလျှင် . . .

"အန်တီလှိုင်း"

"ဟင် . . . ဘာလဲသား၊ ဘာပြောမလို့လဲ ပြောလေ"

ဒေါ်လှိုင်းထိပ်ထားက အပြုံးချိုချိုနှင့် မေးလေလျှင် . . .

"ကျွန်တော် သူ့ပန်းကန်ထဲကို ဟင်းခပ်ထည့်ပေးရမလား"

"ဩော် . . . အင်း . . . ထည့်လေ၊ မောင်နှမတွေပဲကွယ် ဟင်းခပ်ထည့်ပေးတော့ ပိုပြီးရင်းနှီးမှုရှိတာပေါ့"

"သား . . . မင်း"

ဦးတိုးတက် သားဘာလုပ်မယ်ဆိုတာကိုသိလို့ တားလိုက်ပေမယ့် ကင်းက မကြားဟန်ပြု၍ ဂေါ်ဖီပန်းစိမ်းနှင့်ဘဲဥကြော်တွေကို လက်ငါးချောင်းနှင့်ယူကာ ပန်းကန်ထဲသို့ ထည့်ပေးလိုက်လေလျှင် . .

"ဟင် . . . နင် အဲဒါဘာလုပ်တာလဲ လက်ကြီးနဲ့"

"ဟ . . . လက်နဲ့နှိုက်တာ ဘာဖြစ်လဲ ခြေထောက်နဲ့နှိုက်တာမှ မဟုတ်တာ၊ ဘာလဲ . . . နင် ခြေထောက်နဲ့နှိုက်စားဖူးလို့လား"





"နင် မဝိုက်ရိုင်းနဲ့နော်၊ ဒါတွေကို ငါတစ်ယောက်တည်းစားနေတာမဟုတ်ဘူးဟဲ့၊ လူကြီးတွေပါစားနေတာ ခြေထောက်နဲ့နှိုက်ဖို့နှစ်ထည့်ပြောစရာလား၊ အသိမရှိတာတန်သဒ္ဒါကုန်ရောပဲ"

"ငါပြောနေတာ နင့်ကိုလေ လူကြီးတွေကို စစ်ကူခေါ်သလို နဲ့ ဆွဲမထည့်ပါနဲ့"

"နင် . . . နင် . . . တောက်"

"သမီး"

"သား"

ရှား ထရပ်လိုက်တော့ ဒေါ်လှိုင်းထိပ်ထားက လက်ကိုဆွဲထားပြီး သူမ,ပါထရပ်လိုက်သည်။ ကင်းတို့သားအဖက ထိုင်နေဆဲပေမယ့် ဦးတိုးတက်မှာ သားကိုဆူရမလို ရှားကိုတောင်းပန်ရမလို ဖြစ်နေ၏။

ကင်းက . . .

မခန့်လေးစားပုံစံနှင့် လက်မှာကပ်နေသည့် ထမင်းတွေ,ဟင်းတွေကို စားပြနေသေးသည်။

"သမီး ပြန်ထိုင်စမ်း"

"သမီး ဆက်မစားချင်တော့ဘူး မေမေ၊ သူ သမီး အမဲနှပ်မစားမှန်းသိလို့ အမဲနှပ်တွေ လက်နဲ့နယ်ပြီးမှ ဒီလိုလုပ်တာ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



တမင်လုပ်နေတာ၊ ဆက်စားနေရင်လည်း မင်္ဂလာမရှိဘဲသူ့မျက်နှာ
မြင်နေရရင် အ,ကုသိုလ်ဖြစ်ပြီး အ,ကုသိုလ်တွေ မျိုချသလိုပဲဖြစ်မှာ”

“အို ... ဟဲ့ သမီး ... နေဦး”

ရှား ဒေါနှင့်မောနှင့် ထွက်သွားသည့်နောက်သို့ ဒေါ်လှိုင်းထိ
ထားပါ အပြေးတစ်ပိုင်းနှင့် လိုက်သွားလေသည်။ ကင်းက သဘောကျ
သလိုရယ်ပြီး ခေါင်းညိတ်ပုန်းတွန့်လုပ်တာကို မြင်ရလေတော့ ဦးတိုး
တက် ဒေါသဖြစ်သွားသည်။

ဒါ ...

တမင်လုပ်တယ်ဆိုတာ အသိအသာကြီးပဲဥစ္စာ။

“မြိုင်ဘက်ကင်း”

“ဗျာ”

“မင်း ... မင်း ဘယ်လိုလုပ်လိုက်တာလဲကွ၊ ငါ့မျက်နှာကို
မင်း အိုးမည်းသုတ်လိုက်တာလား ပြောစမ်း”

“ဟာ ... ဖေဖေကလည်း သကြံနိမ့်မှမရောက်သေးတာကို
ပြီးတော့ ကိုယ့်အဖေမျက်နှာကို အိုးမည်းသုတ်စရာလား၊ သုတ်ချင်း
သုတ် ကြွက်စုတ်မျက်နှာကို သွားသုတ်မှာပေါ့၊ သူက သားထက်
ငယ်တယ်လေ”

ကင်း စပ်ဖြဲဖြဲပုံစံနှင့် ပြောလေတော့ ...





“ဟော့ကောင် .. မင်း ခုမှ ရှူးသလို ပေါသလိုလုပ်မနေနဲ့၊
င်က ငါမွေးထားတဲ့သား။ မင်းအကြောင်းကို ငါသိတယ်ကွ”

“ဖေဖေ့ရဲ့သားဆိုတာတော့မှန်တယ်၊ ဒါပေမဲ့ ဖေဖေမွေး
ယ်ဆိုတာတော့ မဟုတ်သေးဘူးလေ ဖေဖေရဲ့”

“ဘာကွ”

“ဟုတ်တယ်လေ ... သားကို မေမေမွေးခဲ့တာမဟုတ်ဘူး
ား ဖေဖေက ယောက်ျားကြီးပဲဥစ္စာ ဘယ်လိုဗိုက်ပူပြီး မွေးလို့ရမှာ
ဲ”

“တော်စမ်း မြိုင်ဘက်ကင်း ... မင်း ငါ့ကို အရှုးကွက်
ာနင်းပြမနေနဲ့ ... မင်းကွာ”

ဦးတိုးတက် ထရပ်ပြီး ခါးထောက်လိုက်တော့ ကင်း ဖေဖေ့
ျက်နှာကို မော့ကြည့်လိုက်သည်။ ဖေဖေ အံကြိတ်ပြီး မျက်နှာပြင်မှာ
ြီမှောင်လျက် တည်တင်းနေတာကိုမြင်ရတော့ ကင်း ငြိမ်သက်ပြီး
ေါင်းငုံ့လိုက်၏။

သူ ရှားကို ကြည့်မရတာနှင့် လုပ်ချင်တာလုပ်မိလိုက်တာ
ူကြီးတွေကိုစော်ကားသလို ဖြစ်သွားပြီ။ ဘာပဲဖြစ်ဖြစ် သူက မြိုင်
ာက်ကင်းပဲလေ။ သူ့နာမည်နဲ့ထမ်းပိုးထမ်းပြီး ချိန့်ခွင်လျှာလို မြိုင်စံရှား
ို့တာရှိလာပြီး ဟိုဘက်ဒီဘက် ထည့်ချိန်လာတာကို ကင်းမကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



ပေ၊ ဒီအိမ်မှာ ကိုယ်နဲ့တန်းတူ မြိုင်စံရှားကို အခွင့်အရေးမပေးနိုင်ပါဘူး စိတ်ပုပ်တယ်ပဲပြောပြော အတ္တကြီးတယ်ပဲဆိုဆို ကင်းက သူများထက် ကိုယ်သာနေမှ ကျေနပ်တဲ့သူလေ။

"မင်း အခုလုပ်လိုက်ပုံက ကလေးကလားဆန်လွန်းတယ် မြိုင်ဘက်ကင်း၊ ငါ့သိက္ခာကို ရိုက်ချိုးလိုက်တာနဲ့ အတူတူပဲကွ . . . မင်း နားလည်လား"

"ဘာဆိုင်လို့လဲ၊ မြိုင်စံရှားကိုကြည့်မရလို့ ပညာပြလိုက်တာ ဖေဖေ့သိက္ခာ ပွန်းပဲ့သွားစရာ အကြောင်းမှမရှိတာ၊ ဒါ ကိုယ့်အိမ်တွင်း မှာဖြစ်တဲ့ကိစ္စလေ၊ ဘယ်သူကများ တိုင်းသူပြည်သားလူအများတို့သိ အောင်ပြီး အရပ်တကာလှည့် မောင်းခတ်ကြေညာမှာလဲ"

"မင်းမှ အပြောကောင်းတယ်၊ ငါနဲ့လှိုင်းက လင်မယားလေ မြိုင်စံရှားက လှိုင်းရဲ့သမီး၊ မင်း ရှားကိုကြည့်မရဟုဒ်မတပ်ပြီး မချေမငံ ဆက်ဆံတော့ ငါ လှိုင်းကိုဘယ်မျက်နှာနဲ့ကြည့်ရမလဲ ပြောပါဦး"

ရှေ့မျက်နှာနောက်ထားကြည့်လိုက်ပေါ့ဆိုတဲ့ စကားက ရင်ထဲ မှာသာ။ ဘာမဟုတ်တာလေးကို ရေးကြီးခွင်ကျယ်လုပ်နေတာကိုက ဖေဖေ မဘက်လိုက်ပြီး ကင်းကို ဖိနှိပ်ချင်တာ။

"မင်းကို မိမဆုံးမ ဖမဆုံးမသားလို့ပြောရင် မင်းခံနိုင်မလား ပြော"





"ပြောရဲတဲ့သူပြောကြည့်ပါလား၊ မိန်းမဆိုလက်ဝါး သောက်ချားဆိုလက်သီးပဲ"

"အေး . . . အပြောမခံနိုင်ရင် အပြောကင်းအောင်နေရတယ် နားလည်လား။ မင်းလုပ်သမျှ ငါက မဆုံးမလို့ဆိုတာမျိုး ပြောလာ ခံရရင် ငါ ဘာဖြစ်သွားပြီလဲ"

ဘာဖြစ်စရာအကြောင်းရှိလို့လဲ။ ကင်းက လူဆိုးလူမိုက်မှ မဟုတ်တာ။ မကျေနပ်တာကို မကျေနပ်သလို ပွင့်လင်းပြတာ လွန်သ လား။ အကြောင်းမဲ့ ကိုယ့်ကို မလိုမုန်းထားမျက်လုံးနဲ့ ကြည့်တဲ့သူမှာ တော့ အပြစ်မရှိဘူးတဲ့လား။

"ဒီမှာ မြိုင်ဘက်ကင်း"

ကင်း ထမင်းပန်းကန်ကို ဘေးသို့ရွှေ့လိုက်၏။

"မင်းကို ငါ မိတဆိုးလေးဆိုပြီး အလိုလိုက်ခဲ့သမျှ ခုချိန်မှာ ဘယ်လိုဖြစ်သွားပြီလဲ မင်းသိလား။ ငါ့ရင်ဝကို ထိုးမယ့်ဓားကို ငါကိုယ် တိုင် သွေးပေးခဲ့မိသလို ဖြစ်သွားပြီကွ"

ကင်း ဖေဖေ့မျက်နှာကို ဆတ်ခနဲကြည့်လိုက်၏။

"ဖေဖေပြောနေပုံက သား ကြီးလေးတဲ့ပြစ်မှုကြီးတစ်ခုကို ကျူးလွန်လိုက်တဲ့အတိုင်းပါလား"

"မင်းလုပ်ရပ်ကို မင်းပြန်စဉ်းစားကြည့်ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



လေသံပျော့သွားပေမယ့် ငါ့သား မင်းမှာအပြစ်မရှိဘူးလို့ပြော တာ မဟုတ်လေတော့ ရင်ထဲမှာ တစ်ခုခုတော့ သပ်လျှိုခံလိုက်ရသည်။ ကင်း ... နဖူးပေါ်လက်တင်ပြီး စဉ်းစားရဦးမှာလား။

○ ○ ○



## အခန်း (၁၁)

"နင်ပြောတာဟုတ်ရဲ့လား ရှားရယ် ... တော်ကြာ လူများ နေရင် နင်တို့ ပဋိပက္ခဖြစ်တာကြီး အဖတ်တင်နေဦးမယ်"

"ကင်းဆိုမှတော့ ဒီကင်းပဲဖြစ်မှာပေါ့၊ ဒီနာမည်မျိုး ဘယ်နှစ် ယောက် ရှိနိုင်မှာမို့လို့လဲ"

"ပြောလို့မရဘူးလေ၊ လောလောဆယ် နင့်နာမည်ကပဲ သုနဲ့ပြိုင်နေတာ မဟုတ်ဘူးလား။ ရှိန့်ရည်းစားက ကင်းတစ်လုံးတည်း ဖြစ်ချင်လည်းဖြစ်မယ်၊ ဒါမှမဟုတ် မာန်ကင်းတို့၊ ရန်ကင်းတို့ရော ဖြစ်နိုင်ဘူးလား"

ရှား တွေခနဲဖြစ်သွားလေ၏။ ဝိုင်းပြည့်ပြောတာလည်း ဖြစ် နိုင်ပါသည်။ ရှိန့်ပြောတာက ကင်းတစ်လုံးတည်းမို့ ပြိုင်ဘက်ကင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်ပြီး သူပဲဖြစ်မယ်လို့ ရှားတစ်ထစ်ကျ တွက်ထားခဲ့တာ။ တကယ်လို့ အခြားတစ်ယောက် ဖြစ်နေခဲ့တာဆိုလည်း ပြိုင်ဘက်ကင်းနဲ့က ဘယ်လိုမှ အဆင်ပြေဖို့ ဖြစ်လာဖွယ်ရာမရှိ။

မြင်မြင်ချင်း စောက်နှင့်ထွင်းပြီး မတည့်ကြတာ မိဘတွေနှင့် ဘာမှမဆိုင်။ လူကြီးတွေ လက်ထပ်တဲ့ကိစ္စနဲ့မဆိုင်ဘဲ သပ်သပ်စီအမြင်မကြည်ခဲ့ကြတာ သူကလည်း မာနမင်းသား ကိုယ်ကလည်း မာနကို စိန်စီရွှေချထားချင်သူ။

"ဟော ... ဟိုမှာ ရှိန်လာပြီ ရှား"

ရှားက လှည့်ကြည့်ရင်း ...

"သူ့ကို သေချာအောင်မေးရမယ်၊ ရှိန်ရဲ့ကင်းနဲ့ အဲဒီကင်းလက်မည်း တစ်ယောက်တည်းဖြစ်နေလို့ကတော့"

စကားကိုရှေ့မဆက်ဘဲ ရှား နှုတ်ခမ်းကို ဖိကိုက်ပစ်လိုက်သည်။ မျက်နှာကိုတည့်တည့်ကြည့်ပြီး တံတွေးနဲ့ထွေးပစ်ချင်လောက်အောင် မုန်းမိမှာမလွဲမသွေပါ။

"ဟိုနှစ်ယောက် ဘာတွေတွတ်ထိုးနေကြတာလဲ"

"နင့်ရဲ့ကင်းကိစ္စလေ"

"ဟင်း ... ကင်းဘာဖြစ်လို့လဲ၊ နင်တို့က ကင်းကိုသိလို့လား"





"သိတော့သိတယ်၊ နင့်ကင်း ဟုတ်မဟုတ် မသေချာသေး ဘူ့ သေချာလို့ကတော့ အမြီးချိုးပစ်မလို့"

"နင်ကသာ အမောက်ထောင်နေပါ ရှားရယ်၊ ရှိန်ကဖြင့် သံယောဇဉ်မပြတ်တဲ့ မျက်နှာကြီးနဲ့"

"နင်ကလဲ"

ရှိန်မျက်နှာလေး ညှိုသွား၏။ သံယောဇဉ်က တကယ်မပြတ်နိုင်တာလေ။ ရှိန်ရဲ့အချစ်ဦးက ကင်းပဲမို့ ရှူးမတတ်ချစ်ခဲ့မိတာက အသေအချာ။ ကိုယ့်ကို သူက သစ်စိမ်းချိုးချိုးသွားပေမယ့် ကိုယ်က အဲဒီချိုးတဲ့လက်ကလေးမှာပဲ ရန့်လေးစွဲထင် အမှတ်ရစေချင်တာမျိုးလေ။

တကယ်မချစ်လို့ ထားရစ်ခဲ့သူကိုမှ ကိုယ်က အငွေ့အသက်တလေးဖြစ်ဖြစ် အဝေးက ရှူရှိုက်ခွင့်ရရင်ပဲ ကျေနပ်ပါပြီ။ မချစ်တတ်သူကို ပစ်မှတ်လိုသဘောထားပြီး အသည်းကွဲမှတ်တိုင်ကျမှ လက်ပြနှုတ်ဆက်ဖော်တောင်မရဘဲ ကျောခိုင်းပစ်ခွာခဲ့သူကိုမှ ...

"ရှိန်"

'ဟင်"

"နင့်ရဲ့ကင်းက နာမည်အပြည့်အစုံ ဘာလဲ"

ရှိန် မဝံ့မရဲလေး ရှားကိုမော့ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကင်းတစ်လုံးဝသည်းပဲ သိထားတာဟာ၊ မေးလည်း မမေးဖြစ်ဘူး"

"သေလိုက်ပါတော့ဟာ"

"အေးဟယ် . . . ကိုယ့်ချစ်သူတစ်ယောက်လုံးရဲ့ နာမည်ကို တောင် အပြည့်အစုံမသိဘူးတဲ့ အံ့ပါရဲ့၊ ဟိုက အရှူးလုပ်သွားတာ နည်းတောင်နည်းသေးတယ်၊ ဒီလောက်တုံးတဲ့အတဲ့မိန်းမ အသည်းကွဲ ရုံမဟုတ်ဘူး အသက်ထွက်သွားတောင်မှ တစ်စက်မှ သနားစရာ မကောင်းတာ"

ဝိုင်းပြည့် ဒေါသဖြစ်ဖြစ်နှင့် ရှည်လျားစွာပြောနေတော့ ရှိန်း မျက်နှာလေးက ငယ်ငယ်။ သူ့ငယ်ချင်းတွေပြောလည်း ခံရတော့မှာပေါ့ လေ။ သူ့နာမည် ကင်းဆိုတာကလွဲရင် ရှိန် ဘာမှမသိအောင် သူ့အ ကြောင်းကို မစပ်စုခဲ့မိပေ။ ချစ်တာတစ်ခုကလွဲရင် ဘာကိုမှမသိချင်တဲ့ ရှိန် သူ့အကြောင်းကို စပ်စုမိလို့ သူငြိုငြင်မှာစိုးခဲ့တာ ရှိန် ခုလိုဖြစ်ဖို့ လား။

သူနဲ့ကိုယ် ချစ်နေကြရင်ဖြင့် ဘာမှမလိုဘဲ အရာအားလုံး ပြည့်စုံပြီးလို့ ထင်ခဲ့တဲ့ရှိန်ရဲ့ကျရှုံးခန်းက မရှုမလှပါ။ ဒါပေမဲ့ . . . ရှိန် ကိုယ့်ကိုယ်ကို နုံရအရမလားဆိုပြီး ဒဏ်ခတ်ခဲ့တာ သူ့ကိုမေ့ပစ်ဖို့။ ရှား ပြောလေ့ရှိတဲ့ စကားရှိတယ်လေ။ ကောင်လေးတွေ သူ့ကို





ထိုက်တိုင်း ပြောလေ့ရှိတဲ့ စကားပါ။ ကဗျာလိုလို ဟာသနှောသလိုလိုနဲ့ —

"ပြောပေါင်းလည်း ထပ်နေပါပြီ၊ ပြောလွန်းလို့ အားနာပါ နို့ မင်း မချစ်လည်း နေပါကွယ်၊ မင်း မချစ်လို့မသေပါဘူး၊ လေမရူး ရှာ သေမှာပါ"

လို့ပြောပြီး ဟားလှွတ်တတ်တဲ့ ရှားစကားကြောင့် အချစ်မရှိ လို့ မသေနိုင်ပါဘူး။ လေမရူးရမှ သေမှာပါလို့ ကိုယ့်စိတ်ကို သံပတ် ပေးပြီး မေ့ပျောက်ဖို့ ကြိုးစားနေခဲ့တာပါ။

"အခု နင့်အသည်းတွေ ခေါက်ရိုးကျိုးခဲ့သမျှ မီးပူပြန်တိုးဖို့ ကြိုးစားသင့်တယ် ရှိန်"

"ငါ ကြိုးစားနေပါတယ်"

"သူ့ပုံစံကို နင် အသေးစိတ် ပြောပြနိုင်မလား ရှိန်"

"ငါ့မှာ သူ့ဓာတ်ပုံရှိတယ် ရှား"

"ဟုတ်လား . . . ငါ့ကိုပြစမ်းပါ၊ ဖြစ်နိုင်ရင် နင် ခုပြန်ယူလိုက် ပါလား ငါ သေချာအောင်ကြည့်ချင်လို့ပါ"

"နင်က ဘာသေချာချင်တာလဲ"

"အခု ရှားပထွေးကပါတဲ့ သားနာမည်က မြိုင်ဘက်ကင်းတဲ့ သော ရုပ်ချောသလောက် ဂျစ်ကန်ကန်နဲ့တဲ့၊ ရှားနဲ့တစ်အိမ်တည်းနေ



www.burmeseclassic.com

www.burmeseclassic.com



နေရတာ၊ အဲဒါ နင့်အကောင် ဟုတ်မဟုတ် ရှားက သိချင်လို့ ရှင်းပြီ
လား''

''ဟင်''

ရှိန်က အံ့သြသလိုလေး ရှားကိုကြည့်နေသည်။ အဲဒီလိုဖြစ်
ရိုးသားသူလေးရှိန်ကိုမှ ရက်ရက်စက်စက် အရူးလုပ်သွားတဲ့ကောင်ကို
ရှား လုံးဝမကျေနပ်ပေ။

''ငါ့မှာပါလာပါတယ်''

ရှိန်ပြောရင်းပဲ သူမပခုံးမှ ချိတ်ထားဆဲရှိသော အိတ်ကိုဖွင့်၍
ဓာတ်ပုံလေးတစ်ပုံကို ထုတ်ပေးလေသည်။ ရှားမယူခင် ဝိုင်းပြည့်က
ဆတ်ခနဲဆွဲယူပြီး ကြည့်လိုက်၏။

''ချောတာတော့ တော်တော်ချောတယ်၊ ရှိန်ကြွေမယ်ဆို
ကြွေလောက်စရာပါ''

ရှား ဝိုင်းပြည့်လက်ထဲက ဓာတ်ပုံကို ဆွဲယူကြည့်လိုက်၏။
ဂစ်တာကို ပိုက်၍ အရယ်မျက်နှာနှင့် ရှိန်ရဲ့ကင်းဆိုတဲ့လူဟာ ပြိုင်ဘက်
ကင်းမှ ပြိုင်ဘက်ကင်းအစစ်။ လုံးဝ ရေမရောပါဘူး။ ရုပ်ရည်ကို
ပိုက်ကွန်လိုထောင်ပြီး မိန်းကလေးတွေရဲ့နှလုံးသားကို အမိဖမ်းစား
နေတဲ့ အသည်းစားဘီလူး။

ရှားရဲ့မျက်လုံးတွေက ဓာတ်ပုံပေါ်မှာ စူးနစ်လျက် မျက်ဝန်း





မှာ မီးတောက်မီးလျှံတောက်နေပါက ပြိုင်ဘက်ကင်းသည်လည်း
ဆက်ရှိလှသားဆိုပါလျှင် ဒီနေရာမှာတင် ပြာကျသွားပြီပေါ့။ ရှားနှုတ်
ခမ်းကို တင်းတင်းစေ့ထားပုံက ကင်းကို အစိမ်းလိုက်ဝါးစားချင်နေ
သည့်နှယ်။

''ဟုတ်လား ရှား''

ရှားဓာတ်ပုံပေါ်မှ အကြည့်ကို ဆတ်ခနဲ ဖယ်ခွာလိုက်ပြီး...

''သေချာတာပေါ့ ... သူမှ သူအစစ်ပဲ''

''သေချာတယ်ဆိုရင် နင် ဘာဆက်လုပ်မလဲ''

''နင်တို့ စောင့်ကြည့်လိုက်၊ ငါ သူ့ကို ဒုက္ခမျိုးစုံ ပေးပြမယ်''

''ရှား ... နင် ... နင်နဲ့သူ သိနေတာလားဟင်''

''သိရုံတင် ဘယ်ကမလဲ၊ တစ်အိမ်တည်းမှာကို အတူနေရ
တာ၊ ငါ့ပထွေး ဦးတိုးတက်ရဲ့သား ပြိုင်ဘက်ကင်းဆိုတာ နင့်ရဲ့ကင်း
အစစ်ပဲ ရှိန်''

''ဗြော်''

ရှိန် ခေါင်းလေးငုံ့သွားလေ၏။

''ရှိန်''

''ဟင်''

ရှိန်မျက်နှာလေး ပြန်မော့လာလေလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"နင့်အသည်းကို နင် အချိန်မီ ချုပ်လိုက်တော့ ရှိန်၊ ငါ
သိရသလောက်ဆို အဲဒီကောင်က အချစ်ကို ဘော်လီဘောပုတ်တမ်း
ကစားနေတဲ့ကောင်၊ အဲဒီလိုကောင်မျိုးနဲ့ နင့်ရဲ့ဖြူစင်သန့်ရှင်းတဲ့အချစ်
လုံးဝကို မတန်တာ"

ရှိန် ဖြည်းညင်းစွာ ခေါင်းလေးညိတ်လိုက်သည်။ သူငယ်ချင်း
တွေက သူ့ကို ချောက်တွန်းကြမှာမှ မဟုတ်ဘဲလေ။ ချောက်ထဲကျ
စိုးလို့ ကြိုးနဲ့ရစ်ပတ်နေတာကို ရှိန် နားလည်ပါတယ်။ ဒါကြောင့်...

"ငါ ကတိပေးပါတယ် ရှားရယ်၊ ငါ သူ့ကို မေ့နိုင်အောင်
ကြိုးစားပါ့မယ်"

○ ○ ○



# အခန်း (၁၂)

ရှား ဖူးလေးတစ်ဖူးကိုကိုင်ပြီး ဖိုးကြွက်ကို လိုက်ရှာနေမိ
သည်။ မနေ့က အန်ကယ်တိုး မေမေ့ကိုပြောပြနေတာ ရှား ကြားလိုက်
ရ၏

"သားကို နည်းနည်းတော့ သည်းခံပါ လှိုင်းရယ်၊ ဒီကောင်
က အလိုလိုက်ထားတော့ ခပ်ဆိုးဆိုးလေးဖြစ်နေတာ၊ စိတ်ကလည်း
ဆတ်သေးတယ်၊ ငယ်ငယ်ကဆို တအားဆိုးတာ လှိုင်းရဲ့"

"ငယ်ငယ်က ဆိုးတာပဲဖြစ်မှာပါ ကိုတိုးရဲ့၊ အခု ကင်းက
လှိုင်းနဲ့ ဆက်ဆံတာတော့ အဆင်ပြေပါတယ်၊ ကိုတိုးက ဘာကို
စိုးရိမ်နေတာလဲ"

"လှိုင်းနဲ့တော့ အဆင်ပြေတာ ကိုယ်သိပါတယ်၊ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အဆင်မပြေဖြစ်နေတော့ ကိုယ် ဘာလုပ်ရမှန်းကို မသိတော့ဘူး

"လူငယ်တွေဆိုတော့ မာနချင်းပြိုင်နေကြတာလေ၊ သ ဘက်က မှားတာလည်း ရှိပါတယ်၊ ဒါပေမဲ့ ကိုတိုး သိပ်ပြီး မစိုး ပါနဲ့၊ အရေးကြီးရင် သွေးစည်းတယ်တဲ့၊ အနေကြာလာရင် သူ တစ်ယောက်ကိုတစ်ယောက် နားလည်သွားမှာပါ"

ရှား နံရံကွယ်ကနေ နှုတ်ခမ်းမဲ့ပစ်လိုက်မိ၏။ သူနဲ့အဆင် ပြေဖို့များ ဝေးသေးတယ်လို့ တွေးနေတုန်းမှာ ...

"ငယ်ငယ်တုန်းကတော့ သားကို နိုင်ကွက်နဲ့ကိုင်ပြီး ထိန်း ချုပ်ရတာ လွယ်ရဲ့၊ အခုကျတော့ အရွယ်ရောက်တာထက်တော ပိုနေပြီဆိုတော့ အဲဒီနည်းနဲ့ ထိန်းချုပ်ဖို့ မသင့်တော်တော့ဘူးလေ အဲဒါကြောင့် ကိုယ်လည်း လွှတ်ထားမိတာ"

"ဟင် ... ကိုတိုးက ဘယ်နည်းနဲ့ ကင်းကို ထိန်းချုပ်တာ လဲ ပြောပါဦး"

ဦးတိုးတက် ရယ်လိုက်ကာ ...

"ဒီကောင်က ကျားနဲ့တောင် နပမ်းလုံးရဲတဲ့သတ္တိရှိပေမယ့် ကြွက်ပေါက်စနီနီရဲရဲလေးတွေဆိုရင် တုန်နေအောင် ကြောက်တာ လိုင်းရဲ့၊ ငယ်ငယ်တုန်းက သူ့ကို ပြောဆိုမရတိုင်း ကြွက်ပေါက်စရှာပြီး ခြောက်ရတာ ကြွက်ရဲရဲလေးများ မြင်လို့ကတော့ ငယ်သံပါအောင်





အော်တာကွ ... ဟား ဟား ဟား"

ဦးတိုးတက်က ပြောပြီး သဘောကျစွာ ရယ်နေသလို ရှား လည်း ဝမ်းသာစွာ ပြုံးခဲ့မိသည်။ လက်မည်းကောင်ကို ပညာပြဖို့ နည်းလမ်းတွက်ရသွားတာကို။

အခု ...

ရှား ဖိုးကြွက်ကို ရှာနေတာ ကြွက်ပေါက်စလေးတွေ ရှာခိုင်း ပြီး စတိုခန်းထဲမှာ ဒီလောက် ကြွက်ပေါ်နေတာ ရှိချင်ရှိနေမှာပေါ့။ သူရှားသိကြားမလို့ ရှာလို့တွေ့ပါစေ။ ဒါမှ လက်မည်းကောင်ကို ကောင်းကောင်းပညာပြလို့ရမှာ။ သူ ပညာပြတုန်းက ရှား ထမင်းဝိုင်း ကနေ ထသွားရတာလေ။ အဲဒီအတွက် မကျေနပ်ပွဲလေး နွှဲဖို့ ရှား အပြင်းကြီးစားနေတာ သူများသိရင် ရယ်စရာပေမယ့် ရှားအတွက်က တော့ ရိုက်ဖို့တုတ် ကောက်ပေးတာထက်ပင် ဝမ်းသာပီတိဖြစ်နေရ၏။

"မမလေး"

"အမေ့"

နောက်ကနေ ရုတ်တရက် ခေါ်လိုက်တာမို့ ရှား လန့်သွား လေလျှင် ...

"မမလေး ဘာရှာနေတာလဲ"

"နင့်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဟဲ့ ... တလွဲတွေးမနေနဲ့၊ နင့်ကို ပြောစရာရှိလို့ ရှာနေတာကို ပြောတာ"

"သြော် ... ဟုတ်"

"ဘာ ... ဟုတ်လဲ၊ ဘာကို ဟုတ်တာလဲ"

"ဟို ... ဟိုလေ ... မမလေး၊ ကျွန်တော့်ကို ပြောစရာရှိလို့ ရှာနေတယ်ဆိုတာကို ဟုတ်ကဲ့ ပြောပါလို့ ပြောတာပါ"

ရှား မျက်စောင်းထိုးလေတော့ ကြွက်စုတ်ခေါင်းကုတ်ပြီး သက်ပြင်းချလေသည်။

"မမလေး"

"မမလေးလို့ မခေါ်နဲ့လေ၊ ဟိုလက်မည်းကောင်ကြားလို့ နင့်ကို ပြဿနာရှာနေဦးမယ်၊ မရှားလို့ခေါ်ရင် ရပြီ"

မရှားဆိုလို့ မ,ကို မ,သတ်နှင့် တွဲရာကနေ ကိုကင်းပြောတဲ့ မအသတ်မပါနဲ့တွဲပြီး မရှားဆိုရင် ပေါ်တာပေါ့လို့ တွေးပြီး ကြွက်စုတ် ပြုံးစိစိဖြစ်သွားလေလျှင် ...

"နင်က ဘာပြုံးတာလဲ"

"ဘာ ... ဘာမှမဟုတ်ပါဘူး၊ နာမည်ရဲ့အဓိပ္ပာယ်ကို စဉ်းစားမိလို့ပါ"





"ဟွန်း"

"မမလေး ပြောစရာရှိတယ်ဆို"

"အင်း"

ရှားခေါင်းညိတ်လိုက်ပြီး လက်ထဲကဗူးလေးကို အပေါ်သို့ မြှောက်တင်ပြီးမှ လက်နှစ်ဖက်နှင့် ပြန်ဖမ်းယူလိုက်သည်။ ပြီးမှ ခပ်ပြုံးပြုံးလေးနှင့် ဖိုးကြွက်ကိုကြည့်ပြီး ...

"နင် ငါ့ကို ကြွက်ဖမ်းပေးရမယ်"

"ဗျာ"

ကြွက်စုတ် အလန့်တကြားပုံစံနှင့် နောက်ဆုတ်သွားပြီး ခေါင်း ကို ကုတ်ပြန်သည်။ ရှားကို မျက်လုံးပြူးကြည့်နေပုံက ကြောင်ကို မြင်လို့ ပုန်းနေရသည့် ကြွက်ကလေးနှယ် မျက်စိသူငယ်နားသူငယ် ပုံစံနှင့်ပါ။ ရှား ဗူးလေးကို သူ့လက်ထဲသို့ ထည့်ပေးလိုက်ပြီး ...

"ကြွက်မှ နီနီရဲရဲပေါက်စလေးတွေ ရှာဖမ်းပေးရမှာနော်၊ အစ်ကောင်ကို မုန့်ဖိုးငါးရာပေးမယ်"

"မမလေးက ဘာလုပ်ဖို့လဲ၊ ကြွက်မွေးမြူရေး လုပ်မလို့လား၊ ကိုကင်းနဲ့ပြဿနာတက်လိမ့်မယ်နော်၊ ကိုကင်းက ကြွက်ပေါက်စဆို သိပ်ကြောက်တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မမလေးလို့ မခေါ်နဲ့လေ"

"ဟုတ် . . . ဟုတ်ကဲ့ပါ မရှား"

ရှားက ပြောစရာရှိတာကို ဆက်ပြောသည်။

"ငါ ဘာလုပ်လုပ် နင်သိဖို့မလိုဘူး ဖိုးကြွက်၊ ငါ့အတွက် အသုံးဝင်လို့ခိုင်းတာ၊ နင် ရှာပေးမလား၊ မပေးဘူးလား၊ ဒါပဲပြော"

"ရှာ . . . ရှာပေးပါ့မယ်"

"အိုကေ . . . ဒါဆို သွားတော့"

"ဘယ်မှာရှာရမှာလဲ မရှား"

"ဟဲ့ . . . စတိုခန်းထဲမှာ ကြွက်တွေ ဒီလောက်သောင်းကျန်းနေတာ အဲဒီမှာ သွားရှာပေါ့၊ ငါ စောင့်နေမယ်နော်"

ကြွက်စုတ်ခမျာ ခေါင်းလေးညိတ်ကာ, ညိတ်ကာနှင့် ဗူးလေးကိုင်ပြီး ထွက်သွားလေသည်။

ရှားတစ်ယောက်တည်း သဘောကျစွာ ပြုံးလိုက်၏။ တွေ ကြသေးတာပေါ့·ကင်းလက်မည်းကောင်ရယ်။ သူများကို နင် ပညာပြတာက ထမင်းပန်းကန်ကို ထားခဲ့ပြီး ထထွက်သွားလို့ရပေမယ့် နင့်အလှည့်မှာတော့ လန့်ရုံတင်မဟုတ်ဘူး လန်ကျသွားစေရမယ်သိ လား။

ငါ့သူငယ်ချင်းကိုလည်း ရက်ရက်စက်စက် အသည်းခွဲရက်တဲ့





နင့်ကို ငှက်ပျောသီးအမှည့်ခြွေသလို ငါပြန်ပြီးတတိတိနဲ့ ဒုက္ခပေးပြ မယ်။ နင် ခံနိုင်ရည်ရှိအောင် ကြိုးစားထား ဖြိုင်ဘက်ကင်း။

"မရှား"

"ဟင်"

ဖိုးကြွက်ခေါ်သံကြောင့် ရှားကိုယ်လေး တောင့်မတ်သွား သည်။

"အဆင်သင့်ပဲ မရှားရေ့ စာအုပ်တွေထားတဲ့နောက်မှာ ကြွက်တွေပေါက်နေတာ ၅ ကောင်တောင် ရခဲ့တယ်ဗျ"

"ဟုတ်လား"

"ဟုတ်တယ် ဒီမှာကြည့်"

ဖိုးကြွက်က ဗူးကိုအဖုံးဖွင့်ပြလေတော့ ရှား ငုံ့ကြည့်လိုက် သည်။ ဟုတ်ပါရဲ့ နီနီရဲရဲကြွက်ကလေးတွေ။ ဘာမှမသိနားမလည် သေးတဲ့ အကောင်လေးတွေကို သနားသလိုရှိသွားပေမယ့် ကြွက်ဆို တာ လူကိုအကျိုးမပြုတဲ့ သတ္တဝါလို့ စိတ်ကို တင်းပစ်လိုက်ရ၏။ ရှား ဗူးကိုကိုင်ပြီး ကြွက်ပေါက်ကလေးတွေကိုကြည့်ကာ ဝမ်းသာမိတာ က တစ်ဖက်။

ကြည့်ပြီး ရှား ဗူးဖုံးလေးကိုမပိတ်တဲ့ လေရှူပေါက် ခပ်ဟဟ လေးချန်လှပ်၍ ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံကိုထုတ်ကာ ငါးထောင်



www.burmeseclassic.com

www.burmeseclassic.com



တန်တစ်ရွက်အား ဖိုးကြွက်ကိုကမ်းပေးလိုက်သည်။

"ရော့ … အကုန်ယူလိုက်"

ဖိုးကြွက် ဘာမှပြန်မပြောခင်ပဲ ရှား ဖိုးကြွက်ရှေ့မှ ထွက်လာခဲ့တော့သည်။ ကင်း ဒုက္ခရောက်မည့်အရေးကို မြင်ယောင်ပြီး ရင်ထဲမှာ လှိုက်နေအောင် ဝမ်းသာမိသလိုလို။

"အဟွန်း … ကျေးဇူးပဲ ကြွက်ကလေးတွေရေ ကျေးဇူးနော် … ကျေးဇူး၊ နင်တို့ကို ရှာပေးတဲ့ ကြွက်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်"

○ ○ ○



## အခန်း (၁၃)

ကင်း အပြင်မှပြန်လာပြီး လေချွန်တမြမြနှင့် အခန်းထဲသို့ ဝင်လာခဲ့သည်။ ဂျာကင်ကိုချွတ်ပြီး ကုတင်ပေါ်သို့ပစ်တင်ကာ လှဲပါလို့ ချလိုက်၏။ အမောပြေလောက်ပြီဆိုမှ ထထိုင် ပြီးမှရေချိုးမည်ဟု စိတ်ကူးကာ ရေချိုးပြီးဝတ်မည့် အဝတ်တွေကို ထုတ်ယူရန် လှမ်းလိုက်စဉ် …

"ဟင်"

သူ့ခုတင်ခြေရင်းထောင့်မှာ ပါဆယ်တစ်ထုပ်။ ဖဲကြိုးတွေ အတွေနဲ့ အပေါ်မှာ စည်းထားသဖြင့် စိတ်ဝင်စားသွားသည်။ ဒါ ဘယ်သူလာထားသွားတာလဲ။ သူ့အလိုလိုတော့ ခြေထောက်ပေါက်ပြီး ရောက်လာမှာ မဟုတ်ပေ။ ကင်းပါဆယ်ကို ကောက်ယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အထဲမှာ ဘာတွေပါလိမ့်၊ အဟွန်း . . . ဘယ်ရည်းစားဟောင်းကများ ပြန်ဆက်ချင်လို့ လာဘ်ထိုးတယ်မသိဘူး၊ အဲဒါဆိုရင်တော့ ဆောရီးပဲဟေ့၊ ပြိုင်ဘက်ကင်းဆိုတဲ့ကောင်က ထွေးပြီးသားတံတွေးကို ပြန်မမျိုတတ်သလို ကျောခိုင်းမိရင် နောက်လှည့်ကြည့်တတ်တဲ့ ထုံးစံမရှိတော့ ဝမ်းနည်းပါတယ်"

ကင်း ပါဆယ်ထုပ်ကို ချပစ်ပြီးမှ အတွေးတစ်ခုပေါက်ကာ ပြန်ကောက်ယူလိုက်၏။ လက်ထဲမှာ ချိန်ဆကြည့်ပြီး . . .

"ပေါ့တော့ ပေါ့ပေါ့လေးပဲ၊ အဖိုးတန်တဲ့ပစ္စည်းတစ်ခုခုဆိုရင် လွှင့်ပစ်ရမှာ နှမြောစရာကြီး၊ ဖွင့်တော့ ဖွင့်ကြည့်ဦးမှပါ"

ကင်း ခုတင်ပေါ်မှာ ထိုင်ချလိုက်ပြီး ပါဆယ်ထုပ်ကို ဖွင့်လိုက်သည်။ အထဲမှာ ပေါ်လာတာ ဘိုက်ဘာဗူးလေး၊ ကင်း မျက်မှောင်ကြုတ်သွားလေ၏။ ဘယ်တောသားကများ ငပိထောင်းတို့ ငပိကြော်တို့ လက်ဆောင်ပို့ပါလိမ့်၊ ပုံစံက အဲသလိုမျိုးကြီးလေ။

ဒါပေမဲ့ . . . ဗူးက ပေါ့ပေါ့လေးဆိုတော့ ဒါလည်း မဖြစ်နိုင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ဖွင့်ကြည့်မှ သိမှာမို့ ဗူးဖုံးကို ဖွင့်လိုက်စဉ် နီနီရဲရဲ ကြွက်ပေါက်စလေးတွေကို မြင်လိုက်ရတော့ . . .

"အမယ်လေးဗျ"

ဗူးကိုလန့်ပြီး လွှင့်ပစ်လိုက်လေတော့ ဗူးကတခြားနှင့် ကြွက်





ပေါက်စလေးတွေက လွင့်စင်သွားသည်။ ကင်း ကြွက်ပေါက်စလေးတွေကိုကြည့်ပြီး ရှုံ့ရှုံ့မဲ့မဲ့မျက်နှာနှင့် . . .

"အမေရေ . . . ကယ်ပါ"

ကင်း ကြောက်စိတ်နှင့် ကြွက်ပေါက်တွေကို ခုန်ကျော်၍ တစ်ချိုးတည်း ပြေးလေတော့သည်။ အောက်ထပ်မှ အပေါ်သို့တက်လာသော ဦးဘလှနှင့် လှေကားမှာဆုံကြသော်လည်း . . .

"ကိုကင်း . . . ဘာဖြစ်လာတာလဲ"

"ကြွက်တွေ . . . ကြွက်တွေ"

ပါးစပ်မှ ကြွက်တွေ . . . ကြွက်တွေဟု တတွတ်တွတ်အော်၍ ဦးဘလှကို ရှောင်ကွင်းကာ လှေကားမှပြေးဆင်းသွားလေလျှင်၊ လှေကားသုံးထစ်အကျန်မှာတော့ . . .

"အောင်မယ်လေး . . . ဗျာ"

ဦးဘလှက ဘေးမှကပ်တက်သွားလို့ ဘာမှမဖြစ်ပေမယ့် ရှုတ်တရက် ပြေးဆင်းလာတဲ့ကင်းအဖို့မှာ ဖန်လုံးလေးတွေ စီချထားပြီး ခြေသုတ်စောင်လေးနှင့်အုပ်ထားတာကို တက်နင်းမိ၍ ဖန်လုံးတွေ လိမ့်ကျသွားခြင်းနှင့်အတူ လူပါ ပြုတ်ကျသွားလေတော့၏။

"အား"

"ဟာ . . . ကိုကင်း"



www.burmeseclassic.com

www.burmeseclassic.com



"သေပါပြီ ... အား ... ကျွတ် ... ကျွတ်"

"ကိုကင်း"

ဦးဘလှ ပြေးဆင်းလာပြီး ကင်းဘေးမှာ ထိုင်ချလိုက် ..။

"ကိုကင်း ... ဘာဖြစ်"

"မမေးနဲ့ ကျွန်တော့်ဘေးပတ်ဝန်းကျင်ကို အရင်ကြည့်"

"ဟင်"

ဦးဘလှ ပတ်ဝန်းကျင်ကိုကြည့်ပြီး မျက်လုံးပြူးသွားသည်။ သူ တက်တုန်းက ဒါတွေကို မမြင်ဘဲ တက်မနင်းမိတာ ကံကောင်းတယ်လို့ ဆိုရမလား။ တကယ်ဆို ဒါတွေကို အရင် နင်းမိရမှာ သူပဲ မဟုတ်လား။ သူက ကံကောင်းပြီး ကိုကင်း ကံဆိုးသွားတာအတွက် စိတ်မကောင်းကော ဖြစ်ရမည်။

"ဘယ်နာသွားလဲ ကိုကင်း၊ ဦးလေး ဘာလုပ်ပေးရမလဲ ဟင်"

"ခါးနာသွားတာဗျာ ... အား ... ကျွတ်"

ကင်း ခါးကို လက်နှင့်ထောက်၍ ထဖို့ ကြိုးစားသော်လည်း မအောင်မြင်ပေ။

"တောက် ... ဘယ်က အလေနတ်တော ကာလေကဝ အုတ်ကြားမြက်ပေါက် ပေါတိပေါချာတွေက လုပ်သွားတယ်မသိဘူး"





"ဘယ်က ကာလေကဝ အုတ်ကြားမြက်ပေါက်မှ လုပ်တာ မဟုတ်ဘူး၊ ငါလုပ်တာ"

"ဟင်"

ကင်း၊ ဒုက္ခရောက်နေတာကို တစ်ထောင့်တစ်နေရာက ချောင်းကြည့်ပြီး ကျိတ်ရယ်နေတဲ့ ရှား၊ ကင်းရှေ့ရောက်လာပြီး ခါးထောက်ရပ်လိုက်တော့ ...

"နင် ... မပေါမ"

"ဟုတ်တယ်"

ရှား မရိုးမခန့်ပုံစံနှင့် ဆံပင်တွေ နွဲ့ခါပြလေတော့ ကင်းဒေါသ ဖြစ်ကာ ကုန်းထလိုက်၏။

"အား"

ပြန်လဲကျမသွားအောင် အားတင်းထိန်းလိုက်ရတာ ခါးထဲမှာ အသံထွက်လိုက်တဲ့အတိုင်းပါပဲ။ ရှားက ကောင်းတယ်ဟူသော အပြုံးမျိုးနှင့်၊

"နင်လုပ်တာ ဟုတ်လား"

"ဟုတ်တယ်"

"နင် တော်တော်စိတ်ပုပ်ပါလား။ ဘာကိစ္စ ဒီလိုလုပ်ရတာလဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အမြင်ကတ်လို့"

"ဘာ"

"ငါက ပုဆိုးခြုံထဲကနေ လက်သီးပုန်းမပြတတ်ဘူး။ မကျေ နပ်ရင် ပေါ်တင်ပဲ ရှင်းလား"

မျက်လုံးကို မှေးစင်းပြောလိုက်ပုံက ခြေနှစ်ချောင်းဆွဲပြီး ကိုင်ပေါက်ချင်စရာ။ ကင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက် ပြီး ..

"နင် မိန်းကလေးဖြစ်နေလို့ ကံကောင်းတယ်မှတ်"

"ဘာမှမှတ်စရာမလိုဘူး၊ စိန်ခေါ်ရင် တိမ်ပေါ်အထိ ထဘီ စွန်တောင်ဆွဲလိုက်ဦးမှာ မယုံမရှိနဲ့"

"တောက်"

ကင်း တက်ခေါက်ပစ်လိုက်၏။ ကိုယ်က သူနဲ့ပတ်သက်ပြီး အကြောမခံချင်လို့ ပညာပြခဲ့မိတာ မှန်သည်။ ဒါပေမဲ့ ကင်းရဲ့လုပ်ရပ် က သူ့ကို အသက်ဘေးကို ထိခိုက်ဖို့မပြောနဲ့ အသားလေးတောင် ပွန်းရာပဲ့ရာ မထင်ခဲ့ပေ။

စိတ် ကသိကအောက်ဖြစ်အောင် လုပ်တာကလွဲရင် ဘာများ ထိခိုက်နာကျင်စေတာရှိလဲ။ ရှား ပြန်လုပ်လိုက်တာကြတော့ အဆ မတန်။ ကြွက်နဲ့ စိတ်ကသိကအောက်ဖြစ်အောင် လုပ်တာထားတော့





နှင့်လှွတ်လို့ရသည်။ အခုကြည့်စမ်း။ လှေကားသုံးထစ်ပေါ်က ပြုတ် ကျတာတောင် ခါးနာသွားတာ အပေါ်ဆုံးကနေသာဆို မတွေးရဲစရာ။ အခုချိန်မှာ ကင်း အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲနေလောက်ပြီပေါ့။

"ဒီမှာ ပြိုင်စံရှား"

"ပြော"

"မင်း ငါ့ကို အမြင်ကတ်တယ်ဆိုတာ ဘယ်အတိုင်းအတာ အထိလဲ၊ မင်း အခုလိုလုပ်လိုက်တာ အခန့်မသင့်ရင် ရာဇဝတ်မှု မြောက်သွားနိုင်တယ်ဆိုတာ မင်းသိရဲ့လား။ လှေကားသုံးထစ်လောက် ကနေ ပြုတ်ကျတာမို့လို့သာပေါ့၊ ဆယ်ထစ်လောက်ကသာ ပြုတ်ကျ ရင် ငါ ဘာဖြစ်သွားပြီလဲ မင်း စဉ်းစားမိရဲ့လား"

"မစဉ်းစားပဲနေပါ့မလား၊ ၇ဉ်းစားလို့ သုံးထစ်လောက်မှာပဲ လုပ်ထားတာလေ၊ နင့်ကို သေမှာစိုးလို့တော့ မဟုတ်ဘူး၊ ငါ ထောင် ကျမှာစိုးလို့ ပြီးတော့ ... ငါက နင့်ကို သေတာမမြင်ချင်ဘူး။ ဒုက္ခရော ရပြီး ခံစားနေရတာကိုပဲ ကြည့်ချင်တာ"

"ဘာ"

ကင်း ဘာကိုနားလည်ရမလဲ။ ပြိုင်စံရှားရဲ့မျက်ဝန်းရိပ်က နာကြည်းမှုတွေဟာ သူနဲ့ကိုယ်ကြားမှာ ဒီလောက် မလိုမုန်းထား ဖြစ်စရာအကြောင်းမရှိဘူး ထင်၏။ ဖြစ်နိုင်လျှင် ကိုယ့်ကို သက်သေ



www.burmeseclassic.com

www.burmeseclassic.com



ချင်လောက်အောင် မုန်းနေတယ်ဆိုတဲ့စကားကို မျက်ဝန်းတွေက ပြော နေသည်။ ဒါ ဘာအကြောင်းကြောင့်လဲ။ လူကြီးတွေ လက်ထပ်တဲ့ ကိစ္စနဲ့တော့ မဆိုင်ဘူးလို့ ထင်သည်။

"အခု နင် ခါးနာသွားတယ် မဟုတ်လား"

ကင်း ပြန်မဖြေဖြစ်ဘဲ ရှားကိုသာ ကြည့်နေသည်။

"ခါးနာတာ ဆေးကုလို့ရတယ် မြိုင်ဘက်ကင်း။ အသည်း ကွဲတဲ့သူကို ဘာနဲ့မှ အစားထိုးချုပ်ပြီး ကုလို့မရဘူးဆိုတာ နင်သိ ထားပါ၊ ငါနဲ့ပတ်သက်နေတဲ့ လူတစ်ယောက် အသည်းကွဲဒဏ်ရာနဲ့ နလန်မထသေးသရွေ့ နင့်ကို ငါ ခုလို ဒဏ်ရာမျိုးတွေ ပေးနေရမှ ကျေနပ်မယ်"

"ဘာ ... ဘယ်လို"

ကင်း အံ့သြသလိုမေးပြီးမှ ကိုယ့်ဘာသာ ပြန်စဉ်းစားကြည့် မိသည်။ ဒါဆို မြိုင်စံရှားနဲ့သူကြားက ပဋိပက္ခတွေဟာ မိသားစုအရေးနဲ့ ဘာမှမဆိုင်ဘူးဆိုတာ ထင်ရှားနေသည်။ ကင်းကြောင့် အသည်းကွဲ ပြီး ကျန်ခဲ့ရတဲ့ ရည်းစားဟောင်းတွေထဲက မြိုင်စံရှားနှင့်ပတ်သက် နေသူတစ်ယောက်တော့ ပါနေလိမ့်မည်။

ဘယ်သူလဲ။ မြိုင်စံရှားနဲ့ ဘယ်လိုပတ်သက်နေလို့ မြိုင်စံရှား က သူ့အပေါ် ဒီလောက်အငြိုးအတေးတွေထားနေတာလဲ။ ဘာပဲ





ဖြစ် ကင်း ဂရုမစိုက်ပေ။ ကိုယ်က အစကတည်းက ဂရုမစိုက်လို့ ...တတ် ကိုယ်နိုင်အောင် က,နေတာ ဘယ်သူဝင်ပြီး ဖြေရှင်းပေးလို့ ...ာရှိလဲ။ မြိုင်စံရှားကို ကြည့်မရတာတွေ ရှိခဲ့တာမှန်သည်။ အဲဒါ ...ကြည့်မရတာလို့ အမည်ဖော်လို့မရဘဲ ပညာပေးတာ နည်းနည်း ...မယ့် အငြိုးအတေး။ အမုန်းတွေ ကိုယ့်ဘက်က မပါတာသေချာ ...။ သူများကြောင့် သူက ကိုယ့်ကို အနာတရဖြစ်အောင် လုပ်သည် ...တော့ အဲဒီသူများက ဘယ်သူလဲ သိချင်လာတာ မဆန်းပေ။

"မင်းနဲ့ပတ်သက်နေတဲ့ လူတစ်ယောက်က ငါ့ကြောင့် ...ည်းကွဲဒဏ်ရာနဲ့ နလန်မထူဘူး ဟုတ်လား မြိုင်စံရှား"

"ဟုတ်တယ်၊ အသေအချာပဲ"

"ဒါဆို ဘယ်သူလဲ"

"မိုး ... မိုး ... ရှိန်"

ရှားက ပြတ်သားအောင် တစ်လုံးချင်း ပြောလိုက်သည်။

...လုက သူတို့နှစ်ယောက်ကြားမှာ ဘာမှန်းမသိဘဲ ခပ်ကြောင် ...ကြောင်ရပ်နေရာမှ လှည့်ထွက်သွားဖို့ ပြင်လိုက်စဉ် ...

"ဦးလေး"

"ဟင် ... ဟေ"

"ကျွန်တော့်အခန်းထဲက ကြွက်တွေကို သွားရှင်းလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး"

ဦးဘလှ လှည့်ထွက်သွားလေတော့ ကင်း ခါးထောက်
လျက် ရှားကို စူးစူးစိုက်စိုက်ကြည့်လေသည်။ ရှားကလည်း ရဲရဲ
ကြည့်၏။ မျက်ဝန်းနှစ်စုံမှာ ဝမ်းသာပီတိဖြစ်ရာအရိပ်လေးတွေ
ဝင်နေတာတော့ မဟုတ်ပေ၊ မာနရိပ်တွေ အပြိုင်ထင်ဟပ်နေသည်

မိုးမိုးရှိန်ဆိုတာကို ကင်း ကောင်းကောင်းသိတာပေါ့။ နော
ဆုံးထားခဲ့တဲ့ ရည်းစားမို့ မမေ့သေးပါ။ ရည်းစားထားရတဲ့အလုပ်
ငြီးငွေ့သလို ရှိလာသည်မို့ မိုးမိုးရှိန်ကို အဆက်ဖြတ်ပြီး ကင်းနော
ထပ် ဘယ်မိန်းကလေးကိုမှ မလိုက်တော့ဘဲ ခြေငြိမ်နေခဲ့တာ

"နင် မိုးမိုးရှိန်ကို သိတယ်မဟုတ်လား"

"သိတယ်၊ အဲဒါ ငါ နောက်ဆုံးထားခဲ့တဲ့ ရည်းစား"

ရှား နှုတ်ခမ်းကို ဖိကိုက်လိုက်ပြီးမှ ...

"နင့်မှာ ကိုယ်ချင်းစာစိတ်မရှိဘူး။ နှမချင်းစာနာတတ်
စိတ်မရှိလို့ နင့်ကို ငါမုန်းတာ၊ နင်ကလေ ကိုယ်ချင်းစာစရာ မအေ
မရှိတာ ကံကောင်းတယ်လို့ ပြောရမလားပဲ၊ ရှိသာရှိရင် ကိုယ်မ
ကိုယ်မရှောင် ကိုယ်နှမတောင် အလွတ်မပေးမယ့် လူစားမျိုး"

"ပြိုင်စံရှား"

ကင်းရဲ့အော်သံကြီးက ကျားဟိန်းသံလို နံရံတွေကို ရိုက်ခ





လေသည်။ ရှားပြောလိုက်တဲ့စကားက ကင်းကို မစင်တွင်းထဲတွန်း
ကိုက်သလိုပါပဲ။ တစ်ကိုယ်လုံး အနံ့မခံနိုင်အောင် အကျင့်ဆိုးပြီး
မာတယ်လို့ ပြောလိုက်တာနဲ့ အတူတူပါပဲ။ သူတင်ကိုယ်ကျပြော
တဲ့စကားထဲမှာ မအေနှမထိခိုက်တဲ့အထိ ပြောစရာလား။

ကိုယ့်သိက္ခာ ကိုယ့်မာနတွေကို ထိပါးလာပြီမို့ ကင်းအသား
တဆတ်ဆတ်တုန်လာသည်။

"နင့်စကားတွေ အိုဗာဖြစ်လွန်းနေပြီနော်၊ ငါ ရည်းစားများခဲ့
နိုင်တယ်၊ ဒါပေမဲ့ ဘယ်သူ့အပေါ်မှ မစော်ကားမယုတ်မာဘူး၊
အတွက် ငါလိပ်ပြာသန့်တယ်၊ ခွေစဉ်မျိုးဆက် နင် လိုက်စော်
စရာ မလိုဘူး"

"နင်ကတော့ အချစ်ရဲ့တန်ဖိုးကိုမှ နားမလည်တာ ...
ပြာသန့်ပြီး ပျော်နိုင်မှာပေါ့၊ တစ်ဖက်က ရင်းလိုက်ရတာ နှလုံး
တဲ့"

"အဲဒါဘာဖြစ်လဲ ... ရည်းစားတစ်ထောင် မယားကောင်း
ယောက်၊ ငါ့ဘာသာ ခေါင်းခေါက်ပဲရွေးရွေး ရွေးခွင့်ရှိတယ်၊
ဆိုတာ သစ်တစ်ပင်လို ရှင်သန်ကြီးထွားလာရင်တောင် နေရာမ
ရင် ရွှေ့စိုက်လို့ရတယ်၊ အဲဒါကို နင် နားလည်လား။ ကွဲကြကွာ
ခဲ့သဘောတရားကို လက်မခံနိုင်ဘဲ အသည်းမခိုင်ရင် အစက



www.burmeseclassic.com

www.burmeseclassic.com



တည်းက အချစ်ကို ဒသမ မချိုင်နဲ့လို့ မိုးမိုးရှိန်ကို ပြောလိုက်''

ပြောတတ်လိုက်တာ လွယ်လွယ်လေးပါလား။ ငါယောကျ်ား ပဲဆိုပြီး မရရင်အရင်း၊ ရရင်အမြတ်ဝါဒနဲ့ မိန်းကလေးတွေအပေါ် အသားလိုက်ယူနေတဲ့ ယောကျ်ားကို သူ့စကားနဲ့ပဲ ဘယ်သူက ထိုး ကန်တော့ပြီး အလေးပြုနေမှာလဲ။

''နင့်မှာ နှမရှိရင် နင် ဒီစကားမျိုးကို ပြောနိုင်မလား ပြိုင် ဘက်ကင်း''

''ပြောနိုင်တာပေါ့ ... လူတိုင်းမှာ ကိုယ်ပိုင်အတွေးအခေါ် ဆိုတာရှိတယ်၊ ကိုယ့်ကိုယ်ကိုမှ ကိုယ်မသနားရင် သူများက သနား တဲ့လား၊ ငါ့မှာ ညီမရှိရင်လည်း လမ်းကြောင်းကိုညွှန်ပေးမယ် လမ်းမှားလျှောက်ရင် သူ့ထိုက်နဲ့သူ့ကံပဲ''

''နင်က တစ်ကိုယ်ကောင်းသမားပဲ''

''ဘာ''

ရှား နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။

''ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုပြီး နင် ပျော်ရင် ပြီးရော နှမကို ဟိုဟာလုပ်နေရင်တောင် မမြင်ချင်ယောင်ဆောင်ပြီး ထွက်သွားမယ့်လူမျိုး''

''ပြိုင်စံရှား''

ရှေ့ပဒေသာစာပေ



''နင်သိထားဖို့က တစ်ဘိုတည်းရှိတာ နွားဟဲ့၊ သူများခံစား ချက်ကို မကြည့်ဘဲ ကိုယ့်အတွက်ပဲကြည့်တတ်တာ တိရစ္ဆာန်ပဲ''

''နင် ငါ့ကိုမစော်ကားနဲ့''

မှန်တာပြောတော့ နာတတ်လားဆိုတဲ့ အကြည့်က မလွှဲဖယ်။ ဆင်း သည်းခံနိုင်စွမ်းအား ကုန်သွားပြီထင်၏။

''တောက်''

လက်ရွယ်ပြီးမှ ရပ်တန့်သွားလေလျှင် ...

''ဘာလဲ ရိုက်မလို့လား''

''နင် တော်တော့''

''နင် ဝဋ်လည်တဲ့နေ့ဆိုတာ ရှိလာဦးမှာပဲ၊ အဲဒီနေ့ဟာ နင့်ရဲ့ကျရှုံးခန်းပဲ ပြိုင်ဘက်ကင်း''

''သား''

''သမီး''

သူတို့နှစ်ယောက်ဆီသို့ လူကြီးတွေရောက်လာကြပြီး အကျိုး အကြောင်းတွေမေးကြလျှင် ...

''တောက်''

ဘာမှမဖြေဘဲ တက်ခေါက်ကာ လှည့်ထွက်သွားသူက ကင်း ပါ။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

ရှားက စူပုပ်ပုပ်မျက်နှာနှင့် ခုတင်ပေါ်မှာ ထိုင်နေသည်။ ခေါင်းလိုင်းထိပ်ထားက လက်ကို နောက်သို့ပစ်လျက် ရှားရှေ့မှာရပ်လျက် ရှိနေ၏။ ဘာမှမပြောဘဲ အတန်ကြာတိတ်ဆိတ်နေပြီးမှ တိတ်ဆိတ်မှုကို ဖြိုခွင်းကာ ...

"ဒီကိစ္စမှာ သမီး အရမ်းမှားတယ်၊ မှားတာမှ သေးသေးကွေးကွေး မဟုတ်ဘူးနော်၊ အခန့်မသင့်ရင် တစ်ဖက်မှာ အသက်အန္တရာယ် ထိခိုက်သွားနိုင်တာ"

"မေမေကလည်း သမီး အဲဒီလောက်အထိ ဆင်ခြင်တုံတရား မကောင်းမဲ့ပါဘူး၊ အသက်အန္တရာယ်ကို ထိခိုက်ဖို့အထိ မရည်ရွယ်လို့ လေ့ကားသုံးထစ်မှာ လုပ်ထားတာပေါ့"





"လူတစ်ယောက်ရဲ့ ကုသိုလ်ကံဆိုတာ ပြောလို့မရဘူး သမီး ဆီးမှုမြင်ဆိုပေမယ့် အဲဒီမထိမဲ့မြင်တွေကပဲ လူကိုသေစေတဲ့ဖြစ်ရပ် တွေရှိတယ်၊ ကောက်စိုက်သမတစ်ယောက် လက်ကို စပါးအမြီးဆူးရှာ နေ အနာဖြစ်ပြီး မေးခိုင်ပိုးဝင် သေမှုတာရှိခဲ့ဘူးသလို ခြေချင်းဝတ် လောက်ရှိတဲ့ ရေထဲမှာ လူတစ်ယောက် ဝမ်းလျားမှောက်လဲကျပြီး သေတာလည်း ကြားဖူးတယ်သမီး"

"အဲဒီလူ မူးနေလို့ဖြစ်မှာပေါ့"

"မှန်တယ် သမီး၊ ဒါပေမဲ့ ... အဲဒီလူက အရက်မူးနေတာ တော့ မဟုတ်ဘူး၊ ရုတ်တရက် ခေါင်းထဲမှာ မိုက်ခနဲဖြစ်ပြီး လဲကျသွား တာ"

အဲဒါတွေနဲ့ ကင်းကို ရှားလုပ်ခဲ့မိတဲ့ကိစ္စ ဘာဆိုင်လို့လဲ။ သေတဲ့သူကို သေတဲ့သူတွေနဲ့ လိုက်နှိုင်းပြီးပြောနေတာ ရှားကို ခြင်းသက်သက် ပြဿနာရှာရာကျမနေဘူးလား။ သေတဲ့သူတွေက သေရမယ့် ကံပါလို့သေတာ။ ကင်းဆိုတဲ့ကောင်က ရိုက်သတ်လို့ တောင် မသေတဲ့ဥစ္စာ။

"မဆိုင်တာကို ဘာလို့လိုက်ယှဉ်ပြီး ပြောနေရတာလဲလို့ သမီး တွေးနေတာလား"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကွေးနေတာကို မေမေက ကြိုသိနေပြီ၊ ဒါကြော[illegible] ပြောကြတာ။ လူကြီးတွေက အမွေးမြင်အပင်သိတယ်တဲ့၊ ရှားမျက်[illegible] ကိုကြည့်ပြီး အကဲခတ်ပြောချလိုက်တာ ကွက်တိပါပဲ။

"ဆိုင်လို့ မေမေပြောပြတာပေါ့ သမီးရယ်၊ တကယ်လို့မ[illegible] ကင်း လှေကားပေါ်က ပြုတ်ကျသွားချိန်မှာ လှေကားနဲ့ခေါင်းဆောင့်[illegible] တာတို့ မထိန်းနိုင် မသိမ်းနိုင်ကျသွားတာတို့ဆိုရင် အဲဒီပုံစံမျိုး သမီး[illegible] ယောင်ကြည့်လိုက်စမ်းပါ"

"ဟင်"

မေမေပြောမှပဲ ရှား သူပြုတ်ကျသွားချိန်က ဖြစ်ရပ်ကို ပြန်[illegible] ယောင်ပြီး ကျောချမ်းသွားရသည်။ ဖန်လုံးတွေ လိမ့်ကျသွားလို့ သူ[illegible] ပြုတ်ကျသွားချိန်မှာ သူလက်ထောက်လိုက်လို့သာ ခေါင်းကိုမထိ[illegible] ပေါ့။ ပစ်စလက်ခတ်သာကျလိုက်ကတော့ ဘုရား ... ဘုရား ခုအချိန်[illegible] ရှား ... အမယ်လေး မတွေးရဲစရာပါလား။

သူ့ သတိကြီးလို့သာ သက်သာရာရသွားတာပေါ့။ ဒါပေ[illegible] ရှား သူ့ကိုကျေးဇူးမတင်ပါဘူး။ မကျေနပ်တာက မကျေနပ်တာပဲ[illegible] ရှား စိတ်ကိုပြန်တင်းလိုက်တော့ နှုတ်ခမ်းလေးက တင်းတင်းစေ့သွား[illegible] သည်။ မသေရုံတမယ်တော့ သင်းကို ဒုက္ခပေးနေရဦးမှာပဲ။

"သမီး သိထားဖို့က သမီးကို မေမေက မဆုံးမလို့ ဒီလိုပုံစံမျိုး[illegible]





ဖြစ်နေတယ်၊ အသိတရားခေါင်းပါးတယ်လို့ မေမေ အပြောမခံနိုင်ဘူး သမီး"

"ပြောရဲပြောကြည့်ပါလား။ ခုတစ်ခါဆို အသေလုပ်ပစ်မှာ"

"ဟင် ... သမီး"

အပျော့ဆွဲနေတဲ့ ဒေါ်လှိုင်းထိပ်ထားရဲ့အသံ နည်းနည်းမာ သွား၏။

"မအေဆုံးမနေတဲ့ကြားက ညည်း ဆိုလေတိုးလေနဲ့ ဆိုလို တိုးလုပ်မလာနဲ့နော်"

ရှား အသံမထွက်ပေမယ့် ပွစိပွစိတော့လုပ်နေသေးသည်။ ပြီးမှ ...

"မေမေက သမီးကိုပဲ အပြစ်မြင်နေတာပဲ"

"ညည်း အပြစ်လုပ်ထားတာ ညည်းကို မမြင်လို့ ငါက ဘယ်သူ့ကို ဟင်းချိုအိုးဆားခပ်ပြီး အပြစ်ရှာရမှာလဲ၊ ပြောစမ်းပါဦး"

"အဲဒီ ကင်းလက်မည်းကောင်မှာ အပြစ်ရှိတာကျတော့ မေမေမှ မသိဘဲ"

"ဘာအပြစ်ရှိတာလဲ"

မေးတော့ ရှားမဖြေတော့ပေ။ ဒီကိစ္စမျိုးက ပြောလို့မှ မကောင်းတာ။ ပြောရင် မေမေ ရှိန့်ကိုအပြစ်မြင်မလား၊ ပြိုင်ဘက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို အပြစ်တင်မလား။ သေချာတာကတော့ သူ့သျှောင်မှာကပ်နေတဲ့ သန်းဘက်ကပဲ ရပ်တည်မှာပေါ့။ လင့်မျက်နှာ တစ်ကမ္ဘာထင်နေမှတော့ သူ့သားကိုလည်း တစ်ရွာထင်ပြီး အကောင်းမြင်မှာပဲလေ။

ရှားအဖို့ကတော့ ပြိုင်ဘက်ကင်းဆိုတဲ့ယောက်ျားကို ဖြစ်နိုင်လျှင် ဓားတုံးတုံးနှင့် ကြိတ်လှီးသတ်ချင်တာ။ အမြဲတိုင်း ရီဝေဝေးမောနေတဲ့ ရှိန့်မျက်နှာကို မြင်ရတိုင်း သင်းကိုပဲ မေ့တ္တာပို့နေမိတာကြာတော့ ရှားမှာပဲ အကုသိုလ်တွေ ဝင်လာသည်။

"မေးနေတာပြောလေ၊ ကင်းမှာ ဘာအပြစ်ရှိတာလဲလို့၊ ဘာလဲ မဖြေနိုင်တော့ဘူးလား"

"မဖြေချင်လောက်အောင်ကိုပဲ သူရှုပ်ခဲ့ပွေခဲ့တာ၊ ညည်းစားများတဲ့နေရာမှာ အသည်းခွဲမေဂျာက အောင်လက်မှတ်ရထားတာတဲ့"

"ဒါကတော့"

"ယောက်ျားလေးပဲဆိုတဲ့စကားတော့ မေမေ မပြောပါနဲ့၊ မေမေက မိန်းမတစ်ယောက်ပဲလေ မိန်းကလေးတွေဘက်က သမီးချင်းစာနာပြီး ရပ်တည်ပေးပါ၊ အခု သူ့ရဲ့မာယာညွှတ်ကွင်းထဲ ဝင်မိတာရှိန်ပါနေလို့ သမီး မခံမရပ်နိုင်ဖြစ်နေရတာပေါ့"

"ဘာ . . . ဘယ်လို"

ရှိန့်နာမည်ပါလာတော့မှ ဒေါ်လှိုင်းထိပ်ထား ပါးစပ်ကလေး





ဖွင့်ဟပြီး အံ့သြသွားရသည်။ ရှိန်က ရိုးရိုးအေးအေးသာနေတတ်တဲ့ မိန်းကလေးပါ။ ပါးစပ်ထဲ လက်ညှိုးထည့်ပေးရင်တောင် မကိုက်တတ်အောင် မနုံမချာပေမယ့် ရှားတို့လို သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်မရှိပေ။

အေးလေ . . . ဒါကြောင့်ပဲ ယောက်ျားတစ်ယောက်ရဲ့ မာယာညွှတ်ကွင်းထဲကို ခုန်ဆင်းခဲ့မိတာဖြစ်မှာပေါ့။

ရှား မပြောသင့်ဘူးလို့ ထင်မိပေမယ့် ပြောမိသွားပြီ။ အဲဒီအတွက် မေမေ နှုတ်ဆိတ်သွားတာကိုပဲ ကျေနပ်မိ၏။

BURMESE CLASSIC

တစ်ဖက်ခန်းမှာလည်း . . .

ဦးတိုးတက်နှင့်ပြိုင်ဘက်ကင်းတို့ အခြေအတင်ဖြစ်နေကြသည်။

"မင်းက ငါ ယောက်ျားလေး ဘာမှမဖြစ်ဘူးဆိုပေမယ့် တစ်ဖက်မှာကျန်ခဲ့ရတဲ့မိန်းကလေးက အားနွဲ့ရတဲ့အထဲ အသည်းပါနာနေရင် ကိုယ့်ကိုယ်ကို သေကြောင်းကြံသွားတော့ ဘယ်လိုလုပ်မလဲ၊ အချစ်နဲ့ပတ်သက်လာရင် လူတွေက အချစ်မျက်ကန်းဖြစ်ပြီး မိုက်ရူးရဲဆန်ကြတယ်ကွ၊ ရှားက မိန်းကလေးလေ . . . မိန်းကလေးချင်းဘက်က ရပ်တည်ပြီး သားကို မကျေနပ်တာ သဘာဝကျပါတယ်"

"ကျိုင်ပဲ ဖေဖေရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမကျိုင်ဘူး။ မင်းလျှောက်နေတဲ့လမ်းကြောင်း လွဲနေလို့ ပြန်တည့်သင့်နေတဲ့အကြောင်းပြောတာ"

ကင်း စိတ်ရှုပ်နေသောမျက်နှာနှင့် စိတ်ထဲကနေ ရှားကိုမေတ္တာပို့နေမိသည်။ အလကား သူများကိစ္စကို သူ ဆရာကြီးဝင်လုပ်ချင်နေတာ။ ကိုယ်နဲ့သူ ပတ်သက်စရာအကြောင်းမရှိဘဲနဲ့ သူများကိစ္စကို ခုတုံးလုပ်ပြီး လာနှယ်နေတာ ဘာသဘောလဲ။ သူများ အသည်းကွဲတာကို သူရင်ဘတ်ငှားပြီး အကွဲခံနေရတဲ့အတိုင်း ကိုယ့်အပေါ်ထားလိုက်တဲ့ အငြိုးအတေးတွေ။

သင်းလုပ်တာ ကိုယ့်မှာ ခါးနာရုံပဲမို့လို့ပေါ့။ သေလောင်းပျောက်ဝများဖြစ်ရင် သင်းကို သရဲဘဝနဲ့လာပြီး ကုပ်ချိုးပါးစားပစ်ဖို့ကောင်းတာ။ နင်နဲ့ငါ တွေ့ကြသေးတာပေါ့ မပေါမရှယ်။ နင်က ပြိုင်စံရှား၊ ငါကလည်း ပြိုင်ဘက်ကင်းပဲဆိုတာ နင်မမေ့နဲ့။

"ဖေဖေက သားကိုပဲ အပြစ်မြင်နေတော့တာပဲ၊ ယောကျ်ားလေးပဲ ဖေဖေရ မလွန်ဘူးဆိုတဲ့ကောင် မျှောက်လောက်တော့သော့တာပဲ၊ ပြီးတော့ နွားသိုးမှန်ရင် ချိုသွေးမကာင်းဘူးဆိုလား ချိုရာမကောင်းဘူးဆိုလား ဘာလဲတော့ သေသေချာချာမသိဘူး"

"တော်စမ်းပါကွာ . . . မင်းပြောနေတဲ့ အကြောင်းပြချက်တွေက ကိုယ့်လည်ပင်းကိုစွပ်မယ့် ကြိုးကွင်းဆိုတာ မင်းနားလည်ရဲ့





လား။ ထန်းပင်တက်တဲ့လူ ထန်းပင်ပေါ်က ပြုတ်ကျတတ်သလို ရေကူးချန်ပီယံလည်း ရေနစ်တဲ့အခါရှိတယ်ကွ၊ မင်း ရည်းစားကူးသန်းရောင်းဝယ်ရေးလုပ်တဲ့ကိစ္စကရော အသည်းခွဲမေကျာက အောင်လက်မှတ်ရထားတယ်လို့ လက်မ,မထောင်နဲ့၊ မင်းထက်လည်တဲ့မိန်းမနဲ့တွေ့ရင် မင်း လက်မတင်မကဘူး ဖက်ပါကျိုးကျမှာ နားလည်လား"

ဦးတိုးတက် သားအတွက် စိုးရိမ်ခဲ့တာကြာပြီ။ ကိုယ်ကအလုပ်တစ်ဖက်နှင့်မို့ သူနောက်ကို ရှဒိုးမလိုက်နိုင်ပေ၊ ယောကျ်ားလေးပဲ ဦးဖောက်စောက်လို့ ဖက်မကျိုးဘူးဆိုပေမယ့် မိန်းမလည်တွေနဲ့တွေ့ရင် ဘဝအညွန့်ကျိုးသွားမှာကို စိုးရိမ်တာပါ။

ငါးစာကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်တဲ့သူတွေ နောက်တော့ဇာတ်သိမ်းဘယ်လိုလုပ်မလဲ။ သားကတော့ သူကပဲ ဆင်ခြင်တုံတရားနဲ့ အမြော်အမြင်ကြီးပြီး လူကဲခတ်ကောင်းလို့လား၊ ကုသိုလ်ကံကပဲ မျက်နှာသာပေးထားလို့လား၊ အခုချိန်အထိတော့ မိန်းကလေးတွေနဲ့ ပတ်သက်ပြီး သူက စင်ပေါ်ကလူဖြစ်နေခဲ့တာကိုပဲ ကျေးဇူးတင်ရဦးမလိုပါပဲ။

"အခုပဲ ရှားက သူ့သူငယ်ချင်း အထိနာတဲ့အတွက် မင်းကိုလက်တုံ့ပြန်ပြီမဟုတ်လား၊ ခံလိုက်ပေါ့ကွာ . . . ဒီတစ်ခါနာတာ ခါးအဆင့်ပဲရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ သူကြောတာမခံစေရဘူး စိတ်ချ"

ဦးတိုးတက် မဲ့ပြုံး ပြုံးလိုက်မိ၏။ စစ်မြေပြင်မှာတောင် ကိုယ်တိုက်မယ့်ဗျူဟာကို ဘယ်စစ်သူကြီးက ကြိုတင်ပြီးကြေညာတာ ရှိမှုလို့လဲ။ ကိုယ့်ကိုယ်ကို အထင်ကြီးခြင်းက ကိုယ်တိုင်ပဲ ရန်သူရှေ့မှာ လည်စင်းပေးတာနဲ့ အတူတူပဲလေ။

ရှားက ရန်သူကြီးမဟုတ်ပေမယ့် သူ့သူငယ်ချင်းအတွက် တန်ရာတန်ကြေးအနေနဲ့ ပြန်ယူဦးမှာပါ။

"အလကား အလုပ်မရှိအလုပ်ရှာ သူများကို ဒုက္ခပေးတဲ့ ကောင်မလေး။ သူ့ကိုလည်း သား Lesson ပြန်ပေးရမှာကျေနပ်မယ်၊ သူများအသည်းကွဲတာ သူ့ရင်ဘတ် အငှားခံစားနေရတာမဟုတ်ပဲနဲ့ လူကို ပြဿနာရှာနေတာ"

"အဲဒီလိုတော့ မင်းမပြောနဲ့လေ၊ မင်းသူငယ်ချင်းဖေဖေ ရန်ဖြစ်တုန်းက မကျေနပ်ပွဲ ပြန်ချိန်းပြီးချတာ ဘယ်ကောင်လဲ"

ဖေဖေမေးတော့ ကင်းမဖြေနိုင်။ သူငယ်ချင်းတွေ ပြဿနာ တစ်ခုဖြစ်ပြီဆိုတာနဲ့ ရှေ့ဆုံးက အသေခံတပ်သားလုပ်ပြီး ရှင်းတာက သူပဲလေ။

"ရှားမှာလည်း ခံပြင်းခွင့်ရှိတယ်ကွ"

"ကဲ ... တော်ပါတော့ ဖေဖေရာ၊ ရှေ့နေငှားမှ ထောင်လုံး





လုံးကျတာမျိုး ဖြစ်နေပြီ၊ ဖေဖေ့ပါးစပ်က ထွက်လာသမျှ ပြိုင်စံရှား ဘက်ကချည်းပဲ၊ ကိုယ့်သားကျတော့ ခြေချော်လက်ချော်ဖြစ် သေသွား ရင်တောင် ငိုမယ့်ပုံမပေါက်တော့ဘူး။ ကွာတာပေါ့လေ ... ဟိုက မေသားမျက်နှာကြီးနေတာကိုး"

"ဘာကွ ... ဟော့ကောင် ... မင်း"

လက်သီးနှင့်ရွယ်ပြီးမှ လေထဲမှာပင် ရပ်တန့်ကာ ...

"တောက်"

○ ○ ○



www.burmeseclassic.com

## အခန်း (၁၅)

"နင်သူ့ကို အဲဒီလောက်အထိ လုပ်ဖို့မလိုပါဘူး ရှားရယ်၊ ငါလည်း ကိုယ့်စိတ်ကိုဖြေရင်း နေသားကျနေပါပြီ၊ တကယ်ဆို သူ့အကြောင်းကို ဘာမှဂဃဏနမသိဘဲ အညှာလွယ်ခဲ့မိတဲ့ ငါပဲ မှားခဲ့တာပါ"

"ဘာ"

ရှား အဝတ်ဒီဇိုင်းဆွဲနေရင်းမှ ဖိုင်ကိုပိတ်ပြီး ဘေးသို့တွန်းပို့လိုက်၏။ ဒီဒီဇိုင်းက စိတ်ကူးထဲမှာ ပုံဖော်ပြီးသားမို့ ချဆွဲနေတာပါ။ ဆွဲပြီးတာနှင့် စိတ်တိုင်းကျ စက်ရုံထဲမှာ ချုပ်ဖို့စီစဉ်ညွှန်ကြားပေးရဦးမယ်။ ကင်းဆိုတဲ့ကောင်ကို ရှားပညာပြလိုက်တဲ့ကိစ္စကို ဒီဇိုင်းမဆွဲခင်ကတည်းက ရှိန့်ကို ရှားပြောပြခဲ့တာပါ။





ရှားပြောတုန်းက ဘာမှခံမပြောဘဲ ငြိမ်သက်နေပြီး ခုမှ ဘာစိတ်ကူးပေါက်လို့ ထပြောတာလဲ။

"နင်တို့က တစ်အိမ်တည်းမှာ အတူနေရတာလေ၊ ငါ့အတွက်နဲ့ နင်တို့မိသားစုကြားမှာ ဘာပဋိပက္ခမှ မဖြစ်စေချင်လို့ပါ"

"နင် အဲဒီလောက် သည်းခံပါရမီနဲ့ ပြည့်စုံနေရင် ကတုံးတုံးပြီး ပန်းရောင်ဝမ်းဆက်သာ ဝတ်လိုက်တော့ရှိန့်၊ ငါ နင့်ရဲ့ ဒကာခံမယ်သိလား"

အသံကျယ်ကျယ်နှင့် လှမ်းပြောလိုက်သူက ဝိုင်းပြည့်ပါ။ ရှိန်က ခေါင်းလေးငုံ့သွားပြီး ...

"သူ့ကို ထိုက်တန်ရာရအောင် လုပ်တော့ရော ဘာထူးမှာ [illegible]တယ်၊ ပြီးခဲ့တာတွေက ပြီးသွားပြီပဲဥစ္စာ၊ မုန်းစကို မရှည်ချင်ကြပါနော်"

"အမယ်လေး မရှေရှိန့်ရယ်၊ အသည်းကွဲရုံမကလို့ အသက်ခံပေးပြီး ကာကွယ်ချင်တဲ့ပုံစံပါလား။ တို့ကတော့ နင့်လိုဘုရားဖြစ်မယ့် အုတ်နီခဲ လုပ်မနေနိုင်ဘူးဟေ့၊ ပါးကိုက်ရင် နားပြန်ကိုက်ရမှ ကိုယ့်ကို အလဲထိုးရင် သူ့ကို ခြေပြန်ထိုးခံပြီး လဲအောင်ပြန်လုပ်ရမှ အေးနှပ်မှာ"

"အခု ခံလိုက်ရတာ နင်တို့မဟုတ်ဘူးလေ၊ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



နေသားကျနေပြီလို့ ပြောပြီးပြီပဲ ဝိုင်းပြည့်ရဲ့”

“ဟဲ့ . . . နင်က တို့သူငယ်ချင်းအရင်းခေါက်ခေါက်ကြီး ဖြစ်နေလို့ တို့နာနေရတာပေါ့ ရှိန်ရဲ့”

ရှား ဝိုင်းပြည့်ကို ခေါင်းခါပြလိုက်သည်။ ဇွေ့ဇွေ့ခုန်မတတ်ဖြစ်နေသော ဝိုင်းပြည့်ကို ဘာမှဆက်မပြောဖို့ လက်ကာပြလိုက်ပြီး ရှားက ရှိန်ရှေ့ကို လျှောက်လာခဲ့ကာ . . .

“နင်က ငါ့ကိုအပြစ်တင်ချင်တာလား ရှိန်”

ရှိန်က ခေါင်းခါလျက် . . .

“မဟုတ်ပါဘူး”

“မဟုတ်ဘူးဆိုရင် နင် ငါ့ကို တရားလာမချနဲ့၊ နင်သိထားဖို့က နင့်ကိုပေးခဲ့တဲ့ ဒဏ်ရာထက်ဝက်ဖြစ်ဖြစ် အဲဒီကောင် ပြန်ပြီးခံစားရမယ်၊ ဒီလိုမှ လက်တုံ့ပြန်ပညာပေးသူမရှိရင် အဲဒီကောင် နောက်ထပ် ငါဆိုတဲ့မာနနဲ့ နောက်ထပ် ရောင့်တက်နေဦးမှာသိလား”

“အဲဒါက သူ့ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲလေ”

ရှား ပခုံးတွန့်ကာမဲ့လျက် ရှိန့်ကိုလည်း ဒီလောက်သဘောထားပြည့်နေရမလားလို့ ကလေးတွေလို ထိုင်ထလုပ်ခိုင်းပြီး တင်ပါးလှန် ရိုက်ချင်စိတ်ပေါက်သွား၏။

“နင့်ကို သနားစရာမလိုတော့ဘူးဆိုရင်တောင် နင့်လို





နောက်ထပ်ဖြစ်မယ့် မိန်းကလေးတွေကို ငါ သနားရဦးမယ် ရှိန်”

အရစ်ရှည်တဲ့ရှားမျက်နှာကို ရှိန်မော့ကြည့်လေတော့ ရှား မျက်နှာလွှဲပစ်လိုက်သည်။ နောက်ထပ်ဆိုတာရှိမလာအောင် အဲဒီကင်းချိတဲ့ကောင်ကို အဆိပ်ရှိတဲ့အမြီးကို ချိုးပစ်မှ။

“ရှား”

“ဟင်”

ဝိုင်းပြည့်ပါ အနားရောက်လာသဖြင့် ရှားလှည့်ကြည့်လိုက်သည်။

“ငါကတော့ အားပေးတယ်သိလား။ နင်လုပ်စရာရှိတာဆက်သာလုပ်၊ နောက်တစ်ခါ မထနိုင်အောင်သာ လုပ်ပစ်လိုက်၊ အဲဒါမှ အဲဒီကောင်ဦးချိုးလို့ရမှာ”

“သူက ဦးချိုးရမယ့် သတ္တဝါမဟုတ်ဘူး ဝိုင်းပြည့်ရဲ့၊ အမြီးကို ဖြတ်ပစ်ရမယ့် ကင်းလက်မည်းလေ”

“အေး . . . ဟုတ်တယ်ဟ ဖြစ်နိုင်ရင် လက်တွေခြေထောက်တွေပါ ချိုးပစ်ဖို့ကောင်းတာ”

ဝိုင်းပြည့်က ရှားလုပ်ရပ်ကို ထောက်ခံပြီးအားပေးသူ။ ရှိန်ဆက်ပြောနေရင် ရှိန့်ကိုပဲ သူတို့ ဆွဲကြပေါက်ကြဦးမှာမို့ ရှိန်ငြိမ်သက်နေလိုက်ရတော့၏။ ရှားရော ဝိုင်းပြည့်ရော နှစ်ယောက်စလုံးက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လတ်ဖျတ်လတ်သူတွေဖြစ်သည့်အပြင် စိတ်ကလည်း ဆတ်ကြသည်။ မဟုတ်တာလုပ်လျှင် မခံတတ်ကြသူများပီပီ ရှိန့်အတွက် ဒေါသဖြစ် လက်တုံ့ပြန်နေကြပေမယ့် ...

ရှိန်ကတော့ ...

ဘွားဘွားကို ညတိုင်းတရားစာအုပ်တွေ ဖတ်ပြနေရသူပီပီ အတိတ်ကာလကိုမေ့ပစ်ပြီး အနာဂတ်မှာကိုယ့်စိတ်တွေ ငြိမ်းချမ်းစေလို ခြင်းငှာ အရာရာကိုခွင့်လွှတ်သည်းခံခြင်းများနှင့်သာ ...

"ကဲ ... ဝိုင်းပြည့်ရေ အဲဒီအကုသိုလ်ကောင်ရဲ့အကြောင်း ကို ထားလိုက်တော့၊ ဒီမှာ ငါဆွဲထားတဲ့ဒီဇိုင်းကို လာကြည့်ပါဦး"

"အေး ... အေး"

ဆိုင်မှာ လူရှင်းနေသည်မို့ ရှားနှင့်ဝိုင်းပြည့် ခေါင်းချင်းဆိုင် ကာ အလုပ်ကိစ္စပြောနေကြ၏။ ရှိန်ကတော့ တွေတွေငေးငေးလေး ရှိနေဆဲသာ။

○ ○ ○



## အခန်း (၁၆)

ဇေဇေ၊ ရွှေကျီးနှင့် ထွန်းမင်းတို့ အိမ်ကိုလာသဖြင့် ကင်းတို့ ဖွဲ့ကာ စကားပြောနေကြသည်။ ဟိန်းလင်းဦးတစ်ယောက်တော့ ပါပေ။ စကားပြောနေကြရင်းမှ ဇေဇေက ဟိုဟိုဒီဒီ မျက်လုံးဝေ့ ကြည့်ကာ ...

"ကင်း"

"ဘာလဲ"

"ဟို ... ပြိုင်စံရှား ဘယ်သွားနေလဲ မမြင်ပါလား"

"မမြင်ဆို ဟိုက မင်းကို အိုးစည်ပုံမောင်းနဲ့ ထွက်ကြိုပြီး ညှို့ဝတ်ပြုမတဲ့လား၊ စဉ်းစဉ်းစားစားလည်း မေးဦး"

"မင်းကလည်း ဟုတ်သားပဲ၊ မင်းလာတာ ကင်းဆီကိုလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ . . . မင်းက မင်းကိုယ်မင်း တိုင်းခန်းလှည့်လည်လာ
သိဝိဘုရင်လို့များ စိတ်ကူးယဉ်နေသလား''

ထွန်းမင်းက ကောက်ကာငင်ကာ ပြောလေလျှင် . . .

''မဟုတ်ရပါဘူးကွာ မင်းတို့က ငါ့ကို ဖွဲ့ဖို့ပဲ တွေးနေတာ
ကိုး၊ ငါက ကင်းနဲ့ပတ်သက်နေသူမို့လို့ မေးကြည့်တာကို''

''ဘာပတ်သက်တာလဲ၊ ငါနဲ့ ဘာမှမပတ်သက်ဘူး၊ ဒီမှာ
ဆိုဖာကို ခါးနဲ့မှီမိရင်တောင် ခံရဖူးတာကို သတိရနေတာနော်''

ကင်း မကြည့်မလင်မျက်နှာကြီးနဲ့ ပြောလေတော့ သူငယ်
ချင်းတွေ ပြုံးစိစိဖြစ်ကုန်၏။ ရည်းစားထည်လဲတဲ့ပြီး သူက ဗိုလ်လုပ်
လာတဲ့ကောင် ပြိုင်စံရှားနဲ့တွေ့မှပဲ ကျွတ်တော့မည်ထင်၏။ နောက်
ထပ် ရည်းစားပင် မထားနိုင်တော့လောက်အောင် အနွံ့ရာယ်ထောင်
ချောက်ကို ကြည့်ရှောင်နေရတာ မျက်လုံးဖီးကွက်ဖြစ်တော့မယ်တဲ့
လေ။

''ငါမေးတာကိုပဲ ဖြေပါဦး၊ မင်းနဲ့ သဟာဇာတမတည့်တဲ့
မိန်းကလေးကို မြင်ဖူးချင်လို့ ဘယ်သွားလဲ''

''ဟော့ကောင်''

ကင်းဘေးဘေးဘီဘီကို ငေ့ကြည့်ပြီး ခါးကို ရှေ့သို့ကိုင်းကာ
အသံကို နှိမ့်၍ . . .





''ငါက သူ့ကို မျက်လုံး ဒေါက်ထောက်ကြည့်နေတဲ့ သူ့
ယောက်ျားမဟုတ်ဘူးကွ . . . နားလည်လား''

''ဟာ''

''ဟော''

ကင်းပါးစပ်ကြမ်းကြမ်းနှင့် ပြောချလိုက်တော့ မျက်လုံးပြူး
ကုန်ကြသည်။ ပြီးမှ ရှေ့ကျိုး စပ်ဖြဲဖြဲပုံစံနှင့် ခေါင်းတညိတ်ညိတ်လုပ်
ကာ . . .

''အေး . . . အေး . . . ဟုတ်တာပေါ့၊ မင်းက သူ့ယောက်ျား
မှ မဟုတ်တာပဲနော်''

''အဟေး . . . ဒီကောင်နဲ့ကင်းရှင်းတော့ ကောင်းတာပေါ့
ကွာ၊ အဲဒါမှ ဒီကောင့်ကို အကြောင်းပြုပြီး ငါပဲ''

ကင်း ထွန်းမင်းပါးစပ်ကို လက်ဝါးနှင့် ဖိပိတ်၍ . . .

''မင်း ပါးစပ်ကိုပိတ်''

ဦးစီးတော့ ပဲ့ကထောင်၊ ပဲ့စီးတော့ ဦးကထောင်ဆိုသလိုပါ
ပဲ၊ ထွန်းမင်းပါးစပ်ကို ပိတ်ထားတော့ ဇေဇော . . .

''အဲဒါ မင်းက ဘာဖြစ်တာလဲ''

''ငါက ဘာမှမဖြစ်ဘူး၊ ဟိုရာဇဝင်အိုးမ ကြားသွားမှ မင်းတို့
နောင့်နဲ့တင်ပါးထိအောင် ပြေးရမှာသိလား၊ အဲဒီ မပေါ်မက ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမှ လူထင်တာ မဟုတ်ဘူး"

"လူမထင်လို့ ဘာထင်လဲ"

"မင်းပေးတဲ့နာမည်တွေက များလှချေလား"

"မင်းတို့က နှစ်ယောက်ပြိုင်တူမေးတော့ ငါက ဘာဖြေရမှာလဲ"

ကင်းမေးလိုက်လို့ ဇေဇေနှင့်ရွှေကျီး ပါးစပ်ပြင်လိုက်စဉ်မှာပဲ အပေါ်ထပ်မှ ရှား ဆင်းလာတာကိုမြင်ပြီး ဘယ်သူမှ ဘာမှမပြောဖြစ်ကြတော့ပေ။ ပါးစပ်အဟောင်းသားနှင့် ငေးနေကြတာ ပါးစပ်ထဲကို ယင်ဝင်ဥရင်တောင် ဟပ်မောင်းဖြစ်ကြမှာ မဟုတ်ပေ။ ကင်းကတော့ သူငယ်ချင်းတွေ ဖြစ်သွားပုံကိုကြည့်ပြီး မကျေနပ်စွာ ရှားရှိရာဘက်သို့ မျက်နှာနှင့်ဆန့်ကျင်ကာ လှည့်ထားလိုက်၏။

အရင်းထွေသလိုရှိပြီး အဖျားရှူးသွားသော မျက်ခုံးတန်းလေးအောက်မှာ မျက်တောင်လေးတွေက ဘေးတိုက်မြင်နေရတာ ကော့နေ၏။ သူတို့ဘက်သို့ တစ်ချက်လှည့်ကြည့်လေတော့ ကော့စင်းနေသော နှာတံလေးနှင့် မထူမပါး နှုတ်ခမ်းအလှလေးကိုပါ မြင်လိုက်ရပြီး တော်တော်လှတာပဲဟု စိတ်ထဲမှ ကျိတ်ပြီး မှတ်ချက်ချမိကြသည်။ ပိတောက်ရောင်ဆိုတာ လူတိုင်းဝတ်လို့ ကြည့်မကောင်းပေမယ့် ပြိုင်စံရှား၏အသားအရည်အလှအပနှင့်ကျတော့ အံဝင်ခွင်ကျလှပနေ





သည်။ ပိတောက်ရောင်အကျီဖားဖားက ဒူးအထက်လောက်အထိ ရှည်ပြီး ဘောင်းဘီအနက်ရောင်နှင့်တွဲဝတ်ထားတာ မျက်တောင်ခတ် င် မေ့လျော့မိတော့မလို။

"ဖိုးကြွက်ရေ"

"ဗျာ"

"ဒီကိုခဏလာပါဦး"

"ဟုတ်ကဲ့"

ရှားရဲ့အသံစာစာလေးကြောင့် ဖိုးကြွက်အပြေးတစ်ပိုင်းနှင့် ရောက်လာလေလျှင် ...

"မရှား ... ဘာခိုင်းမလို့လဲ"

"ငါမပြောခင် နင် မျက်တောင်အရင်ခတ်လိုက်ဦး။ တော်ကြာ မျက်လုံးပြူးပြီး ဇီးကွက်ဖြစ်မှာစိုးလို့"

"အမ်"

ဇေဇေတို့ဘက်ကိုကြည့်ပြီး ပြောလိုက်တာမို့ အားလုံး အယောင်ယောင်ဖြစ်ပြီး မျက်နှာလွှဲသူကလွှဲ မျက်လွှာချသူကချ ဖြစ်ကုန်သည်။ သူခိုးလူမိခံရသလို ရွှေကျီးက ရှက်ရှက်နှင့် ကင်းလက်မောင်းကို လက်ဖျားနှင့် ပွတ်လေလျှင် ...

"ဟာ ... ဟေ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလဲ"

"ငါ့ကို နင်လင်မှတ်လို့ လာညှုနေတာလား ... ဖယ်စမ်း ငါ ထိုးလိုက်ရ နာတော့မယ်"

ကင်းက ရွှေကျိုးလက်ကို ဖယ်ချပြီး လက်သီးနှင့်ရွယ်လေ လျှင် ...

"အဟဲ ... မင်းကလဲ"

"မင်းကလည်း လုပ်မနေနဲ့၊ ရာဇဝတ်အိုးမှ တကယ့်အကြီး ကြီးနော်၊ မျက်စောင်းလည်း ထိုးမကြည့်နဲ့၊ မျက်စလည်း မပစ်နဲ့ မင်းတို့မျက်လုံးကို အစာကျွေးချင်ရင် ငါနဲ့ တိရစ္ဆာန်ရုံသာ လိုက်ခဲ့"

"ဟဲ့ ... ဖိုးကြွက်"

"ဗျာ ... မရှား"

"နင်ယောက်ျားတန်မဲ့နဲ့ စောင်းတာချိတ်တာ တော်တော် ဝါသနာပါပါလား"

"ဗျာ"

"စောင်းတယ်၊ ချိတ်တယ်ဆိုတာ မိန်းမတွေရဲ့အလုပ်ဟဲ့ နင် နားလည်လား၊ အဲဒီလောက် ဝါသနာပါရင် နင် ထဘီသာဝတ် ထားလိုက်၊ ငါ ကျောက်ပျဉ်ပါ အပိုစောင်းပြီး ဝယ်ပေးဦးမယ်"

"ဟို ... ကျွန်တော်"





"တိရစ္ဆာန်ရုံကို သွားချင်တာဆိုတာကရော ... ဘာလဲ၊ နင့် အမျိုးတွေဆီကို သွားချင်တာလား ပြောပါဦး၊ အေး ... ကိုယ့်အမျိုး ဆိုရင်တော့ မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ သွားလိုက်ပေါ့"

"ပြုံ့စုံရှား"

ဖိုးကြွက်လို့ အမည်တပ်ပေမယ့် မျက်လုံးက ကိုယ့်ကို တည့် တည့်ကြည့်ပြောနေတာမို့ ကင်း ထိုင်ရာမှ ဝုန်းခနဲ ခုန်ထလိုက်သည်။ သူငယ်ချင်းတွေက ပါးစပ်အဟောင်းသားနှင့် ကြောင်နေကြပြီ။ မျက် လုံးက ကိုယ့်ကိုမကြည့်ဘဲ ပြောရင်တောင် ကိုယ့်စကားအစကို ပြန် ခြေရာကောက်ပြီး ပြောတာမို့ ကိုယ့်ကို ပြောနေတယ်ဆိုတာ အသိ အသာကြီးပဲလေ။

ယောကျ်ားလေး အများကြီးရှေ့မှာတောင် တစ်ချက်ကလေး စကားခလုတ်မတိုက်ဘဲ ရဲရဲကြီးပြန်ဖွဲ့တဲ့သတ္တိကို ချီးကျူးရမှာလား။ သူငယ်ချင်းတွေရှေ့မှာ ကိုယ့်ကိုဖွဲ့တာမို့ ကင်းရဲ့ဒေါသနဲ့ မာနက လုံးဝ ခေါင်းငုံ့မနေဘဲ ခြေလှမ်းတွေက ရှားဆီသို့ ဦးတည်သွားသည်။

"စောစောက စကားတွေ ပြန်ပြောလိုက်စမ်းပါ"

ရှားခေါင်းကို ဆတ်ခနဲ မော့လိုက်ပြီး ...

"ဆောရီးပဲ ပြုံ့ဘက်ကင်း။ ငါ စကားကို နှစ်ခါပြန်မပြော တတ်ဘူး၊ သူများပြောရင်လည်း နှစ်ခါပြန်မမေးတတ်ဘူး၊ ဦးနှောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မှတ်ဖို့လေ၊ နှင့်မှာ ဦးနှောက်မရှိဘူးလား''

''ဘာ''

ကင်း ရှားကို မျက်မှောင်ကြုတ်၍ စိုက်ကြည့်လိုက်သည်။ လက်ကလည်း ခါးပေါ်သို့ ထောက်လျက်သား ဖြစ်သွား၏။

''နှင် နှစ်ခါပြန်မဖြေတတ်ဘော မဟုတ်ဘူး။ ကြောက်ရင် ကြောက်သွားတဲ့အကြောင်း ရှင်းရှင်းပဲ ဝန်ခံလိုက်စမ်းပါ''

ရှားကိုယ်လေး လှည့်လာပြီး ကင်းနှင့် တည့်တည့် မျက်နှာ ချင်းဆိုင်လိုက်၏။ ပြီး သူမမျက်နှာကို လက်ညှိုးပြန်ထိုးပြလျက် ...

''ကြောက်တတ်တဲ့မျက်နှာလား သေသေချာချာကြည့်၊ ကြောက်သွေးပါရင် ဖောက်ထုတ်ပစ်မယ် နားလည်လား''

''မကြောက်ဘူးဆိုရင် ရဲရဲပြန်ပြောရဲရမှာပေါ့''

''ဒီမှာ ပြိုင်ဘက်ကင်း''

''ဘာလဲ''

ရှား နှုတ်ခမ်းကိုမဲ့ပြီးမှ ...

''ငါ့နာမည် ပြိုင်စံရှားလေ''

''ငါကလည်း ပြိုင်ဘက်ကင်းပဲ''

''နှင့်ဟာနှင် ကင်းဖြစ်ဖြစ်၊ အိမ်မြှောင်ဖြစ်ဖြစ် ငါ စိတ်မဝင် စားဘူး။ နှင်သိထားရမှာက ပြိုင်စံရှားဆိုတာ သူများပြောတိုင်း ဟုတ်





...ရား။ မှန်ပါ့ဘုရားနဲ့ ပုတ်သင်ညိုလို ခေါင်းညိတ်တဲ့ မိန်းမမျိုးထဲ ...မပါဘူးဆိုတာပဲ''

''ငါကလည်း နှင် ခေါင်းညိတ်၊ ခေါင်းခါလုပ်မှာကို စိတ်ဝင် ...တဲ့ကောင် မဟုတ်ဘူး''

''ဒါဆို ဘာလဲ''

''နှင် ငါ့ကို တည့်တည့်ကြည့်ပြီး စောင်းနေတာကို ငြိမ်ခံ ...မှာလား''

''ငါကလည်း နှင့်ကို ငြိမ်ခံနေပါလို့ မပြောမိပါလား။ ကြိုက် ...သလိုလုပ်လေ၊ မျောက်လိုပဲကာက, ဖားလိုပဲခုန်ခုန်၊ နှင့်အိမ်မှာ နှင် ...ကြိုက်သလို လုပ်ခွင့်ရှိနေတာပဲ လုပ်ပေါ့''

''နှင် ... တောက်''

''ဟာ ... ကိုကင်း''

''ကင်း''

ကင်း ရှေ့တိုးလိုက်စဉ် ကြွက်စုတ်က ကင်းလက်ကို ဆွဲထား ...သည်။ ဇေဇေတို့ပါ အနားရောက်လာကြပြီး ...

''ကင်း ... တော်တော့ကွာ၊ မင်းက ယောကျ်ားလေးပဲ ...လျှော့ပေးမှပေါ့ကွ''

''ဘာမှအလျှော့ပေးစရာမလိုဘူး။ သူ လူပါးဝတာကို ငါက



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်း ကြည့်နေရမှာလား၊ အဓိပ္ပာယ်မရှိတာ''

''ဟို . . . ကျွန်တော်တို့ပဲ ကြားထဲက တောင်းပန်ပါတယ် [illegible] မပြိုင်စံရှားရယ်''

ထွန်းမင်းတစ်ယောက် ရှားနာမည်ကိုခေါ်ရာမှာ အထစ်အ[illegible] မရှိအောင် မနည်းကြိုးစားပြီးမှ တံတွေးကို ကျိတ်မျိုချလိုက်ရသည်[illegible] ရေတိသီးလို အဝင်ရော၊ အထွက်ဆိုးသော နာမည်ပါလား။

''ဘယ်သွားစရာရှိလဲ မသိဘူး၊ သွားလိုက်ပါတော့နော်''

ရှား နှုတ်ခမ်းလေး တင်းတင်းစေ့၍ ထွန်းမင်းကို ကြည့်လို[illegible] သည်။ သူကပဲ ကိုယ့်ကို နှင်ထုတ်နေတယ်ရှိရသေး၊ မကျေနပ်[illegible] မယ့် တောင်းပန်သည့်လေသံနှင့် ဆိုလာတာကြောင့် ဒေါသကို ဝ[illegible] အရှုရစ်ပြန်လျှော့ကာသဖြင့် . . .

''ဟုတ်တယ်၊ ကျွန်မက သွားစရာရှိတယ်၊ ကျွန်မအတွ[illegible] က အချိန်တိုင်း တန်ဖိုးရှိတယ်လေ၊ သူများတွေလို အချိန်တိုင်း [illegible] လေလေလုပ်ပြီး မိဘလုပ်စာထိုင်ဖြုန်းနေတာမှ မဟုတ်တာ၊ လု[illegible] ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် မကြိုးစား[illegible] သူများနားခေါင်းပေါက်နဲ့ အသက်ရှူချင်တဲ့သူတွေနဲ့ စကားပြောရတာ[illegible] အချိန်ပုပ်ပြီး ပါးစပ်သနလို့ သွားလိုက်ပါဦးမယ်နော်''

''ကွာ . . . တောက်''





ရှား ခေါင်းလေးမော့ ရင်လေးကော့ကာ ခေတ်ကြွားကြွား [illegible] ထွက်သွားပုံက နောက်ကနေလိုက်ပြီး ဖနောင့်နှင့်ပေါက်ချင်စရာ။ [illegible]မှာတော့ ဒေါသတွေ အလုံးအရင်းနှင့် ကျန်ခဲ့ရတာ ဘယ်လောက် [illegible]ားလိုက်ပါသလဲ။

''ဒါ . . . တမင်သက်သက် လူပါးဝသွားတာ''

''ကဲ . . . တော်ပါတော့ ကင်းရာ၊ ဟိုကဖြင့် သွားပြီဥစ္စာ''

''ငါ မကျေဘူးကွာ၊ ဘယ်တော့မှ မကျေဘူး''

''အေးပါ . . . မင်းကိုလည်း ကျေပါစေလို့ ဘယ်သူကမှ [illegible]တောင်းထည့်ကြိတ်မနေပါဘူး၊ လာပါကွာ''

သူငယ်ချင်းတွေ ဆွဲခေါ်ထိုင်ခိုင်းလို့ ဆိုဖာပေါ် ပြန်ရောက် [illegible]ည့်တိုင် ကင်း အံတကြိတ်ကြိတ်နှင့် မကျေနိုင် မလည်နိုင်ဖြစ်နေ၏။ [illegible]င်သက်သက် စကားကို တစ်ဝါကြောပြီး ပြောသွားတာ ဘယ် [illegible]ာက်ခံပြင်းဖို့ကောင်းလဲ။ ကိုယ့်ဘာသာ မိဘလုပ်စာထိုင်ဖြုန်းနေ [illegible]ာ့ရော သူ့ပိုက်ဆံ ဘယ်နှစ်ကျပ် ကူညီပံ့ပိုးတာပါလို့လဲ၊ အလကား [illegible]ံကောင်းဟစ်ပြီး သူ့ကိုယ်သူ ကိုယ်ရည်သွေးသွားတာ။

''ပြန်လာမှ တွေ့ဦးမယ်''

''မင်းက ဘာလုပ်ဦးမလို့လဲ''

''အရေခွံနွှာပစ်မလို့''



www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

"မင်း စိတ်ခိုင်ရဲ့လား သူငယ်ချင်း"

"ငါက ဘာကိုစိတ်ခိုင်ရမှာလဲ"

"အရေခွံနွာရင် အဝတ်တွေပါ ကျွတ်ကုန်မှာလေ ... အဟီး"

"ခွေးကောင် မီးတောက်တဲ့စိတ်နဲ့ တွေးကြည့်မနေနဲ့ ငါ ထိုးလိုက်ရ နာတော့မယ်"

ရွှေကျီးက စိတ်ပြေအောင် ပွဲဖောက်ပြလေတော့ ကျန်တဲ့ သူတွေပါ ရယ်ကုန်ကြသည်။ ကင်းက ကြွက်စုတ်ရုပ်နေဆဲရှိတာကို မြင်သွားပြီး ...

"ဟေ့ကောင် ကြွက်စုတ်"

"ဗျာ"

"မင်းလည်း ကြပ်ကြပ်သတိထားနော်"

"ကျွန်တော် ဘာလုပ်မိလို့လဲ ကိုကင်းရဲ့"

ပြောသာ ပြောရတယ် စိတ်ကတော့ သိပ်မလုံပေ။ ကိုကင်းကို မရှား ကြွက်ပေါက်စလေးတွေနဲ့ ပညာပြတုန်းက ကြွက်ကလေးတွေ ရှာပေးခဲ့မိတာသူလေ။ ဘာလုပ်မယ်မှန်းမသိဘဲ ရှာပေးခဲ့ပြီး ပိုက်ဆံငါးထောင်ရလို့ ဝမ်းသာလို့မဆုံး ကိုကင်းအဖြစ်ကို ကြားလိုက်





တော့ သူ စိတ်မကောင်းဖြစ်ပြီး နောင်တရခဲ့၏။

ကိုကင်းသာ သိလို့ကတော့ ...

အရင်ဆုံး အရေခွံနွာခံရမှာက သူ။

"ဘာလုပ်မိလို့လဲ ဟုတ်လား။ မင်း ဟိုတစ်ယောက်နဲ့ ပေါင်း အကျင့်ပျက်နေတာ ငါ မသိဘူးမှတ်လို့လား"

"မပျက်ပါဘူး ကိုကင်းရဲ့ ပုံမှန်ပါပဲ"

"ဟာ ... တစ်ခွန်းမခံပါလား။ အဲဒါကိုက ဟိုတစ်ယောက်ရဲ့ အကျင့်တွေ ပါနေတာ၊ ကဲ ... သွားကွာ၊ မင်း ထွက်သွား။ ရင် မင်းကို ငါ တစ်ခုခုလုပ်မိလိမ့်မယ်"

ကြွက်စုတ် ခေါင်းညိတ်ပြီး ထွက်သွားဖို့ ပြင်လေလျှင် ...

"စိတ်မရှိနဲ့ ကြွက်စုတ်ရေ၊ အဲဒါ ကုလားမနိုင် ရှိုင်မဲ့တယ် ခေါ်တယ်ကွ ... ဟား ဟား ဟား"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ရှားပြန်လာတာမြင်သည်နှင့် ကင်း အလုပ်ရှုပ်လေ... သည်။ ဖေဖေက နောက်ကျပြီး ပြန်ရောက်စမြဲမို့ ဖေဖေ့အတွက်... ဘာမှပူစရာမလိုပေ။ အန်တီလှိုင်းက စောစောကပဲ ရေချိုးပြီး... ရေချိုးခန်းထဲက ထွက်သွားပြီ။ ကင်းက နောက်မှချိုးမယ်လေ။ ... တစ်ခါ ရေချိုးလာမည့်သူက ပြိုင်စံရှားပဲပေါ့။

ရေချိုးခန်းထဲဝင်တာနဲ့ ချော်လဲပြီး မရှုမလှဖြစ်အောင် ဆ... ပြာမှုန့်တွေ ဖြူးထားလိုက်၏။ ပြိုင်စံရှား အထိနာတာကို အားရပါး... ကြည့်ပြီးမှ ဖေဖေ မဝင်ခင် ပြန်ရှင်းထားမည်ဆိုသောအကြံနှင့်။ သူ... ပြိုင်စံရှားပြီးမှ ဒါတွေ ပြန်ရှင်းရင်း ချိုးပည်လေ။ ကိုယ့်အတွေး... ကိုယ် ပီတိဖြစ်လျက် ကင်း ရေချိုးခန်းဘက်မှ ပြန်ထွက်လာခဲ့သည်...





"သား"

"ဗျာ"

ဖေဖေ့အခန်းရှေ့မှ ဖြတ်အလျှောက် ခေါ်သံကြောင့် လန့်... ...ထူးပြီး လှည့်ကြည့်လိုက်တော့ တံခါးဝမှာ ရပ်နေတာ ဖေဖေ။

"ဖေဖေ"

မဟုတ်တာ လုပ်ထားမိတဲ့သူများ ကိုယ့်ခြေသံပင် ကိုယ်ပြန်... ...န့်လောက်အောင် လိပ်ပြာကမလုံပေ။

"ဖေဖေ သားကို အကူအညီတောင်းစရာရှိလို့ လိုက်ရှာနေ... ...ာ၊ အဲဒါ ရေချိုးခန်းဘက်သွားတယ်ဆိုလို့ ဒီကစောင့်နေတာ"

"ဟုတ်ကဲ့ ... သား ဘာကူညီရမလဲ ပြောပါ ဖေဖေ"

"အခြားမဟုတ်ပါဘူးကွာ၊ ဖေဖေ လက်မောင်းတွေရော ... ...က်ဆစ်တွေရော ကိုက်နေတာ ဘာဖြစ်မှန်းကို မသိတော့ပါဘူး။ ...ဲဒါ ရေချိုးချင်လို့ ဖေဖေ့ကို ကူညီစမ်းပါ"

"ဗျွဲ"

ကင်း မျက်နှာပျက်သွားလေလျှင် ...

"ဒါလေးခိုင်းတာများ မင်းမျက်နှာက ဘာဖြစ်သွားတာလဲ"

"ဘာ ... ဘာမှမဖြစ်ပါဘူး ဖေဖေ"

"ဘာမှမဖြစ်ရင်လည်း လာကွာ၊ လူက စိတ်ပင်ပန်း လူပင်...



www.burmeseclassic.com

www.burmeseclassic.com



ပန်းဖြစ်ပြီး မလန်းဘူးဖြစ်နေတာ၊ ရေချိုးလိုက်မှ''

''နေ . . . နေပါဦး ဖေဖေရဲ့''

သူ့ရှေ့ကနေ ပျာပျာသလဲ ကာရပ်လိုက်တဲ့ကင်းကို ဦးတိုး

တက် မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။ ဒီကောင် ဘာဖြစ်

ပါလိမ့်။ ရေချိုးပေးဖို့ ခေါ်တာကိုများ သေမင်းနိုင်ငံကို ပြည်နှင်ဒဏ်

ပေးတဲ့အတိုင်း ပျာပျာသလဲနဲ့ မျက်နှာကလည်း ပျက်လို့။

''ဟို . . . ခဏလေးနေဦး ဖေဖေ၊ သား သွားရှင်းပါရ

ဦး ခဏလေးပါ''

''မင်းက ဘာကိုရှင်းမှာလဲ''

''ဘာပဲဖြစ်ဖြစ် ဖေဖေရာ . . . ခဏလေးပါနော်၊ ခဏလေး

စောင့် သားပြန်လာပြီး ဖေဖေ့ကို ရေချိုးပေးဖို့ လာခေါ်ပါ့မယ်၊ ခဏ

လေးပဲ . . . ခဏလေး''

လက်တကာကာနှင့်ပြောပြီး သူ့ရှေ့မှ လှစ်ခနဲပြေးထွက်သွား

သော ကင်းကို ဦးတိုးတက် နားမလည်နိုင်စွာ လိုက်ကြည့်နေမိ၏

ယုန်ထောင်ကြောင်မိ . . . အဲလေ ဒီလိုပြောရင် ကိုယ့်အဖေ

ပဲ ကြောင်ဖြစ်ဦးမယ်။ ပစ်တော့ ခြသေ့ မှန်တော့ ဘုရားဖြစ်မည့်ကိန်း

ဆိုက်နေတော့ ကင်း အလုပ်ရှုပ်ရပြန်ပြီ။ ဖေဖေကလည်း ဒီနေ့

ဘာလို့ အိမ်ကို အစောကြီး ပြန်လာပါလိမ့်။ ကိုယ်လုပ်ထားသမျှ





သကားဖြစ်ကုန်ပါပြီ။ ပြိုင်စံရှားကပဲ ကံကောင်းတာလား၊ ကိုယ်က

ကံငယ်နေတာလား။ ကြိုးစားထားသမျှက သဲထဲရေသွန်၊ ဖေဖေက

ချိုးချင်သည်ဖြစ်လာတော့ ကိုယ့်အကြံလည်း အထမမြောက်ဘဲ

သောကမျော ရေချိုးခန်းထဲသို့ ဝင်လိုက်စဉ် . . .

''ဟ . . . ဟာ''

ဘယ်လိုနှင်းရမလဲ စဉ်းစားမိတဲ့ ဦးနှောက်က နောက်ကျ

ခြေထောက်က အရင်ကျွံသွားလေသဖြင့် ချော်သွားလေလျှင်–

''ဘုတ်''

''အား''

ဖင်ထိုင်ကျသွားလေတော့ လက်ထောက်လိုက်တာတောင်

တ်ကပါဆက်၍ ဆပ်ပြာအပေါ် သစ္စာမပျက် ကတိမယွင်းရအောင်

ထွက်သွား၏။

''သေပါပြီ''

''သား''

''အို . . . သား ဘယ်လိုဖြစ်''

ကင်းမျက်နှာ ရှုံ့ရှုံ့မဲ့မဲ့နှင့် ကြည့်လိုက်တော့ ရောက်လာကြ

တွေက ဖေဖေတို့လင်မယားနှင့် ပြိုင်စံရှားပါ။ ဦးတိုးတက် သား

ပွင့်ကို ကြည့်ပြီး သားဖေနှင့်သားကို ဆွဲ-ဘူမို့ ဝင်လိုက်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟာ ... ဟာ"

"ဘုတ်"

"အင့်"

"အမယ်လေးဗျ"

"ဟာ ... ဖေဖေ"

"အို ... ကိုတိုး"

ဦးတိုးတက်ပါ ချော်လဲပြီး ကင်းအပေါ်သို့ ထပ်ကျသွားလေ လျှင် ကင်းမှာ ဆန်အိတ်ကြီးအပိခံရသလို ရင်ဘတ်ပေါ်မှာ နှင့်နှင်း လေးလေးကြီး ဖြစ်သွားလေ၏။

"ကိုတိုး"

"လှိုင်း ... မလာနဲ့၊ မလာနဲ့"

ဦးတိုးတက်ဇနီးဖြစ်သူဝင်လာမှာစိုးလို့ တားဆီးလိုက်ပုံ ခြေကားယား လက်ကားယားနှင့်ပါ။ ရှားကလည်း မိခင်ဖြစ်သူ ဆွဲထားလိုက်၏။ ကင်းမှာတော့ ချော်လဲလို့ နာရကျင်ရတဲ့အထဲ ဖခင် ကိုယ်ကြီးက သူ့အပေါ်မှာ ပိနေတော့ လှုပ်လို့မရ လဲ့လို့မရနှင့် ရှုံ့မဲ့ နေလို့သာ ...

"ဟိုက မဝင်ဘူး၊ ဒီက သေပြီ ဖေဖေရဲ့"

"ဟေ"





"ဖေဖေ့ကိုယ်ကြီးပိနေတာ ... ဖယ်ဦးလေဗျာ၊ သေပါပြီ အား ... ဟား ... ဟား"

"ဩော် ... အေး ... အေး"

ဦးတိုးတက် ကင်းအပေါ်ကနေ ဖယ်လိုက်ရတာပင် ဟိုက ဒီကချောနှင့် လေးဘက်တွားနေရသည့်အဖြစ်ပါ။

"ကိုတိုး ... လက်စနဲ့ အသာလေးသွားပြီး ရေပိုက်ကို လိုက်လေ"

"အေး ... အေး"

"ရတယ် ... ရတယ်၊ ဖေဖေ မထနဲ့ဦး၊ သား လုပ်လိုက် မယ်"

ဖေဖေက လူကြီးမို့ ဖေဖေလုပ်ရင် အမြင်မတော်စရာတွေ တန်တော့မည်ဟု တွေးလျက် ကင်းပဲ ရေပိုက်ရှိရာ နံရံဘက်သို့ ဘက်တွား၍ သွားလိုက်သည်။ နံရံကိုရောက်မှ လက်နှင့်ထောက် အသာလေးထရပ်ကာ ရေပိုက်ကို ဖွင့်ချလိုက်၏။

"ဟူး"

"တောက် ... ဘယ်ကလေကဝ အုတ်ကြားမြက်ပေါက်က ထားတဲ့ သားသမီးက လုပ်သွားတယ်မသိဘူးကွာ"

"အမ်"



www.burmeseclassic.com

www.burmeseclassic.com



ကင်း မျက်လုံးပြူးလျက် . . .

"ဖေဖေ"

"ဟေ"

"အဲဒါ သားလုပ်ထားတာ"

"ဘာကွ"

ရှားကို မျက်ဝန်းစွေကြည့်ပြီး ပြောလိုက်တာမို့ အကင်း... တဲ့ ရှား နားလည်လိုက်ပါပြီ။ ထို့ကြောင့် ပြုံးလိုက်မိတာကို ကင်း... လည်း မြင်ဖြစ်အောင် မြင်လေသည်။

"မင်းကွာ . . . ကလေးမဟုတ် သူငယ်မဟုတ်နဲ့ ဆော့... ရှားလို့ ဒီအထဲမှာ လာဆော့ရသလားကွ"

"တစ်ခါတည်းပါ"

"ဘာကွ"

ဦးတိုးတက် မျက်နှာကြီးနီနီနှင့် အော်လိုက်တော့ ကင်း... ဇက်ပုသွားလေသည်။

"လူကဖြင့် အသက်အစိတ်ပြည့်တော့မယ်၊ လုပ်ပုံက ... မပြောလိုက်ချင်တော့ဘူး . . . တောက်"

"ကဲ . . . လာပါ ကိုတိုးရယ်၊ အဝတ်တွေ ရေစိုကုန်ပြီ ပြီးမှ ရေချိုး လောလောဆယ် ဒေါသတွေဖြေလိုက်ဦးနော်"





ဒေါ်လှိုင်းထိပ်ထား ဆွဲခေါ်သည့်နောက်သို့ ဦးတိုးတက်ပါ သွားလေလျှင် ရှားက မဲ့ပြုံးလေးနှင့် . . .

"အဟွန်း . . . သူများကို မကောင်းကြံ ကိုယ်အရင် ဘေး ... ထိတယ်တဲ့၊ နောက်ထပ် ငါ့ကို မကောင်းကြံချင်ရင် ဦးနောက် ... အားစိုက်သုံးပြီးမှလုပ် ကြားလား"

"ဘာ . . . တောက်"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ခစ် ... ခစ်"

"ဟား ... ဟား ... ဟား ... ဟား"

ရှားပြောပြတာကို နားထောင်ပြီး ဝိုင်းပြည့်နှင့်ရှား ရယ်နေကြတာ မျက်ရည်များပင် ထွက်လို့ပါ။ ရှိန်ကတော့ ပြုံးရုံလေးပါပဲ။ ကိုယ့်ကို ရက်စက်ခဲ့သူရယ်လို့ သူ့အပေါ် မလိုမုန်းထား မခွဲရစိတ်လည်း မပွားမိပေ။ ဘွားဘွား ခဏခဏပြောဖူးသည်လေ။ ကိုယ်ပြုသည့်ကံ ကိုယ့်ထံ ပြန်တတ်သည်တဲ့။

ရှေးဘဝက ကိုယ်ပြုခဲ့မိသည့်ကံသည် ကိုယ့်ထံပြန်လာသည်လို့ပဲ မှတ်ယူပြီး ခွင့်လွှတ်ခြင်းနှင့် ကိုယ့်ရင်ကို ပြန်ပြီး ငြိမ်းချမ်းစေခဲ့သည်လေ။





"အဲဒီတုန်းကလေ ငါ့လက်ထဲမှာ ကင်မရာသာရှိရင် သူဖြစ်အဖုံကို ပီပီပြင်ပြင်ရိုက်ယူလာခဲ့တယ်သိလား။ နင်သာဆိုရင် အူတက်အောင်ရယ်မှာ၊ ငါတောင် ရယ်ချင်စိတ်ကို မနည်းမျိုသိပ်နေရတာဟ ... ဟား ဟား ဟား"

"နင်ကလည်း ဘာမျိုသိပ်စရာလိုလို့လဲ၊ သူတောင် ကိုယ့်ကို မကောင်းကြံသေးတာ၊ ဖြောင်ကျကျ လက်ညှိုးထိုးပြီး ဟားတိုက်ရယ်ရမှာဟ"

"ငါလည်း လုပ်ချင်ပါတယ်၊ ဒါပေမဲ့ ... အန်ကယ်ပါ အဆစ်ခါနေတော့ အားနာလို့ဟ"

"အေးဟယ် ... သူ့အရှုပ်တော်ပုံထဲမှာ သူ့အဖေက ကြားညပ်ပါရတယ်လို့ တစ်ခုခုသာဖြစ်ရင် ကျော်မကောင်း ကြားမကောင်းဖြစ်ကုန်မှာ၊ ဒါနဲ့ သူရော ဘာဖြစ်သွားသေးလဲ ရှား"

ဝိုင်းပြည့်က အားတက်သရောပုံစံနှင့်မေးလေလျှင် ရှားက အရယ်မပျက်သေးသောမျက်နှာနှင့် ...

"ဘာဖြစ်ရမှာလဲ၊ ခါးလည်းနာ၊ တင်ပါးချပ်လည်း လေဝင်သွားတယ်ဆိုတလား၊ အခု ခြေထွေပျောက်ပြီး အိပ်ရာထဲမှာ အနားယူနေရပြီလေ"

"ကောင်းတယ် ... အဲဒါမှ ကင်းအမြီးပြတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ပြောလိုက်၊ ရယ်လိုက်နှင့် သဘောကျနေကြသည်။ ရှိန်ပါဆိုတော့ သုံးယောက်ပေါ့လေ။ ရှိန်က ဘာမှဝင်မပြောပေမယ့် ပြုံးတော့ ပြုံးမိသည်မဟုတ်လား။ ရှားကတော့ အိပ်ရာထဲမှာပဲ ခွေနေရတာကို နည်းတယ်လို့တောင် ထင်သေး၏။ မေမေက တစ်အိမ်တည်းမှာနေကြတာမို့ သင့်မြတ်ကြဖို့ နားချတာနေ့တိုင်းပါပဲ။ ရှားခံမပြော နားမထောင်လုပ်နေလိုက်သည်။

သူနဲ့ သင့်မြတ်ကြဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ မာနကိုယ်စီနှင့် အကြောမခံချင်ကြတာက အတူတူပဲမို့ ဖအေပါနဲ့မအေပါ မောင်နှမလို ချစ်ခင်ကြပါဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ကိုယ့်ထက် အသက်ကြီးပြီး တည်ကြည်ခန့်ညားနေရင် လေးစားသမှုနဲ့ အစ်ကိုလိုသဘောထားလိုက်လို့ရသလို၊ ကိုယ့်ထက်ငယ်လို့ ကိုယ့်ကို လေးစားခင်မင်သူဆိုလျှင် မောင်လေးလို ရင်းနှီးလိုက်လို့ ရသေး၏။

ခုဟာက . . .

ရွယ်တူဖြစ်ရတဲ့အထဲ စတွေ့ကတည်းကက မပြေလည်မှုတွေနှင့်ပါ။ ဒီကြားထဲ ရှိန်နဲ့ပါ ပတ်သက်လာတော့ ထပ်မကျေဖို့တွေပဲ ဖြစ်လာခဲ့သည်လေ။

"Customer တွေ လာတယ်"

ပြောပြောဆိုဆိုနှင့် ရှိန်က လှစ်ခနဲ Customer တွေဆီသို့





ရောက်သွားလေသည်။ ဝင်လာသူတွေကို မြင်လိုက်ရတော့ . . .

"ဟင်"

ရှိန့် ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားလေ၏။

"ပြိုင်စံရှား ရှိတယ်မဟုတ်လား"

"ဟုတ် . . . ရှိ ရှိပါတယ်"

ရှိန် ရှားဘက်သို့ ပြန်ကြည့်လိုက်စဉ်မှာပဲ ရှားက လျှောက်လာနေပြီ။ မျက်နှာကြောတင်းတင်းနှင့် . . .

"ဘာလျှောက်တွန်းစရာရှိသေးလို့ ဆိုင်အထိ လိုက်လာတာလဲ"

"ခင်ဗျားဆွဲတဲ့ ဒီဇိုင်းစာအုပ်ကျန်ခဲ့လို့ လိုက်ပို့ပေးပါဆိုလို့ ခင်ဗျားအမေ ခိုင်းတာနဲ့ လာပို့ပေးတာ၊ သိပ်လာချင်လှလို့လို့ မထင်နဲ့"

"ပေး"

ရှား သူ့လက်ထဲက ဖိုင်ကို ဆွဲယူလိုက်သည်။ ရှိန်က နောက်ပြန်လှည့်သွားပြီး သူကလည်း တစ်ချက်ကလေးမှ ငဲ့မကြည့်တာ ဘာမှမပတ်သက် မသိခဲ့ကြတဲ့အတိုင်းပါပဲ။ တော်တော်နေနိုင်တဲ့လူ အသည်းနှလုံးမှ ရှိရဲ့လားမသိဘူး။

ရှား . . . ဝိုင်းပြည့်ကို ငဲ့ကြည့်လိုက်တော့ "နင်ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲမှာ လဲနေတယ်ဆို၊ အခု ဘာမှမဖြစ်ပါလား'' လို့ မေးသ
မေးဆတ်ပြလေ၏။ ရှား သူ့ဘက်သို့ ပြန်လှည့်လိုက်ကာ ...

''ပြောတော့ ခါးနာလို့ဆို၊ အခုတော့ အကောင်းကြီးပါလာ
ဘာလဲ မာယာများတာလား''

''ဟုတ်တယ် ... ဖေဖေဆူမှာစိုးလို့ ဟန်ဆောင်ပြတာ၊ မ
တကာယ်ထင်ပြီး ဝမ်းသာသွားတယ် မဟုတ်လား''

ရှား မျက်စောင်းထိုးပြီး မျက်နှာလွှဲလိုက်လေလျှင် ...

''ငါမသေဘူး ရေကူးတတ်တယ်၊ သိလား''

''ခဏနေဦး''

ကင်း လှည့်ထွက်သွားပြီးမှ ရှားက နေဦးဆိုသဖြင့် နောက်
ပြန်လှည့်လာသည်။ ရှားက ရှိန်ဘက်သို့ လှည့်ကြည့်ပြီး မေးငေ
ဆတ်ပြကာ ...

''နင် ... ရှိန်ကို နှုတ်ဆက်ဖို့တော့ သင့်တယ်''

''နင် ... ငါ့နောက်ကြောင်းကို သေသေချာချာ စုံစမ်းပြီး
ဒီစကားကိုပြောသင့်တယ်''

''ဘာဖြစ်လို့''

ကင်း မိုးမိုးရှိန်ကို လှမ်းကြည့်လိုက်တော့ သူ့ကို ရှိန်
ပြန်ကြည့်နေသည်။ ပြီးမှ ဖျတ်ခနဲ ရင်မဆိုင်ရဲသလို မျက်လွှာချသွာ





၏။ ကင်းကတော့ ရင်မဆိုင်ရဲတာမရှိ။ ဘယ်သူ့ကိုမှလည်း ဂရုစိုက်
တတ်သူမဟုတ်ပေ။

အချစ်ဆိုတာ ဘာလဲ

အချစ်က အရောင်ရှိသလား

အချစ်က အနံ့အရသာရှိသလား

အချစ်က လက်ဆုပ်လက်ကိုင်ပြလို့ရသလား

လို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိရင်တောင် ကိုယ့်မျက်နှာ
ကိုယ် လက်ညှိုးထိုးပြီး ဟားတိုက်ရယ်မည့်ကောင်က ကင်းဆိုတဲ့
ငြိုင်ဘက်ကင်းပါပဲ။ အချစ်ဆိုတာ ဘာမှရေရေရာရာမရှိတဲ့ စိတ္တဇ
နာမ်သက်သက်မို့ အယုံအကြည်လည်းမရှိ။ အလေးလည်း မထားပေ။

ထို့ကြောင့် ...

ရှားမေးတာကို ဖြေဖို့ ခပ်သာသာပဲ ပြုံးလိုက်ပြီး ...

''ငါ့ရာဇဝင်မှာ ဖြတ်ပြီးသားကြိုးကို ဘယ်တော့မှ ပြန်ဆက်
နိုးထုံးရိုး မရှိဘူး၊ မကင်းရာ မကင်းကြောင်း တော်စပ်နေရတဲ့ ဆွေ
နီးမျိုးစပ်မှ မဟုတ်တာ၊ ကျောခိုင်းပြီးရင် ပြန်လှည့်ကြည့်ဖို့''

စကားစကိုဖြတ်၍ ကင်း လက်ခါပြလေသည်။ ပြီး ပခုံးကို
လည်း တွန့်လိုက်သေးကာ ...

''စိတ်ကို မဝင်စားတာ''



www.burmeseclassic.com

www.burmeseclassic.com



ရှားစိတ်ထဲမှာ ဖျင်းခနဲဖြစ်သွား၏။ ရှိန်ကို သနားတာ။ ခါး နာတယ်ဆိုပြီး ဟန်ဆောင်တာ။ ယောက်ျားဖြစ်ပြီး နှုတ်သီးကောင်းတာ . . . အားလုံးအတွက် ငကျေနပ်ချက်တွေက ရင်ထဲမှာ စုပုံတင်းကျပ်နေသလိုပါပဲ။

ကင်းကလည်း . . .

ခါးနာတာ တကယ်ဖြစ်ပြီး အန်တီလှိုင်းကိုယ်တိုင် ကားမောင်းပြီး သူ့သမီးနောက်ကို လိုက်မယ်လုပ်လို့ အမြင်မတော်တာနှင့် ဝင်ကူညီမိတာ။ ဒီရောက်တော့ ကျေးဇူးတင်စကားပြောဖို့နေနေသာသာ လာခဲ့သူကိုပဲ မာန်ဆောင် ရန်ထောင်လုပ်လေတော့ စိတ်ထဲမှာ ကျိုလိကျိုလိဖြစ်နေသည်။

"နင်က အသည်းခွဲမေကျာ အောင်လက်မှတ်ရထားသူပေါ့"

"ဟုတ်တယ်"

"အပွန်း"

"ဘာရယ်တာလဲ"

ရယ်ပုံက သရော်လီဆယ်မှုတွေအပြည့်နှင့်ပါ။

"နင် နောက်ထပ် မေကျာတစ်ခုတက်ရဦးမှာ ကျိန်းသေတယ်"

"ဘာမေကျာလဲ"





"အ . . . သည်း . . . ကွဲမေကျာ"

"ဘာ"

ရှားပြောလိုက်တဲ့ အသည်းကွဲမေကျာကို ကင်း ဘယ်တော့ [illegible] တက်ရမှာလဲ။ ကင်းကတော့ သူ့ကိုယ်သူ ယုံကြည်မှုအပြည့် [illegible] ရှားပြောသည့်မေကျာကို ဘယ်တော့မှ မတက်ဟု ဆုံးဖြတ်ချက် [illegible] သူ တကယ်ပဲ အချစ်စစ်နှင့် မတွေ့တော့ဘူးတဲ့လား။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

ဖေဖေပြောတဲ့စကားကြောင့် ကင်း တအံ့တသြ ဖြစ်သွား သည်။ ကင်း နားကြားများ မှားလေရော့သလား။ အိမ်မက်မဟုတ်ပါ လည်း သေချာနေ၏။ သွေးသားအရင်းအချာဆိုလို့ ဒီသားအဖ ယောက်ပဲရှိတာကို ဖေဖေက စိမ်းချင်တာလား။

"မင်း ... အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီ အိမ် ထောင်ပြုတော့" တဲ့။

မိဘမျက်စိထဲမှာ ကိုယ့်သားသမီးကို ဘယ်အရွယ်ပဲဖြစ်ဖြစ် ကလေးလို့ မြင်နေတတ်ကြသည်တဲ့။ ဖေဖေ့ကျတော့ ဒီလိုမဟုတ်ပါ လား။ ရှားနဲ့မတည့်လို့များ သူ့ကို နှာထုတ်ချင်တာလားဟု စိတ်ထဲမှာ တွေးလျက်၊ နောက်မှ ... ဩော် ... ဖေဖေက ကိုယ့်သားအပေါ်





ဖြစ်စေချင်ပါ့မလားဟု ပြန်ဖြေလိုက်၏။

"ဖေဖေ ခုလိုပြောလို့ ဖေဖေ့အပေါ် တစ်မျိုးမမြင်နဲ့ သား၊ အရွယ် မငယ်တော့ဘူး။ ခုအချိန်မှာ သား ကိုယ့်ခြေထောက်ပေါ် ရပ်တည်ပြီး လောကရဲ့ကောင်းကျိုး,ဆိုးကျိုးတွေကို နားလည် နေပြီ"

"အဲဒါတွေ နားလည်ဖို့ သား လွတ်လပ်စွာကြိုးစားခွင့်မရှိဘူး ဖေဖေ၊ ဘာဖြစ်လို့ မိန်းမအတင်းယူစေချင်နေတာလဲ"

"ဖေဖေ မျက်ကွယ်မပြုခင် သားရဲ့ဘဝ အခြေတကျဖြစ်နေ တာကို မြင်ချင်လို့ပါ"

ဖေဖေက ရိုက်သတ်တောင်မသေနိုင်ဘူးလို့ စိတ်ထဲမှပြောမိ ၏ စီးပွားရေးတစ်ခုခုလုပ်ပါလို့ ပြောရင် ရလျက်နဲ့ မိန်းမယူတော့တဲ့။

"သားအတွက် အိမ်ထောင်ဖက်ကို ဖေဖေ ရှာပေးရမလား သား"

"ဖေဖေ့စိတ်တိုင်းကျရှာလို့ဖြစ်မလား ဖေဖေရဲ့ ပေါင်းရမှာက သားလေ ဖေဖေနဲ့မှမဟုတ်တာ"

"ဟာ ... ဟော့ကောင်၊ စကားပြောတာ ဆင်ဆင်ခြင်ခြင် ပြောမှပေါ့ကွ"

ဦးတိုးတက် ကင်းစကားကို သေးလူကြားမှာစိုး၍ စိတ်မလုံ



www.burmeseclassic.com

www.burmeseclassic.com

စွာ ဟိုဟိုဒီဒီ ကြည့်မိ၏။

"သမီးတစ်ကောင် နွားတစ်ထောင်ပဲ ကြားဖူးပါတယ်

ငါ့ကျမှ စစ်စစ်ပေါက်ပေါက် သားတစ်ယောက်ကို နွားအကောင်

သောင်းလောက် ထိန်းနေရသလိုပဲ"

ခေါင်းကိုကုတ်၍ ဦးတိုးတက် ညည်းတွားမိတော့သည်

ဒီအရွယ်ကျမှ ကြွက်နဲ့လည်း ချောက်မရ ကြောင်နဲ့လည်း ချောက်

ကျားဆိုရင်တောင် လာထားဆိုပြီး နပမ်းလုံးမယ့်ကောင်ကို ထိန်း

သိမ်းရ တယ်ခက်ပါလား။ ငယ်တုန်းက ငယ်လို့ အရွယ်ရောက်တော့

ရောက်လို့။ သူလုပ်သမျှက ထော်လော်နဲ့ ကန့်လန့်ချည်းသာ။

ရည်းစားထားခြင်းအလုပ်ကို ရပ်တန်းက ရပ်ပါပြီဆို

စိတ်ချမ်းသာရမလား မှတ်ပါတယ် အိမ်မှာကပ်နေတော့လည်း ရှုးနဲ့

လုံးဝမတည့်ပေ။ သူဦးရင် သူ့ဖို ငါဦးရင် ငါစောင်းနဲ့ နှစ်ယောက်သား

က ခွေးနဲ့မျောက်လိုဖြစ်နေတာ ဘယ်လိုလုပ်ရမလဲ။

"ဖေဖေ"

"ဟော"

"သား မိန်းမတော့ မယူချင်သေးဘူး၊ ဖေဖေ့ထက်သာတဲ့

စီးပွားရေးတစ်ခုခုလုပ်မယ် ဖြစ်လား"

"ဟ . . . မင်းစကားက မြင့်လှချေလားကွ၊ ငါ့ထက်သာတဲ့





. . . ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာအလုပ်လဲ ပြောစမ်းပါဦး"

ကင်း အလုပ်ကိစ္စအတွက် စဉ်းစားပြီးသားစို့ ပြုံးလိုက်သည်။

လုပ်လုပ်ဖို့ စဉ်းစားမိတာလည်း ဟိုမပေါ်မကြောင့်ပါ။ သူလုပ်

မပြောပလောက်တာလေးကိုများ ဂုဏ်ဖော်ပြီး အချိန်တိုင်း

ရှိတယ်လေး ဘာလေးနဲ့ လေလုံးထွားနေတာ။ ကင်းမှာလည်း

ချင်သေးလို့ မလုပ်ဖြစ်ပေမယ့် ကိုယ့်အစွမ်းအစနဲ့ကိုယ်ပဲလေ။

"သားလုပ်တဲ့နေ့ကျရင် ဖေဖေ သိရမှာပါ"

"အေး . . . လုပ်မယ်ဆို ဖြစ်အောင်လုပ်၊ မဟုတ်လို့ကတော့

ပေးစားပစ်မယ်"

"နေပါဦး . . . ဖေဖေက တဆိတ်ရှိ ဒီမိန်းမအကြောင်းပဲ

ည်ပြောနေရအောင် ဖေဖေ့လို မရှိမဖြစ် လိုအပ်နေမယ်ထင်လို့လား"

"ဘာကွ"

ဦးတိုးတက် မျက်နှာကြီး နီသွားလေ၏။

"ဟုတ်တယ်လေ . . . ဖေဖေပြောနေပုံက သား အခု ခေါင်း

ညိတ်တာနဲ့ အခု ထ,ပေးစားမယ့်အတိုင်း၊ ဖေဖေက အဆင်သင့်

ထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့"

"ဗျာ"

"ဟာ ... မဟုတ်ဘူး"

ကင်း ပထမစကားကို အမှန်ယူလိုက်ရမှာလား။ ဖေဖေ ဘယ်မိန်းကလေးကို သဘောကျနေတာလဲ။ သဘောကျတယ်ဆိုရင် ကင်းနဲ့ နီးစပ်အောင် တွေ့ပေးမှာပေါ့။ ခုဟာက ဘာမှန်းမသိတာကြီး ကိုက ကင်းထင်နေတာ ပြောရလျှင်ဖြင့် ...

ဟူး ...

မဖြစ်နိုင်သေးပါဘူး။ ဖြစ်နိုင်,မဖြစ်နိုင်ကိုထား ကင်း ဖေဖေ့ ကို စ,ချင်လာတာနှင့် ...

"သား ... ဖေဖေ့ရဲ့ပထမစကားကို အတည်ယူလိုက်ပြီ ဘာလဲ ဖေဖေက ကိုယ့်အိတ်ထဲ ကိုယ်ဖိတ်စေချင်တာလား"

"မင်း"

ကင်းကို လက်ညှိုးထိုးပြီး ဦးတိုးတက် ဘာမှဆက်မပြောဖြစ် ပေ။ ဒီကောင် လူကဲခတ်တယ်တော်ပါလား။ ဒါကြောင့် နှလုံးသားရေး ရာနဲ့ပက်သက်ပြီး သူပဲ အနိုင်ပိုင်းဗိုလ်စွဲနေတာလား။ ရှားနဲ့သားကို ရည်ရွယ်ချင်ပါတယ်ဆိုလျှင် သူ့ လှိုင်းတို့သားအမိအပေါ်မှာ မတရားရာ များ ကျနေမည်လား။





ကိုယ်က ဖြစ်စေချင်တာမှန်ပေမယ့် ဖွင့်ပြောလို့လည်း မဖြစ် ... ဖေအောက မအောက်ယူထားပြီးပြီ။ သားကိုပါ သမီးဆက်ဖို့ပြောရင် ... အတ္တကြီးရာ၊ လောဘကြီးရာကျနေမှာပေါ့။ ဖြစ်စေချင်တာက ... တို့အချင်းချင်း အနေနီးပြီး သံယောဇဉ်တွယ်စေချင်တာ။ ဖြစ်နေ ... က ဆေးချေးနဲ့တောက်တဲ့မို့ ရှားတစ်ချောင်းကြောင့် အုတ်တစ် ... ဘင်းတော့ အပျက်မခံနိုင်ပေ။

"သားပြောတာ မှန်တယ်မို့လား ဖေဖေ"

ကင်းက ပြုံးစိစိနှင့် ထပ်မေးသည်။

"မှန်တယ်ဆိုရင် ဖေဖေ လောဘကြီးပြီး မတရားရာ ကျနေ ... မယ်ထင်တယ်"

"အဟွန်း"

စလိုက်တာက တကယ်ဖြစ်လာပြီ။ ကင်း ဘာပြောရမလဲ။

"ဖေဖေ့ဆန္ဒကတော့ သားတို့နှစ်ယောက်ကို သင့်မြတ်စေ ... ချင်တယ် သား"

"အဲဒါ မလွယ်ဘူးထင်တယ်"

"လူကြီးရင် ဘာမဆိုဖြစ်တယ်လေကွာ"

"နှလုံးသားရေးကို ဘာနဲ့မှ ထည့်တွက်လို့မရဘူး ဖေဖေရဲ့ ကိုယ့်ဘာသာတောင် စေခိုင်းလို့မရ ညွှန်ပြလို့မရ"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ . . .”

ဒါပေမဲ့ရဲ့နောက်မှာ ဦးတိုးတက် အတွေ့ရသားကောင်ဖြစ်နေ ပြီလား။ ကိုယ့်အိတ်ထဲကိုရောက်လာတဲ့ အသီးချိုမှန်းသိသိနဲ့ ဘယ် သူကများ လက်ထဲကို ရက်ရက်ရောရော ထည့်ပေးချင်မှာလဲ၊ ဖြိုင်စံရှားက ထက်မြက်၍ မြော်မြင်တွေးဆတတ်တဲ့ မိန်းကလေးပါ။ လူမှန်းသိသိနဲ့ ဆူးကိုကြည့်ပြီး အဆိပ်ထင်နေတဲ့ သားကပဲ မိုက်တာလား။

ဆူးဆိုတာ အဆိပ်မဟုတ်ဘူးလေ။ ထိရင်ပေါက် ဖွဲ့ရင်ရှု တတ်တာ သူ့ကိုယ်သူ ကာကွယ်နိုင်တဲ့ ရဲစွမ်းသတ္တိပဲပေါ့။ ဒါကို အဆိပ်လို့မြင်ရင် မသိသူက ကျော်သွားပြီ သိသူက ဖော်စားလိမ့်မည် ပေါ့။

“ဖေဖေ”

“ဟင်”

“အန်တီလှိုင်း ထမင်းစားဖို့ လာခေါ်နေတယ်”

“ဟော . . . အေး . . . အေး”

“သားအဖတွေ ဘာတွေတိုင်ပင်နေကြတာလဲ”

“ဩော် . . . ဟို”

“ကျွန်တော် စီးပွားရေးတစ်ခုလုပ်ဖို့ တိုင်ပင်နေတာပါ အန်တီလှိုင်း”





“ဩော် . . . ကောင်းတာပေါ့ကွယ်၊ သားက အရည်အချင်း ...ခဲ့ လူတစ်ယောက်ပါ၊ သားလုပ်ရင် အောင်မြင်မယ်လို့ အန်တီလှိုင်း ...ကြည်တယ်”

စောစောက စကားတွေက ဒီနေရာမှာပဲ စခန်းသိမ်းပြီး ...တယ် ပြောဖြစ်ကြတဲ့စကားတွေကို ဒေါ်လှိုင်းထိပ်ထားသိရင်ဖြင့်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကင်း ဒရင်းဘတ်ဒ်ပေါ်မှာလှဲရင်း နဖူးပေါ်သို့ လက်တင်ကာ အတွေးနယ်ချဲ့နေမိ၏။ အပြောင်အပျက်သဘောမျိုး ပြောမိရာကနေ သူ့ခေါင်းထဲကို လေးနက်မှုတွေ သယ်ဆောင်ပြီး ဝင်လာတာက ရှားပါ ရှားက ရိုနန်နဲ့ပတ်သက်ပြီး သူ့အပေါ် တင်းမာနေသူ။ ဖေဖေပြောသလို သူ ရှားနဲ့ အဆင်ပြေပြေဆက်ဆံချင်၏။

ဒါပေမဲ့ ...

အဲဒီလိုအဆင်ပြေဖို့ ဘယ်လိုလုပ်ရမလဲ။ ရိုနန်ကို တောင်းပန်ပြီး သူ့ရာဇဝင်ကို ဖျက်ရမလား။ ရှားကိုပဲ တည့်တည့်တောင်းပန်ပြီး အလျှော့ပေးရမလား။ သူ လူကြီးတွေကို စိတ်ကသိကအောက် မဖြစ်စေချင်တော့ပေ။ သူတို့နှစ်ယောက် ရန်ဖြစ်စကားများတိုင်း ကြားထဲမှာ





အနေခက်ရတာက လူကြီးတွေ။ လူကြီးတွေကို လက်ထပ်ဖို့ ကြည်ဖြူစွာ ခေါင်းညိတ်ပေးခဲ့တာကို ထောက်ထားပြီး လူကြီးခများ ကိုယ့်သားသမီးရယ်လို့ ဩဇာပေး မဆုံးမရဲသလို ပုံစံမျိုးဖြစ်နေတာကိုက သူတို့မှာ အပြစ်တွေ လုပ်မိနေသလိုပါပဲ။

ဟူး ...

ကင်း သက်ပြင်းချလိုက်စဉ်မှာပဲ ဖုန်းက မြည်လာသဖြင့် ကောက်နားထောင်လိုက်ကာ ...

"ဖေဖေ ... ပြော"

"ယောက်ဖ"

"အမယ် ... မင်းက ငါ့ကို ယောက်ဖခေါ်ရအောင် ဘာလဲ မင်းအစ်မအပျိုကြီးကို ငါ့လက်ထဲ ထိုးကြိတ်ထည့်မလို့လား၊ စဉ်းစားဦးနော်၊ မင်းအစ်မက ပုပုသေးသေးလေး ငါက ..."

"ခွေးကောင် ... ငါ့အစ်မကိုတော့ ပေးမလားကွ၊ မင်းဆီကပဲ ငါယူမှာ"

"ဘာ"

"ရှားမင်းသမီးလေး ငါ့ကိုပေးလေ"

ကင်း ဟက်ခနဲ ရယ်လိုက်ပြီး ထထိုင်လိုက်သည်။

"မင်း သတ္တိရှိရင် ရအောင်လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား"

"ရေစက်ချပြီးတော့တောင် ပေးလိုက်ဦးမယ်"

"ကျေးဇူးပဲ သူငယ်ချင်း၊ ငါ တကယ်ကြွေနေတာနော်"

တကယ်ကြွေနေတာဆိုတော့ ကင်း တွေခနဲ ဖြစ်သွား၏။ တကယ်လိုက်လို့ ပြဿနာတက်ရင် ကင်း မြှောက်ပေးလို့ဆိုတာမျိုး ကျ အဖြစ်မခံချင်။

"ကင်း"

"ဘာလဲ"

"ဘာလို့ အသံတိတ်သွားတာလဲ၊ မင်း စိတ်ဝင်စားနေရင်လည်း ပွင့်ပွင့်လင်းလင်း ဝန်ခံနော်၊ တော်ကြာ ပုလင်းကွဲမှတ်လို့ လွှင့်ပစ်ပြီး သူများကောက်ယူမှ စိန်မှန်းသိသလို ရင်ထုမနာဖြစ်မှာစိုးလို့ ပြောတာ၊ မင်းနဲ့ဆိုရင် ငါ ရှေ့ဆက်မတိုးဘူး"

"သေလိုက်ပါလား"

"ဟာ ...ငါက အချစ်ကို ခုမှ စတွေ့ရုံပဲ ရှိသေးတာ မသေနိုင်းပါနဲ့ဦးကွာ၊ အခု ငါ့မှာလေ သွားလည်း ရှား၊ စားလည်း ရှား၊ အိပ်တော့လည်း ဖက်လုံးလေးက ရှား ဖြစ်နေပြီး ရေသောက်ရင်တောင် လည်ချောင်းထဲမှာ ရှား ... ရှားလို့ မြည်နေတာကွ"

"ကျွတ်"





"တကယ်ပါကွာ ...ငါ ရှားကို တကယ်ပိုးစိုးပက်စက် သောက်ရမ်းချစ်မိသွားတာကွ၊ ထမင်းစားရင် ပန်းကန်ထဲမှာ ထမင်း မဟုတ်ဘဲ ရှားမျက်နှာလေး ပေါ်လာတယ်ကွာ၊ ပြီးတော့လေ ..."

"တော်စမ်းပါကွာ၊ အဲဒါတွေ ငါ့ကို လာမပြောနဲ့၊ နားခါး ဒွင်းချဉ်ပြီး ဖင်လေချဉ်တက်တယ်၊ မင်းဘာသာ မြှင်စံရှားကို သွား ပြောပါလား၊ တောက် ... ဘယ်လိုကောင်လည်း မသိဘူး"

ကင်း စိတ်တိုတိုနှင့် ဖုန်းကို ပိတ်ပစ်လိုက်သည်။ ရှားကို ချစ်တာ၊ ရှားကို သွားမပြောဘဲ ဘာလို့ သူ့ကိုလာပြောနေရတာလဲ။ အသံကိုက အငမ်းမရနဲ့ ထန်းလျက်ခဲတွေ့တဲ့ ခွေးကျနေတာပဲ။ ရပါလိမ့်မယ် အားကြီး။ ကျောက်ခဲကို တူနဲ့ထုပြီး ရေနဲ့ဖျော်တာမှ ပျော်ချင် ပျော်ဦးမယ်။ မြှင်စံရှားနဲ့ မာနတွေ အရည်ပျော်ပြီး ဇေဇေကို ကြိုက်မယ်ဆိုလို့ကတော့ ကင်းလည်ပင်းကို ဓားတုံးတုံးနှင့် မပြတ်မချင်း အလှီးခံလိုက်မည်။

ကင်း သူ့အတွေးနှင့်သူ ရှိနေစဉ်မှာပဲ တစ်ဖက်မှာ ဇေဇေတို့အုပ်စု ကျိတ်ရယ်နေကြမည်ဆိုတာကိုတော့ မသိရှာပေ။ ဇေဇေတို့က ကင်းကို တမင်စ,နေကြတာပါ။ ဒါကိုမသိတဲ့ ကင်းကတော့ သူ့ တွေးချင်ရာတွေးပြီး သူ့မိသားစုအရေးအတွက် ဇယားကွက်တွေ ချကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... လုပ်ကြပါဦး ... ကယ်ကြပါဦး"

"ဟင်"

"လာကြပါ ... ကယ်ကြပါဦး၊ အမယ်လေး သမီးရှား"

ဒေါ်ထွေးခင်၏စူးစူးဝါးဝါးအော်သံကြောင့် ကင်း ဘာမှစဉ်းစားမနေအားတော့ဘဲ အိမ်ထဲမှ ပြေးထွက်လာခဲ့သည်။

"သမီး ရှား ... ကယ်ကြပါဦး"

ကင်းပြေးထွက်လာတော့ ဒေါ်ထွေးတစ်ယောက် ရေကူးကန်ဘေးမှာ လက်ရောခြေထောက်ပါ အလုပ်ရှုပ်နေသည်။ ခြေထောက်က ဟိုပြေးတော့မလို ဒီပြေးတော့မလိုနှင့် လက်ကလည်း ဘယ်သူ့ကို လက်ယပ်ခေါ်နေမှန်းမသိ။

"ဒေါ်ထွေး"

"အမယ်လေး လုပ်ပါဦး သားရယ် ... ရှားလေးကို ကယ်ပါဦး သူရေနစ်"

"ဝုန်း"

ကင်း ဒေါ်ထွေးစကားကို ဆုံးအောင်နားမထောင်ဘဲ ရေကူးကန်ထဲသို့ ခုန်ဆင်းလိုက်သည်။ မြုပ်ချည်ပေါ်ချည်ဖြစ်နေသော ရှား၏နောက်ကနေ ဝင်ပြီးဆွဲရ၏။ အပေါ်ကိုရောက်တော့ ရှားသတိလစ်နေသည်။





ဒေါ်ထွေးမှာ ထရမလိုထိုင်ရမလိုနှင့် ဘာလုပ်ရမှန်းမသိဖြစ်နေ၏ တော်သေးတာပေါ့။

ကင်းသာ အချိန်မီရောက်မလာရင် ရှားအဖြစ်က မတွေးရဲစရာ။ ရေကူးနေရင်းနဲ့ ရှား ဘာဖြစ်သွားတာလဲ ဒေါ်ထွေးမသိပေ။ နောက်မှ ရေနစ်နေမှန်း သိရ၏။

"ဒေါ်ထွေး"

"ဟင်"

"ဘာကြည့်နေတာလဲ သွားတော့"

"ဟို ... ဒေါ်ထွေး ဘာလုပ်ပေးရမလဲလို့ပါ"

"ဘာမှလုပ်ပေးလို့မရဘူး။ ဒီမှာ ရှေးဦးသူနာပြုစုနည်းနဲ့ လုပ်မလို့ ဒေါ်ထွေးရှိနေတော့ ကျွန်တော်က ဘယ်မျက်နှာနဲ့ လုပ်ပေးရမှာလဲ"

"ဪ ... အေး ... အေး"

အလိုက်သိစွာနှင့် ဒေါ်ထွေးထထွက်သွားလေသည်။ ကင်း ရှေးဦးသူနာပြုစုနည်းနှင့် ရှားကို ရေတွေအန်အောင် လုပ်ပေးရ၏။ ဒီလိုလုပ်ပေးရတာကို သူ့မှာ ခြေတုန်လက်တုန် ဖြစ်ချင်လာသည်။ ရှားရဲ့နှုတ်ခမ်းလေးကိုကြည့်မိချိန်မှာ ကင်းတစ်ခါမှမဖြစ်ဖူးတဲ့ ကြောက်ခြင်း ရှက်ခြင်းတွေ ဝင်ပူးကပ်လာသည်လားမသိ။ နားထင်တွေပူလာပြီ



www.burmeseclassic.com

www.burmeseclassic.com



ရင်တွေကတုန်သလိုလို။

ကျောခိုင်းထားခဲ့လို့လည်း မဖြစ်သည့်အခြေအနေမို့ စိတ်ကို တင်းပြီး ခေါင်းလေးငုံ့ကျသွားလေသည်။ ဒီလိုလုပ်လို့ သူမှားတယ်ဆို လျှင် ဒါဟာ စေတနာအမှားပဲဖြစ်မှာပါ။ အဲဒီအတွက် မင်းနားလည်နိုင် ပါစေ ရှား။ လူ့ပြည်က အပ်တစ်စင်းနဲ့ ဗြဟ္မာပြည်က အပ်တစ်စင်းသာ ထိပ်ချင်းထိတွေ့ဖို့ လွယ်ချင်လွယ်မယ် လူ့ပြည်မှာလူဖြစ်ရဖို့က မလွယ် ဘူးတဲ့။ အဲဒါကြောင့် ငါ လူ့အသက်တစ်ချောင်းကို ကယ်လိုက်တာပါ အဲဒီအတွက် မင်း ငါ့ကို ကျေးဇူးမတင်ဘူးဆိုရင်တောင် . . .

"အင်း . . . ဟင်း"

"ဟင်"

ရှား လည်ချောင်းထဲမှ ညည်းသံထွက်လာသဖြင့် ကင်းသူ မျက်နှာကို အသာလေး ဖယ်ခွာလိုက်စဉ် . . .

"ဟင်"

ရှား သတိရလို့ မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်စဉ် နှုတ်ခမ်းပေါ်မှာ ထူးဆန်းသော အတွေ့အထိနှင့်အတူ ကင်းရဲ့မျက်နှာကို မြင်လိုက်ရတော့ ရုတ်တရက် ထထိုင်လိုက်၏။

"နင် . . . နင်"

"နင် . . . ရေနစ်ပြီး သတိလစ်သွားလို့"





ရှား အဖြစ်အပျက်အားလုံးကို ပြန်တွေးအပြီး အခြေအနေကို သည်လိုက်ပြီ။ သူမနှုတ်ခမ်းလေးကို ယောင်ယမ်းကာလက်နှင့်ဖိမိ ရှက်လည်းရှက်ဒေါသလည်းဖြစ်သွား၏။ ရှားကို သူကယ်လိုက် တဲ့လား။ ရှား မသိလိုက်တဲ့အချိန်မှာ သူ ရှားကို အသားယူခွင့် သွားခဲ့တယ်ပေါ့။

ရှက်ဖို့ကောင်းလိုက်တာ။

သူ အသားယူတာကို ခံလိုက်ရတာထက်စာရင် ရှားသေသွား တာမှ ကောင်းဦးမယ်။ အခုဒီမျက်နှာကို ဘယ်လိုရင်ဆိုင်ရမလဲ။ ည့်မျက်နှာကိုယ် မားနှင့်မွန်းပစ်ချင်လောက်အောင် ရှက်မိပြီး ရှား ခမ်းလေးကို ဖိကိုက်ထားလိုက်မိ၏။

"ငါ ခုလိုဖြစ်တော့ နင် အခွင့်အရေးရသွားတယ် မဟုတ်

"ဘာ"

"နင် . . . ငါ့ကို အသားယူခွင့်ရသွားတာလေ"

"မဟုတ်ဘူး ပြိုင်စံရှား"

"တော်တော့"

ရှား အံကြိတ်ပြီး သူ့ကို စူးစူးရဲရဲကြည့်ပစ်လိုက်၏။ သူ ယ်လိုက်လို့ပဲဆိုပြီး ရှင်သန်ခွင့်ရသွားသည့် ကိုယ့်အသက်ကိုပင် ရှား



www.burmeseclassic.com

www.burmeseclassic.com



မသတီချင်တော့ပေ။

"နင့်လို အသည်းနှလုံးမရှိတဲ့လူက စေတနာနဲ့ကူညီတယ် ဆိုတာကို ငါ မယုံဘူး ပြိုင်ဘက်ကင်း"

"ပြိုင်စံရှား ... နင် ငါ့စေတနာကို မစော်ကားနဲ့"

"ဘာစေတနာလဲ၊ စေတနာကို ဗန်းပြပြီး နင် ငါ့ကို"

"ပြိုင်စံရှား"

"တောက်"

ရှား ဆတ်ခနဲ ကုန်းထပြီး ထွက်သွားဖို့ပြင်လေလျှင် 'ကင်း' ရှားရဲ့ လက်ကောက်ဝတ်ကို လှမ်းဆွဲထားလိုက်၏။ စေတနာကို မ ပြန်ချင်နေ အထင်လွဲတာကိုတော့ ဖြေရှင်းပြမှဖြစ်မည်။ ကင်းဆို ကောင် ရည်းစားများခဲ့တာမှန်ပေမယ့် ဘယ်မိန်းကလေးအပေါ်မှာ အသားယူလိုစိတ်မရှိပေ။

ဒါကို ... ရေဖျန်းပါလျက် ပန်းညှိုးတာ ပိုးကြောင့်မထင် ရေကိုငြိုးပြီး မိုးကြောင့်ပါဆိုချင်သူကို မိုးရေထဲမှာ ပိုးမပါမှန်း အောင်တော့ ရှင်းပြရမည်သာ။

"ဖယ်စမ်း"

"ခဏ နေဦး"

"နင် ငါ့လက်ကိုလွှတ်နော်"





"ငါ ရှင်းပြတာကို နင် နားထောင်ပြီးမှသွား"

ရှား စိတ်နှင့်မာန်နှင့် လက်ကိုဆောင့်ရုန်းလို့ လွတ်ထွက်သွား ...

"လူယုတ်မာ"

"ကဲ"

ရှား၏ လက်တစ်ဖက် ရိုပ်ခနဲမြောက်တက်သွားကာ ...

"ဖြန်း"

"ဟာ"

ပါးတစ်ဖက်မှာ မီးပွင့်သွားပြီး ကင်း မယုံနိုင်ခြင်းများစွာနှင့် ကို အံ့သြစွာကြည့်နေသည်။

"အဲဒါမှတ်ထား ... ပြိုင်စံရှားဆိုတဲ့မိန်းမက နင်တွဲခဲ့တဲ့ ကလေးတွေလို နင် ပြုသမျှနုလိမ့်မယ်တော့ မထင်နဲ့၊ ငါ့မှာ လို အသွားမပါပေမယ့် ... လက်ဝါးမှာ အားပါတတ်တယ်၊ အဲဒါ မာနနဲ့ သိက္ခာအတွက်"

ရှား ပြောချင်တာပြောပြီး ပြေးထွက်သွားလေသည်။ ကင်းမှာ ဝေသေပြီး ဘာမှမပြောလိုက်နိုင်။

စေတနာရဲ့ အတုံ့အလှည့်က လက်ဝါးကျွေးသွားသတဲ့လား။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

"ဇာတ်ကတော့ နဲ့ရှည်ကြီး ပါတော့မယ်"

"ဘယ်လို ... ဘာကိုပြောတာလဲ"

ဟိန်းလင်းအမေးကိုဖြေဖို့ ထွန်းမင်း ပြုံးစိစိဖြစ်သွားသည်။ ပြီးမှ ...

"မင်းကလည်း ပိန်းလိုက်တာ ဒါလေးတောင်မသိဘူးလား။ ဇာတ်လမ်းတွေထဲမှာ လွမ်းခန်းဆွေးခန်းဆို နောက်ကနဲ့ရှည်သံ ထည့်ပေးတာလေ"

"ဩော် ... အေး ... ဟုတ်တယ်နော်၊ အခုဇာတ်လမ်းက နဲ့ရှည်ကြီးထည့်ရတော့မလား"

"ထည့်မထည့်တော့မသိဘူး၊ ပါးတစ်ဖက်ကတော့ ရင်းလိုက်





ပြီးသွား၊ နောက်ဆိုရင် ..."

"တော်ကြစမ်းပါကွာ ဒီမှာစိတ်ညစ်ရတဲ့အထဲ"

"အမယ်"

ကင်း တကယ်ပဲ စိတ်တွေရှုပ်ထွေးနေသည်။ မာနနဲ့ထုဆစ်ထားတဲ့ ပြိုင်ဘက်ကင်းဆိုတဲ့ယောက်ျားဟာ ဘယ်အရာမဆို အမြဲတမ်း အသာစီးရမှ ကျေနပ်သူ။ အခု သူရှုံးသွားပြီလေ။ အနိုင်ယူမယ်ဆိုရင် ရပါလျက်နဲ့ အရှုံးပေးမိတာ ဘာကြောင့်လဲ။ ဖေဖေနဲ့အန်တီလှိုင်းများနဲ့ကြောင့်လား။ သူကိုယ်တိုင်က ပျော့ညံ့သွားတာလား။

ပါးတစ်ဖက်ကိုစမ်းရင်းပဲ ပြိုင်စံရှားရဲ့နှုတ်ခမ်းလေးကို သတိရမိသည်။ သတိရတိုင်း ရင်ထဲမှာ လှိုက်ခုန်ခွေးထွေးမှုတွေက ဘာတွေလဲ။ ငါ ဘာဖြစ်နေတာလဲလို့ ကိုယ့်ကိုယ်ကိုပြန်မေးကြည့်တော့လည်း အဖြေမထွက်ပေ။ သေချာတာတစ်ခုကတော့ ကိုယ့်မာနကို ရိုက်ချိုးသွားတဲ့ ပြိုင်စံရှားကို တန်ရာတန်ကြေးတော့ ပြန်ပေးဆပ်စေရမည်။

"ကင်း"

"ဘာလဲ"

"မင်း ဘာဆက်လုပ်မလဲ"

ကင်း ရီဝေဝေမျက်လုံးအစုံနှင့် အဝေးကိုလှမ်းကြည့်လိုက်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်ပြီးမှ ဆုံးဖြတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ချလိုက်၏။ အဲဒီဆုံးဖြတ်ချက်က မှားနေတယ်ဆိုရင်တော့ ကင်း ဘယ်တော့မှ နောက်မဆုတ်တော့ပေ။

"ငါ့မာနအတွက် သူ့ဆီက လျော်ကြေးပြန်တောင်းရမယ်"

"ဟေ"

"ဘယ်လိုပြန်တောင်းမှာလဲ"

"ပါးတစ်ဖက်အတွက် ဘဝတစ်ခုပေါ့"

"အယ်"

"ဟ"

ဇေဇေတို့သူငယ်ချင်းတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ ကင်းက ပြောရင်ပြောတဲ့အတိုင်းလုပ်တတ်သူ ဘဝတစ်ခုဆိုတဲ့ အဓိပ္ပါယ်ကလေးနက်လွန်းတော့ မလျောင်ရဲကြတော့ ပေ။ နှလုံးသားကို သူ တကယ်ပဲ ရင်းတော့မှာလား။ တကယ်ချစ်လို့ ဆိုလျှင် သူတို့ စပွန်ဆာလုပ်ဖို့ ဝန်မလေးပေမယ့် လက်စားချေလို့ သက်သက်အတွက်တော့ အားမပေးချင်။

ဖြစ်မိလို့ချစ်သွားကြရင် ဘာအကြောင်းလဲ။ ကင်းက အချစ် မရှိတဲ့မြို့တော်ကို တည်ဆောက်ခဲ့သူ။ ပြိုင်စံရှားရဲ့ရုပ်ရည်နဲ့ အရည် အချင်းတွေက အခြားအခြားသော ပုရိသတို့၏ နှလုံးသားတံခါးကို ရိုက်ချိုးဖျက်စီးဝင်ရောက်နိုင်ပေမယ့် ကင်းနဲ့ကျတော့ ...





ဟင်း ...

သူတို့ ထင်သလိုလည်း ဖြစ်ချင်မှဖြစ်မှာပါ။ ကင်းက ဘာသား ထုထားတဲ့ ကောင်မှတ်လို့၊ မသိစိတ်က ရှားကို ငြိတွယ်နေရင်တောင် ခံမယ့်ကောင်မှ မဟုတ်တာ။ သူ့ရင်ထဲကကိစ္စကို ဘယ်သူက မြင်နိုင် နိုင်မှာမှတ်လို့။

"ဘဝတစ်ခုဟုတ်လား ကင်း"

"ဟုတ်တယ်"

"ဘယ်လိုပုံစံမျိုးနဲ့လဲ"

ကင်း မဲ့ပြုံးပြုံးလိုက်ပြီး ...

"ငါ ပြိုင်စံရှားကို ရအောင်ယူပြမယ်"

ထင်တဲ့အတိုင်းပါပဲလား။

"အဲဒါတော့ မင်း မှားသွားပြီထင်တယ် ကင်း၊ မင်းအဲဒီ သောက်အထိတော့ မရက်စက်သင့်ဘူးကွာ၊ အိမ်ထောင်ရေးကို တည် ဆောက်တဲ့နေရာမှာ အဆောက်အဦးတစ်ခုလို မကြိုက်လို့ ဒီမှာ ဖျက် ဦး ဟိုနေရာ ရွှေ့ဆောက်လို့ရတာ မဟုတ်ဘူးကွ"

"ဟုတ်တယ် ကင်း ... မင်းရဲ့အတ္တတစ်ခုကြောင့် အားလုံး စိတ်ဆင်းရဲကုန်ကြရင် မကောင်းဘူးကွ၊ လူကြီးတွေမျက်နှာကိုတော့ ငဲ့ ပြန်ငဲ့သင့်တယ်၊ အသက်ကြီးမှ စိတ်ဆင်းရဲကုန်ပါမယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ရှားဘက်က ကြည့်ရင်လည်း မှန်နေတာပဲ၊ မင်းက ဇော် မငြိမ်ခဲ့တဲ့ကောင်ဆိုတော့ သူ မင်းကိုမယုံတာ မဆန်းပါဘူး။ မင်းကိုယ် မင်း အစမကောင်း၊ ခုလို အနှောင်းမသေချာတာကို ထည့်တွက်ပြီး သုံးသပ်သင့်တာ''

''အေးလေ ... ရှားက မင်း လာကယ်ရင် ပါးရိုက်လွှတ်မယ် ဆိုတဲ့စိတ်ကူးနဲ့ ရေနစ်ချင်ယောင်ဆောင်နေတာမှ မဟုတ်ဘဲ၊ သူ သတိလစ်နေလို့ မင်းက ပြုစုပေးတယ်၊ သူသတိရလာတော့ မင်းက ... ဟိုကွာ ပြောလို့မကောင်းတာ ထားလိုက်ပါတော့၊ အဲဒီအခြေအနေ မှာ သူက မိန်းကလေးဆိုတော့ ရှက်ပြီးထူပူသွားမှာပေါ့''

''အဲဒါနဲ့ပဲ ငါ့ပါးကို ရိုက်ရရောလား''

''ငါပြောပြီးပြီလေ ... သူနဲ့မင်းက မတည့်ကြတော့ ရှက်က လည်းရှက်ဆိုတော့''

''ရှက်,ရှက်နဲ့ ပါးရိုက်သွားတယ်ဆိုပါတော့''

ကင်း မကျေနပ်သံကြီးနဲ့ပြောလိုက်တော့ အားလုံးပြုံးရမလို မဲ့ရမလိုနှင့် သက်ပြင်းချကုန်ကြသည်။ ကင်း ဘယ်ကျေနပ်နိုင်ပါ့မလဲ။ ကိုယ့်လူ သူ့ဘက်သားဖြစ်ပြီး သူငယ်ချင်းတွေက ရှားဘက်က ရှေ့နေ တွေဖြစ်ကုန်ပြီ။ တစ်ယောက်တစ်ပေါက်ပြောနေကြတာ ကိုယ့်ဘက်က ဖေးမတဲ့စကားမပါ။





တကယ်ဆို ခံလိုက်ရတာ ကင်းပဲမဟုတ်ဘူးလား။ အခုကျ တော့ ကိုယ်ပဲ ပါးရိုက်ခံရပြီး အပြစ်မကင်းသူလိုဖြစ်နေတာ ဘယ် လောက်ခံပြင်းဖို့ ကောင်းလိုက်ပါသလဲ။

''မင်း စဉ်းစားဦးနော် ကင်း''

''ငါက ဘာကိုစဉ်းစားရမှာလဲ''

''ရအောင်ယူမယ်ဆိုတဲ့ကိစ္စလေ၊ ကိုယ့်သေတွင်းကိုယ်ယက် ဆင်းသလို ဖြစ်နေဦးမယ်၊ လူတိုင်းက အိမ်ထောင်ရေးကို သုခလို့ ဆိုကြတာ၊ သုခဖြစ်အောင် အချစ်က ပထမနေရာလည်းစာနာမှုက ဒုတိယ''

''တော်စမ်းပါကွာ''

''တော်ပြီ ... တော်ပြီ ဒီစကားတွေ ဒီမှာတင် ရပ်ကြတော့၊ တော်ကြာရင် အချင်းချင်းပဲ သဘောထားတွေ ကွဲလွဲပြီး ဖဆပလဖြစ် သွားလိမ့်မယ်''

ရွှေကျီး ဖျန်ဖြေလိုက်မှပဲ အားလုံးငြိမ်သက်သွားကြသည်။ ထိုစဉ် ရှားနှင့်ဒေါ်လှိုင်းထိပ်ထားတို့ အိမ်ထဲမှထွက်လာပြီး စကားပြော နေကြသည်။ တမင် လမ်းလျှောက်ထွက်တာထင်ပါရဲ့။ သူငယ်ချင်း တွေက ရှားဘက်ကို လှမ်းကြည့်ကြရင်း ... ထွန်းမင်းက ...

''လက်ဝါးလေးက နုနေမှာပဲနော်''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲ"

"မင်းပါး တော်တော်နာသွားလား"

"သိချင်ရင် မင်းသွားပြီး အရိုက်ခံကြည့်လိုက်လေ"

ထွန်းမင်းက စပ်ဖြဲဖြဲနှင့် . . .

"ငါ ပါးကို သွားထိုးပေးလိုက်ရင် သူ့လက်ဝါးလေး နာသွားမှာပေါ့၊ ငါက အဲဒါကို စိုးရိမ်တာကွ"

"သေလိုက်ပါလား"

"ရှားကိုယ်လေးကို ဖက်သေရရင် မဆိုးပါဘူး . . . ဟဲ . . . ဟဲ"

"မျက်နှာကိုက ထောင့်မကျိုးဘူး"

"မီးပူမတိုက်ရသေးလို့ပါဆို"

ထွန်းမင်းကိုဝိုင်းပြီး မျက်စောင်းခဲကုန်၏။ မြင်ကွင်းထဲမှာ လှမ်းမြင်နေရသည့် သားအမိနှစ်ယောက်၏အလှသည် ရသတို့နှင့် ပြည့်စုံနေသည်။ ဒေါ်လှိုင်းထိပ်ထားက စိတ်ထားနူးညံ့သိမ်မွေ့သူပီပီ ယဉ်စစနှင့်လှပကျော့ရှင်းကာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေ၏။ မြင်ရသူတို့၏စိတ်နှလုံးကို အေးချမ်းမှုတွေ ပေးစွမ်းနိုင်သည့်အလှဟု ဆိုနိုင်ပေသည်။

ကျောက်စိမ်းရောင်ဝမ်းဆက်ကလေးနှင့်မို့ ဒေါ်လှိုင်ထိပ်ထား





ဘ ပိုပြီး နုပျိုနေသယောင်။ ရှားကတော့ ခေတ်၏သမီးပျိုပီပီ အေး ချမ်းခြင်းကို နိမိတ်မဆောင်နိုင်သော်ငြား သူ့အလှက ရင်ခုန်တိမ်းမူး နှယ်ရာတို့နှင့် ရဲရင့်ခြင်းအသွင်ကိုဆောင်နေသည်။

"ဇေဇေတစ်ယောက် ငုတ်တုတ်မေ့နေပြီ"

"ဟင်"

"ဒီဘက်ကိုလာနေပြီကွ၊ နည်းနည်းပါးပါး ထိန်းသိမ်းဦး"

ရွှေကျီးပြောမှ ဇေဇေ မျက်နှာနီကာ ရှက်ရယ်ရယ်လေ၏။

"စိတ်လျှော့ သူငယ်ချင်းရေ ကင်းက မှုပိုင်လက်မှတ်ယူတော့ မယ်လို့ ပြောထားတယ်လေကွာ၊ တော်ကြာ ကြားထဲက တို့ ဘယ်သူ့ အမြီးဆွဲရမှန်းမသိ ဖြစ်နေဦးမယ်"

"ဘာကွ"

"တော် တန် တိတ်"

ဟိန်းလင်း သတိပေးပြီး မျက်စပစ်ပြလေသည်။ ဒေါ်လှိုင်း ထိပ်ထားက ရှားလက်ကလေးကိုဆွဲခေါ်ပြီး ရှားက ခေါင်းခါ၍ ငြင်း ဆန်နေ၏။ ဒါ သူတို့ဆီကို လာမလို့နေမှာပေါ့။ ခေါ်မရသည့်အဆုံး ဒေါ်လှိုင်းထိပ်ထားတစ်ယောက်တည်းပဲ မြက်ခင်းကလေးကို ဖြတ် လျှောက်လာစဉ် . . .

"အား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မေမေ"

ဒေါ်လှိုင်းထိပ်ထားပါးစပ်မှ အားခနဲအော်ပြီး လူကလည်း ကျသွားလေလျှင် ကင်း ထရပ်ပြီးသားဖြစ်သွား၏။ ရှားက မိခင်ထံသို့ ပြေးသွားရင်း ...

"မေမေ ... ဘာဖြစ်တာလဲဟင်"

"မေမေ့ခြေထောက်ကို ဘာကောင်ကိုက်သွားတယ်မသိဘူး သမီးရယ်၊ ရှားမြက်ခင်းပြင်ပေါ်ကို အနီးအနားငေ့ဝဲကြည့်လိုက်တော့ တွန့်လိမ်ကာ ပြေးဖို့ ကြိုးစားနေသော မြွေက ခြေမလုံးခန့်ရှိသည်။

"အို"

ရှား မျက်လုံးများ ပြာဝေသွားမတတ်ဖြစ်ပြီး ...

"လုပ်ကြပါဦး ... မေမေ့ကို ပိုးထိသွားတာ၊ လာကြပါဦး"

"ဟင်"

"ဟာ"

"အန်တီ"

အားလုံး ဝရုန်းသုန်းပါးပြေးကြည့်ကြတဲ့အထဲမှာ ကင်းက ရှေ့ဆုံးကပါ။ ကျန်တဲ့လူတွေက နောက်မှဖြစ်ပြီး ဟိန်းလင်းက မြွေကို လိုက်ရှာသည်။





"ဟာ ... ဒီမှာ ... ဒီမှာမြွေ"

"ဘယ်မှာလဲ"

"တုတ် ... တုတ်ရှာစမ်း"

"ဟုတ်ရှာနေတုန်း ပြေးမှာပေါ့ကွ၊ အုတ်ခဲနဲ့ထု"

ရွှေကျီးက နီးစပ်ရာမှာ အုတ်ခဲရှာပြီး မြွေကို လိုက်ထုသည်။ ကင်းကတော့ အဲဒါကို ဂရုမစိုက်နိုင်။

"အန်တီ ... ဘာမှမဖြစ်စေရဘူး၊ ဘာမှမဖြစ်ဘူးနော် ကျွန်တော် လုပ်ပေးမယ်"

ကင်း ဒေါ်လှိုင်ထိပ်ထားရဲ့ခြေထောက်က ဒဏ်ရာကို ကြည့်လိုက်၏။ ခြေမရင်း၏အောက်ဖက်မှာ သွေးများစို့လာသည်မို့ ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ပါးစပ်နှင့် ငုံ့စုပ်လိုက်ရာ ...

"အို ... သား"

ဒေါ်လှိုင်းထိပ်ထား အားနာစွာ ကင်းခေါင်းကို တွန်းလိုက်ပေမယ့် ကင်းက မဖယ်ဘဲ လုပ်စရာရှိတာကိုသာ ဆက်လုပ်၏။ ဆောက်ပြားဘုန်းကံ နိမ့်မှာတွေဘာတွေ ဒေါ်လှိုင်းထိပ်ထားက တွေးပေမယ့် ကင်းက ဖေဖေနဲ့ပတ်သက်ပြီး အန်တီက ကိုယ့်အမေကလွဲရင် အမေပဲဟု သဘောထားကာ ...

စိုးရိမ်စိတ်နှင့်သာ အဆိပ်တွေကို ငုံ့စုပ်နေပြီး တွေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စိတ်ထားမွန်မြတ်မှုကြောင့် နှစ်ယောက်စလုံး အန္တရာယ်စက်ကွင်းမှ ကင်းလွတ်ပါစေ။

"ဟင် ... မေမေ"

ဒေါ်လှိုင်းထိပ်ထား မျက်ရည်တွေကျပြီး သတိလစ်သွားလေတော့ ရှား ပျာယာခတ်ရပြန်၏။

"ကင်း ... ကင်း ... မေမေ ဘာဖြစ်သွားပြီမသိဘူး လုပ်ပါဦး"

"ဒီအတိုင်းထားလို့မဖြစ်ဘူးလေ ... ဆေးရုံတင်မှဖြစ်မှာပေါ့"

"ဟုတ်တယ် ... ကင်းကိုပါ ဆေးရုံတင်မှဖြစ်မှာ ဟော့ကောင် ကင်း"

ကင်းလည်း ဒေါ်လှိုင်းထိပ်ထားကို ဆေးရုံတင်ဖို့ အချိန်မီမှ ဖြစ်မှာမို့ ပွေ့လိုက်စဉ် မပွေ့နိုင်တော့ပေ။ ရွှေကျီးကပဲ ...

"မင်းဖယ် ကင်း"

"မြန်မြန်လုပ်ကြပါ ... မေမေ"

"စိတ်အေးအေးထားပါ ရှားရယ်၊ အန်တီ ဘာမှမဖြစ်နိုင်ပါဘူး"

ဇေဇော ရှားကို အားပေးကာ ဆေးရုံသို့ အချိန်မီပြေးခဲ့ကြလေ၏။ ဦးတိုးတက်ခများမှာလည်း သိသိချင်းတော့ သားနဲ့မယား





အတွက် အရူးမီးဝိုင်းဖြစ်လုမတတ်ပါပဲ။

နောက်နေ့မှာတော့ ...

"မေမေ"

"သမီး"

"သက်သာရဲ့လားဟင်"

"သက်သာပါတယ် သမီးရယ်၊ ဒါနဲ့ ကင်းရော ဘာဖြစ်သွားသေးလဲဟင်"

ရှား သက်ပြင်းလေးချလိုက်မိ၏။ ကင်းရဲ့မွန်မြတ်ဖြူစင်တဲ့ စိတ်ထားကို ရှား သိလိုက်ပါပြီ။ ရှားအသက်ကိုလည်း သူ ကယ်ခဲ့ ပြီးသလို အခု မေမေ့အသက်ကိုလည်း သူပဲ ကယ်လိုက်ပြန်ပြီ။ ဟို တစ်ခါ ရှား သူ့ပါးကို ရိုက်ပစ်ခဲ့ပြီးမှ စိတ်မကောင်းဖြစ်မိ၏။ ရှား ကိုယ့်အသက်သခင်ကျေးဇူးရှင်ကို စော်ကားသလို ဖြစ်နေ့ဘာပါ။

ကင်းသာ တကယ်လို့ တစ်ကိုယ်ကောင်းသမား ဆိုရင် လူ တိုင်း ကိုယ့်အသက်ကိုပဲ ကိုယ်နှမြောကြတာ မဟုတ်လား။

"သမီး ... မေမေ မေးနေတယ်လေ ... ကင်း မေမေ့ကို ကယ်လိုက်တာ သူ ဘာဖြစ်သွားသေးလဲဟင်"

"ဘာမှမဖြစ်ပါဘူး မေမေ၊ ကင်းက မေမေ့ခြေထောက်က အဆိပ်ကို စုပ်ထုတ်ပေးတော့ မျိုချမိသွားတာရှိတယ်တဲ့ အဲဒါ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကုသမှုခံယူရတာပေါ့ မေမေ''

''တော်ပါသေးရဲ့''

ဒေါ်လှိုင်းထိပ်ထား ခုမှ အပူလုံးကြီးကို ရင်ဘတ်ဖိချလိုက်ဟ၏။

''မေမေ့မှာ ကင်းပေးတဲ့ အသက်ပဲ ရှိပါတော့တယ်ကွယ်။ ငါ့သားလေး ကျန်းမာချမ်းသာပါစေ''

ဩော် ... မေမေရယ် သမီးအသက်ကိုလည်း ကင်း ကယ်ခဲ့ဖူးတယ်ဆိုတာကို မေမေသိရင် ဒီထက်အဆပေါင်းများစွာ ကျေးဇူးတင်ဦးမှာပါ။

○ ○ ○



## အခန်း (၂၂)

ကင်း ဒန်းလေးပေါ်မှာထိုင်ရင်း လိပ်ပြာလေးတွေ ပျံသန်းနေကြတာကို ငေးမောနေမိသည်။ ပန်းကလေးတွေ တစ်ပွင့်ပြီး တစ်ပွင့်အပေါ် လိုက်နားနေတာကိုကြည့်ပြီး ပြုံးမိ၏။ သူက လိပ်ပြာလေးတွေကို အတုယူလွဲခဲ့တာလား။ လိပ်ပြာလေးတွေက သူ့ကို အမြင်ကတ်ရအောင် ဆုံးမနေတာလားတော့ မသိပေ။

တစ်ပင်မှတစ်ပင် တစ်ပွင့်မှတစ်ပွင့်ဆီသို့ ကူးခတ်ပျံသန်းနေတဲ့ လိပ်ပြာလေးတွေတောင် အတောင်ညောင်းတဲ့အခါ နှစ်သက်ရာပန်းကလေးပေါ်မှာ နားကြသည်မဟုတ်လား။ ကင်းလည်း အတောင်ညောင်းသွားခဲ့ပါပြီ။ အရင်ကလို မဟုတ်တော့ဘဲ ရည်းစားထားတာပျောက်လည်တာနှင့် လတ်လျားလတ်လျားလုပ်နေရသည့်ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကုန်လာပြီ။ ဒါကြောင့် ကိုယ့်ဘဝ ကိုယ့်အနာဂတ်အတွက် ဖေ တိုင်တစ်ခုကို စိုက်ထူဖို့ ဖေဖေနဲ့လည်း တိုင်ပင်ပြီးပြီလေ။

လုပ်ငန်းအသစ်တစ်ခု ထူထောင်ဖို့ ကြိုးစားပေမယ့် ဖေဖေ က အနားယူချင်ပြီ ဖေဖေ့နေရာကိုပဲ သားယူပြီး အမွေဆက်ခံပါတဲ့

"ကင်း"

"ဟင်"

ကင်းလှည့်ကြည့်လိုက်တော့ ရှားပါ။

"ဩော် . . . ပြိုင်စံရှား"

"ထိုင်လို့ရမလား"

"ထိုင်လေ"

ကင်း တစ်ဖက်သို့ရွှေ့ပြီး ရှားကို နေရာပေးလိုက်၏။ ရှား ဒန်းပေါ်မှာဝင်ထိုင်လေသည်။ တစ်ယောက်နှင့်တစ်ယောက် စကား မပြောဖြစ်ကြဘဲ အတန်ကြာမှ . . .

"ခြံထဲမှာ လမ်းလျှောက်မလို့ ဆင်းလာတာလား"

"ဟင်"

ရှားက ကင်းကို ကြည့်လိုက်ရင်း . . .

"မဟုတ်ပါဘူး။ ကင်းကိုမြင်လို့ ဆင်းလာတာ"

ရှားစကားကြောင့် ကင်း မျက်ခုံးလေးတွန့်သွား၏။ ရှားပြော





မှ ဟုတ်ရဲ့လား။ သူများ နားကြားမှားသလားလို့ပါ။

"ပြောစရာရှိလို့လား"

"အင်း"

"ဒါဆို ပြောလေ"

ရှားမျက်လွှာလေး ချသွားမိ၏။ အရင်လို နင်ပဲ ဆေတွေ ပြောပြီး ရန်ဖြစ်ကြဖို့ မဟုတ်လေတော့ မျက်နှာကို တည့်တည့်ကြည့် ပြီး ပြောဖို့ ရှက်နေသလိုလို။ စေတနာကို စော်ကားခဲ့မိတာအတွက် ကိုယ်က အပြစ်ရှိသူလို့ ခံစားနေရတာလည်း ပါတာပေါ့လေ။ နေရာ တကာ မာနကို ဦးရှက်ထမ်းပိုးပြီး ဒေါသရှေ့ထားတာ မှားတတ် ကြောင်း ရှား နားလည်ပါပြီ။

ကိုယ့်ဒေါသနှင့်မာနကြောင့် သူများကိုလည်း အကောင်းမမြင် နိုင်တော့ လမ်းမှားနေလျက် ဝါးကြမ်းပြားကို ခင်းလျှောက်သလို ဖြစ်ခဲ့တာ။ ဝါးကျိုးမှ နောင်တကို ထမ်းပိုးရှက်ရင်း ရှားစိတ်ထဲမှာ ကောင်းခဲ့ပေ။

"ပြိုင်စံရှား . . . ပြောစရာရှိတယ်ဆို ပြောလေ"

ရှား ခေါင်းလေးညိတ်ကာ . . .

"ရှား . . . ကင်းကို တောင်းပန်ချင်လို့ပါ"

"ဟင် . . . ဘာအတွက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှား မဆင်ခြင် မတွေးတောဘဲ ကင်းကို ပါးရိုက်ခဲ့တာ"

ကင်း သက်ပြင်လေးချမိကာ . . .

"အဲဒီတုန်းက ရှားဘက်က တွေးကြည့်ရင်လည်း မှန်တယ်"

ပြုံ့ပြင်စံရှားလို့ ခေါ်ရာကနေ ရှားလို့ ပြောင်းသွားမိတဲ့ ပါး ကို ကင်း သတိမထားမိလိုက်ပေ။

"တကယ်တော့ ကင်းက ရှားအသက်ကို ကယ်ခဲ့တာလေ"

"အင်း . . . ဒါနဲ့ ကျေးဇူးရှင်စာရင်း ထည့်သွင်းလိုက်တာ လား"

"ဒါပေါ့ . . . ကင်းက ရှားတို့သားအမိရဲ့ကျေးဇူးရှင်ပဲဟာ"

"လက်မည်းကောင်လို့ မခေါ်တော့ဘူးလား"

"ကင်းလည်း ရှားကို မပေါ်မလို့ မခေါ်တော့ဘူးလေ"

"ပျင်းစရာတော့ ကောင်းတော့မှာပဲ"

"ဟင် . . . ဘယ်လို"

ကင်းက ရယ်လိုက်ပြီး . . .

"ငါက နင်နဲ့ ရန်ဖြစ်နေရတာကိုပျော်တာ ရှား၊ အခု နင်က လက်နက်ချ ကျေအေးမယ်ဆိုတော့ ပျင်းစရာကြီးပေါ့"

"အမယ် . . . နင်ပျော်အောင် ငါက အမြဲတမ်း ဗိုလ်နဲ့လုပ်





ရမှာလား လက်မည်းကောင်ရဲ့"

"မပေါ်မ"

"လက်မည်းကောင်"

"ဈေးကြီးမ"

"ကင်းမြီးပြတ်"

"ဖီးရိုးမ"

"ဘာ . . . ဘာ ဖီးရိုးမလဲ"

"ဟ . . . ဖီးရိုးဆိုမှတော့ ဘာမှမရှိဘူးပေါ့၊ ဘာမှမရှိရင် ဖီးရိုးတာပဲ မဟုတ်လား"

"ဟွန်း . . . တတ်တယ်"

ရှားက မျက်စောင်းလေးထိုးလေသည်။ မျက်စောင်းထိုးခံ လိုက်ရတဲ့ ကင်းရင်ထဲမှာ လှိုက်ခနဲ ခုန်သွား၏။ အမြဲတမ်း တကျက် ကျက်ဖြစ်နေပြီးမှ အဆင်ပြေမှုလေးရလို့ ဝမ်းသာမိတာလားတော့ မသိပေ။ သူတို့နှစ်ယောက် သင့်မြတ်ကြရင် လူကြီးတွေ ဘယ်လောက် ဝမ်းသာကြမလဲ။ အစက ဆေးချေးနဲ့တောက်တဲ့ပေမယ့် အနေကြာ လာတော့ တွေ့နေမြင်နေကျမို့ သံယောဇဉ်ဆိုတာလည်း ရှိလာကြ သည်ထင်ပါရဲ့။

"နင် ငါ့ကို ခွင့်လွှတ်တယ်ဆိုတဲ့စကား မပြောရသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



နော် ကင်း''

ကင်း တွေခနဲဖြစ်သွားပြီးမှ ...

''နင်ကမှ မတောင်းပန်သေးတာ ငါက ဘယ်လိုပြောရမှာ
လဲ''

''တောင်းပန်ပြီးပြီလေဟယ်''

''ဘယ်တုန်းကလဲ''

''စောစောကလေ''

''နင်ပြောတာ တောင်းပန်ချင်လို့လို့ပဲ ပြောတာလေ၊ တကယ်
မှ မတောင်းပန်ရသေးတာ''

''နင် တော်တော်ကတ်ဖိုးကတ်ဖဲ့နိုင်ပါလား၊ ကဲ ... အ
တောင်းပန်တယ် ခွင့်လွှတ်ပါနော်''

''တောင်းပန်တာကလည်း ရန်တွေ့နေတာ ကျနေတာပဲ
ကဲ ခွင့်လွှတ်ပါတယ်ဗျာ၊ ခွင့်လွှတ်ပါတယ်၊ ခုလို ခင်မင်ခွင့်ရလို့
ရိုက်ခံရကျိုးလည်း နပ်ပါပြီနော်''

''နင်ကလဲ''

ဖြစ်ရခဲလှတဲ့ အပြုံးလေးကို မြင်လိုက်ရတော့ ကင်းရင်ထဲ
မှာ ဘာဖြစ်သွားမှန်းမသိ။ သူ ဒီလို တစ်ခါမှမဖြစ်ဖူးပါဘူး။ ဒီနှ
လေး။ ကင်း ဒီရက်ပိုင်းမှာ ခဏခဏ သတိရနေခဲ့သည်။ ရင်ခုန်တ





လို့ဆိုပါလျှင် ကင်း ရင်တွေခုန်နေသည်။

ဒါပေမဲ့ ...

လေတိုက်တိုင်း သစ်ရွက်ကြွေသလို ရင်ခုန်တိုင်း အချစ်
တ်တူးလို့ ကိုယ်တိုင်ပဲ ပြောခဲ့ဖူးတာရှိထားတော့ ဝေဖန်ရခက်လိုက်
။ ကိုယ့်အဖြစ်ကို သူငယ်ချင်းတွေသိရင် ဘယ်လောက်များ ဝိုင်း
လိုက်ကြမလဲ။ ဟားလည်း မတတ်နိုင်ဘူးလေ။ ရင်ဘတ်ထဲက
ကိုယ်လုပ်ကြံဖန်တီးပြီး ဆေးဆိုးပန်းရိုက်လုပ်လို့မှမရတာ။

''သားရေ''

ဖေဖေ့ရဲ့အသံသြသြကြီးကြောင့် ကင်း အတွေးစတွေ ပြတ်
သွားလေ၏။

''ဟော ... သမီးလည်း ဒီရောက်နေတာကိုး''

''ဟုတ်ကဲ့ အန်ကယ်''

''အေး ... အေး ... သားနဲ့သမီး အိမ်ထဲပြန်ဝင်ခဲ့ကြပါဦး
။ ဖေဖေတို့ ပြောစရာရှိလို့''

''ဟုတ်ကဲ့''

ဦးတိုးတက် လှမ်းပြောပြီး အိမ်ထဲသို့ ပြန်ဝင်သွားလေသည်။
င်းနှင့်ရှား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကင်းက အိမ်
ထဲဝင်ရန် မေးဆတ်ပြလေသဖြင့် နှစ်ယောက်အတူ ခြေလှမ်းစခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ မိန့်တော်မူဦးမလဲ မသိဘူး"

"ဟိုရောက်ရင် သိရမှာလေ၊ မြန်မြန်လာ အဲဒါမှ မြန်မြန် ကြားရမှာ"

နှစ်ယောက်စလုံး ဧည့်ခန်းထဲကိုရောက်လို့ ထိုင်လိုက်ကြ တော့ မိဘနှစ်ပါး၏မျက်နှာမှာ ပြုံးချိုနေသည်။

"သားနဲ့သမီးကို ခုလို သင့်သင့်မြတ်မြတ်နဲ့ ခင်ခင်မင်မင် နေကြတာတွေ့ရတော့ ဖေဖေ စိတ်ချမ်းသာလိုက်တာကွာ"

"ဖေဖေ ပြောစရာရှိလို့ဆို"

"ဟုတ်တယ် သား"

ကင်းတို့ နားစွင့်ထားစဉ် ဦးတိုးတက်က ဇနီးမျက်နှာကိုကြည့် ရင်း ...

"ဖေဖေတို့ ခရီးထွက်ကြမလို့ သားရဲ့"

"ဟင်"

ကင်း မျက်မှောင်လေးကြုတ်သွားပြီး ...

"ဖေဖေတို့က ဘယ်ကို ခရီးထွက်ကြမှာလဲ"

"ချောင်းသာကိုလေ"

"ဗျာ"

ဦးတိုးတက်မျက်နှာက ပြုံးပြုံးကြီးနှင့် ...





"ဖေဖေတို့လင်မယား ဟန်းနီးမွန်းထွက်ကြမှာ သားရဲ့၊ သား နှန်တီက မသွားချင်ဘူးဆိုလို့ မနည်းပြောထားရတာကွ၊ ဖေဖေ့ အလုပ်ကိစ္စတွေလည်း သားဦးစီးနေပြီဆိုတော့ စိတ်ချသွားရပြီ ဖေဖေ တို့ ငယ်မူပြန်ပါရစေ သားရယ် ... ဟဲ ဟဲ"

"ကိုတိုးနော် ... ကလေးတွေရှေ့မှာ ကလေးကလားနဲ့ ဘာတွေပြောနေတာလဲ"

"ဖေဖေရယ် ... ဖေဖေ့ဟာက လက်ထပ်ပြီးတာပဲ ကြာပြီ၊ အခု ဟန်းနီးမွန်းထွက်တော့ မသာကို နွေးငိုသလိုဖြစ်မနေဘူးလား"

"ဟဲ့ ... ကင်း"

"ဟာ ... ဟော့ကောင်"

ကင်း တမင်စလိုက်တာကို ရှားက မနှစ်မြို့သလို အသံပေး ပြီး ဦးတိုးတက်မှာလည်း ကျောကြီးဆန့်သွားသည်။

"မင်းကွာ ပါးစပ်ကို စည်းကမ်းမရှိဘူး၊ သူများ မင်္ဂလာယူ မယ့်အချိန်ကို မဟုတ်တာကြီးနဲ့ နှိုင်းပြောစရာလားကွ"

"ဟုတ်သားပဲ ကင်းရဲ့"

"ဘာဟုတ်သားပဲလဲ၊ နင် ငါ့အဖေအကြောင်းကိုမသိဘဲနဲ့ လျှောက်မပြောနဲ့ ရှား၊ ဖေဖေက အသက်ကြီးမှ ဖလန်းဖလန်းဖြစ်နေတာ၊ အခုတိုင်း မသာဖြစ်ရမယ့်သူချည်းပဲကို ကြောက်နေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရင်းကကွာ"

"ကင်းပြောတာ ဟုတ်တယ် ကိုတိုးရဲ့၊ သေမင်းက အ လာခေါ်တော့မယ့်အကြောင်း ရှင့်ကို ကြိုပြီးအကြောင်းကြားတာ နှစ်ခါရှိပြီလေ"

"ဟေ ... ငါကိုယ်တိုင်တောင် မသိလိုက်တာ မင်းက ဘယ် လိုသိလိုက်တာလဲ လှိုင်းရဲ့"

"ရှင်က မသိချင်ယောင်ဆောင်နေတာကို။ ပထမတစ်ခါ ရှင့်ဆံပင်ကို အဖြူရောင်ပြောင်းပြီး သတိပေးတယ်လေ၊ ရှင့်ဆေး အနက်ဆိုးပြီး ဖုံးကွယ်လိုက်တယ် မဟုတ်လား"

"အဲ ... အဟဲ"

ဦးတိုးတက် ဆံပင်တွေကို လက်နှင့်သပ်ပြီး စိတ်မလုံဖြစ် သွားသည်။ လှိုင်းပြောတာ ဟုတ်နေတာကို။ အရင်က မသိသာသေး မယ့် နောက် နဖူးစပ်မှာ ဆံပင်ဖြူတွေ ထပ်တိုးလာတော့ အနက်ဆေး ဆိုးခဲ့ရသည် မဟုတ်လား။ ဦးတိုးတက် ဘာမှဆက်မပြောနိုင်ခင် ကင်းကပဲ ဖောလိုလိုက်က ဒုတိယအချက်ကို ပြောလေ၏။

"ဒုတိယအချက်က ဖေဖေ မှန်ထောင်ကြည့်လိုက်လေ၊ ဈေး ထောင်းလို့ အသားတွေ လျော့ရိလျော့ရဲ နဖူးကြောတွေ ရှုံ့ပြီး ပါးရေ နားရေတွေ တွန့်နေပြီ"





"အေး ... အပေါ့"

"တတိယသတိပေးချက်က သွားကျိုးမှာလေ၊ အခု ဖေဖေ ဘ သွားမကျိုးသေးတာလေး တစ်ခုပဲ ကျန်တော့တာ"

သားအဖချင်း နှိပ်ကွပ်နေပြီဟု ဦးတိုးတက် မျက်လွှာပင့် ကြည့်တော့ ရှားတို့သားအမိက ရယ်လေသည်။ သေခြင်းတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူးဆိုတာသိသိနှင့် ဦးတိုးတက်မှာ စီးပွား သာရှာပြီး တရားမရှာနိုင်သေးပေ။ ခုလည်း ချစ်ဇနီးနှင့် ဟန်းနီးမွန်း ထွက်မည်ဆိုတော့ ပြောစရာဖြစ်နေပြီ၊ ရိပ်သာဝင်ဖို့ မတိုက်တွန်းတာ ဒိုပဲ ကျေးဇူးတင်ရဦးမည်ပေါ့။

"ဖေဖေ"

"ဟေ"

"ဖေဖေ တကယ်သွားသင့်တာ ဘယ်နေရာလဲ သိလား"

"တော် ... တော် ဆက်မပြောနဲ့တော့ သား၊ မင်း ငါ့ကို ခေါက်ဖြုတ်နေတာပဲကွ"

အတွေးစမှမဆုံးသေး စပ်ဖြဲဖြဲပြောနေတဲ့ သားကို ဦးတိုးတက် စိတ်တိုသွားသည်။

"မင်းအလှည့်ကျမှ ဝဋ်လည်ဦးမယ် ... မင်း"

ညည်းညူဆန်းထဲမှာ ရယ်သံလေးတွေ ပျံ့လွင့်သွားလေ၏။ နောက်



www.burmeseclassic.com

www.burmeseclassic.com



နေ့မှာ ဦးတိုးတက်တို့ လင်မယား ချောင်းသာကို သွားကြလေသည်။ ဦးတိုးတက်ကားက သွားကာနီးမှ ဘာဖြစ်မှန်းမသိလို့ ရှာနဲ့ ကားလေးကိုပဲ ယူသွားကြလေ၏။

ကင်းက ကုမ္ပဏီသွားရင်း ရှားကို အကြိုအပို့လုပ်ပေးသည်။ ရင်းနှီးမှုလေးတွေ ပိုလာသည်နှင့်အမျှ ကင်း သူ့စိတ်ကို အကဲခတ် လာမိ၏။ လစ်ရင် လစ်သလို ရှားမျက်နှာလေးကို ငေးကြည့်ပြီး ရင် ခုန်နေရတာကို ကျေနပ်သည်။ ဒါ အချစ်လား။

ကင်း ချစ်တတ်ပါပြီဆိုရင် သူငယ်ချင်းတွေ အံ့ဩသွား မလား။ တကယ်တော့ အချစ်ဆိုတာ မထင်မှတ်သည့် ရပ်ဝန်းကနေ တိတ်တဆိတ် တိုးဝင်တွယ်ငြိလာသောအရာပါလား။ ဒါကို နှင်ထုတ် နိုင်တဲ့စွမ်းအား ဘယ်သူ့မှာ ရှိမှာလဲလေ။

"ကင်း"

"ဟင်"

ကင်း အပြန် ရှားကိုဝင်ကြိုတော့ ရှားက ဆိုင်ထဲမှ အပြေး လေးထွက်လာပြီး . . .

"ဒီနေ့ ရှိန်မှာ ကားမပါလို့ အဲဒါ ရှိန်ကိုပါ ခေါ်ခဲ့ချင်တယ် ရမလား။ ဟို . . . အိမ်ရောက်မှ ရှားကိုယ်တိုင် သူ့ကို လိုက်ပို့မှာပါ"

"ခေါ်ခဲ့လေ"





"ကင်း ဒီကားရဲ့ပိုင်ရှင်ဆိုတော့ ခွင့်ပြု,မပြု အရင်မေးရတာ ..."

ဘာလို့များ ရှား ဒီစကားမျိုးကို ပြောရပါလိမ့်။

"ရှား တစ်ယောက်တည်းလိုက်မပို့ပါနဲ့၊ အတူတူပဲ သူ့ကို ...ရှင်လိုက်ပို့လိုက်မယ်လေ၊ ပြီးမှ ကိုယ်တို့ ပြန်ကြတာပေါ့"

အမယ် . . . သူ့ကိုယ်သူ ကိုယ်ဆိုပါလား။

"ကဲ . . . ခေါ်မယ်ဆို ခေါ်လေ"

"အင်း . . . ရှိန်ရေ လာဟေ့"

ခေါင်းညိတ်ပြီး တစ်ဆက်တည်း ရှိန်ကိုပါ လှမ်းခေါ်လိုက် ...ခြင်း ရှိန်နှင့်ဝိုင်းပြည့်တို့ ထွက်လာကြသည်။ ဝိုင်းပြည့်က တစ်ချက် ...ာ လှမ်းကြည့်ပြီး သူ့ကားပေါ်သူ တက်သွား၏။

"လာ . . . ရှိန်"

ရှိန်ပုံစံက မဝံ့မရဲလေးမို့ ရှားကိုယ်တိုင်ပဲ လက်ဆွဲခေါ်၍ ...ပေါ်သို့ တက်လိုက်ကြသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဝိုင်းပြည့်က ကြေးအိုးစားချင်တယ်ဆိုသောကြောင့် သုံးယောက်သား ဆိုင်ထဲမှာ ထိုင်နေကြစဉ် ရှိန်က ရှားကိုကြည့်ပြီး စကားစလိုက်၏။

"ရှား"

"ဟင်"

"နင် အရမ်းကံကောင်းတယ်သိလား"

"နင် ဘာကိုပြောတာလဲ ရှိန်၊ ငါ နားမလည်ဘူး။ နင်တို့က ငါ့ထက် အစစအရာရာ သာနေတာကို ငါက ဘာများပိုပြီး ကံကောင်းနေလို့လဲ"

ရှိန်က အပြုံးလေးနှင့် . . .





"ဘာကံကောင်းရမှာလဲ၊ ကင်းက နင့်ကို အရမ်းဂရုစိုက်တာပဲလေ"

ရှား တွေခနဲဖြစ်ပြီး သက်ပြင်းလေးချလိုက်မိသည်။ ဂရုစိုက်တာက မှန်နေပေမယ့် ရှိန် ဘာသဘောနဲ့ ပြောလိုက်တာလဲဆိုတာကိုတော့ ရှား မသိပေ။ မတည့်တုန်းက တကျက်ကျက်၊ တည့်ကြပြီဆိုတော့ ရှားကို ကင်းက ဂရုစိုက်လွန်းသည်။ ဒါကို ရှိန် တစ်မျိုးထင်နေတာလား။ သူတို့နှစ်ယောက် ပတ်သက်ဖူးတာကို ရှား သိနေတာပဲလေ။ ကင်းနဲ့ရှားက ဖအေပါနဲ့မအေပါ တစ်အိမ်တည်းနေကြတာ ရှိန်အနေနဲ့ မသင်္ကာဖြစ်နေတာဆိုရင် ရှား ရဲရဲဖြေရှင်းရပါသည်။

ကိုယ့်သူငယ်ချင်းနဲ့ တွဲခဲ့ဖူးသည့် ကိုယ့်သူငယ်ချင်းက ရှား ကို ...ချစ်နေတဲ့သူကို လုယူရလောက်တဲ့အထိ စိတ်ထားမပုပ်ပေ။ ကင်းဘက်က ဘယ်လိုပဲ သဘောထားထား ရှားဘက်ကတော့ အဖြူ ...တ်သက်နှင့်ပါ။

"အင်း . . . ငါလည်း သတိတော့ ထားမိတယ်ဟ၊ ဟိုနေ့က ရှား ခေါင်းကိုက်လို့ အိပ်နေတာလေ၊ သူရောက်လာတော့ ပျာယာ ...တ်နေတာပဲ၊ ဆေးခန်းသွားမှဖြစ်မယ်ဆိုပြီး ကားပေါ်ကို သူကိုယ်တိုင် ...တင်တော့မလားမှတ်ရတယ်"

ဝိုင်းပြည့်ကလည်း ဝေဖန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အိမ်မှာ မေမေမရှိတော့ သူ့မှာ တာဝန်မကင်းဘူး ထင်လို့ ဖြစ်မှာပေါ့"

"မဟုတ်သေးဘူး ရှား"

"လိုသည်ထက် ပိုနေတာ အသိသာကြီးပဲကို ရှားရယ်"

"နင်က ဘယ်လိုထင်နေတာလဲ ရှိန်၊ နင် ငါ့ကို ဘာပြော ချင်တာလဲ၊ တည့်တည့်ပဲ ပြောစမ်းပါ"

ရှိန် မလုံမလဲပုံစံလေးနှင့် မျက်လွှာချသွားလေသည်။ ရှိန်း ချစ်သူဆိုတဲ့ဘဝကို ဖြတ်သန်းခဲ့တုန်းက ကင်းက ရှိန်ကို အလိုလိုက် ဂရုစိုက်သူမဟုတ်ပေ။ ကိုယ်ကသာ ဂရုစိုက်အလိုလိုက်ခဲ့ရသူဖြစ်ပြီး ကိုယ့်ရှေ့မှာ တွဲခဲ့ဖူးသည့် မိန်းကလေးတွေနှင့်ရော ဒီလိုပဲလား စုံစမ်း ကြည့်တော့ ရှိန်နဲ့ဘဝတူတွေအပြင် ရှိန့်ထက် ကံဆိုးသူတွေတောင် ရှိဘာယ်တဲ့။

ကင်းရဲ့နှလုံးသားရေးလမ်းကြောင်းပေါ်မှာ ဖြတ်လျှောက်ဖူး သည့် မိန်းကလေးမှန်သမျှ ကင်းအပေါ် ချစ်လို့ဆိုပြီး ဆိုးခွင့်နွဲ့ခွင့် ဘယ်သူမှမရကြပေ။ သူကသာ စိတ်မထင်ရင်မထင်သလို အော်ငေါက် ဆူပူကြိမ်းမောင်းတတ်သည်သာ။

အခု ...

ရှားအပေါ်ကျတော့ သူ့လောက် စိတ်ရှည်သည်းခံသူ နောက်





တစ်ယောက်မရှိတော့ဘူးလား ထင်ရအောင် ဂရုစိုက်လွန်းသည်။ ဒါ ဘယ်နည်းနဲ့မှ ရိုးရိုးသားသားမဖြစ်နိုင်တာ သေချာနေ၏။

"ငါပြောရင် နင် စိတ်မဆိုးနဲ့နော် ရှား"

"စကားကို ပလ္လင်တွေခံ အုတ်မြစ်တွေချမနေစမ်းပါနဲ့ ရှိန် ရယ် လိုရင်းကိုပဲပြော"

"ဒါဆို ငါပြောမယ်နော်"

ရှားက ရှိန်ကို စူးစူးစိုက်စိုက်လေးကြည့်ကာ နားစွင့်နေ၏။

"ကင်းရဲ့နောက်ကြောင်းကို နင်ပြန်ပြီး စုံစမ်းကြည့်ရင် ပို သိမှာပါ၊ ငါ သေချာပေါက်ပြောရဲတယ်၊ ကင်း နင့်ကို ချစ်နေတာပဲဖြစ် ရမယ်ရှား"

"ဘာ"

"ဟုတ်တယ် ရှား ငါလည်း အဲဒီလိုပဲထင်တယ်"

ရှားမျက်နှာလေး မှဲ့ခနဲဖြစ်သွားလေ၏။ မချစ်တတ်ဘူးပြော ရင်လည်း သူတို့ပဲမဟုတ်လား။ အချစ်ကို သစ်ပင်တွေလို သဘော ထားပြီး ဒီအကိုင်းနား ဟိုအပင်ပြောင်း ဒီကိုင်းကြားကိုကန် ဟိုကိုင်းဖျား ကို နားနေတဲ့ လူတစ်ယောက်က ချစ်တယ်ဆိုရင်လည်း မယုံနိုင်ဖွယ် သာတော့ မရှိပေ။

ဒါပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



အတုအယောင်တွေပဲ ဖြစ်မှာပေါ့။

"နင်တို့ပြောတာ ဟုတ်တယ်ပဲထားပါတော့၊ ကင်းဘယ်
လူစားလဲဆိုတာ နင်တို့သိပြီးသားပါ၊ သူ့ရဲ့ အသည်းနှလုံးမှတ်တမ်းထဲ
ပြိုင်စံရှား ဘယ်တော့မှမပါစေရဘူး"

"မဟုတ်သေးဘူး ရှား"

"ဘာမဟုတ်ပြန်တာလဲ ရှိန်"

"နင့်ကိုတော့ သူတကယ်ချစ်ပုံရပါတယ်"

ရှားက မထီမဲ့မြင်ပုံစံနှင့် ရယ်လိုက်ကာ ...

"အချစ်ကို အတုလား အစစ်လား နင် ဘယ်လိုမှတ်ကျောက်
တင်ကြည့်လို့သိတာလဲ"

"ဘယ်ရှုထောင့်ကပဲကြည့်ကြည့် နင့်ကိုသူက အပျော်
ကစားလို့မရဘူးလေ၊ ယောက်ျားစရာတွေ ငဲ့ညှာစရာတွေ
နောက်ကနေကျားကန်ပေးဖို့ တန်းစီနေတာပဲ မဟုတ်လား"

"ဒါဆို အခွင့်အရေး ရသွားတာပေါ့"

"ဟင် ... ဘာလဲ ရှား"

ရှားရဲ့မျက်ဝန်းတွေက အနည်းငယ်ကျဉ်းမြောင်းသွားသည်
ဒါ အစီအစဉ်တစ်ခုကို ဖော်ညွှန်းလိုက်ခြင်းပါပဲ၊ ကျေးဇူးကသပ်သပ်
ရှိန်နှင့်ပတ်သက်ပြီး လက်စားချေလိုမှုမရှိပေမယ့် သဘောက





ရောက်နေဦးမည်သာ။

ရှိန်ချစ်ခဲ့တဲ့သူကို ...

ရှားက ပြန်ချစ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူးလေ။ အဲဒီ
သူဝင့်တို့ ဝင့်လှည့်ရှိလို့ ခံရတယ်ပဲ မှတ်ရမှာပေါ့။ သူသာ
အပေါ် တကယ်ချစ်ခဲ့ရိုးမှန်ရင် ရှားဘက်က အချစ်ညှော်မခံနိုင်လို့
ပဲပေါ့။

"သူ့ မေကျာပြောင်းရလိမ့်မယ်"

"ဘာမေကျာလဲ"

"အသည်းကွဲမေကျာပေါ့"

"ဟယ်"

"ငါ နင့်အတွက်"

"မလိုဘူး ရှား"

"ဟင်"

ရှိန် ပျာပျာသဲသဲ တားလိုက်တာကြောင့် ရှားကြောင်သွား
သည်။

"ငါ့အတွက်ဆိုပြီး လက်စားချေတာတွေ တုံ့ပြန်တာတွေ
ဘူး ရှား"

"သဘောကောင်းလှချေလား"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းပြည့်က ဝင်ပြောလိုက်ခြင်းပါ။ ရှားက ခပ်ကြောင်ကြော

လေးကြည့်နေဆဲမို့ ရှိန်အပြုံးလေးနှင့် ရှားလက်ကို ဆုပ်ကိုင်လိုက်

ကိုယ့်အချစ်ဆုံးသူငယ်ချင်းအပေါ်မှာ ရှိန် ဘာမနာလိုဝန်တိုစိတ်

စရှိလို့လဲ။ ကင်းလိုလူမျိုးနဲ့ ရှား တကယ်မေတ္တာစစ်နဲ့ ချစ်ကြမယ်

ရင် ရှိန်ဝမ်းသာနေမှာပါ။

"တကယ်တော့ ကင်းက လူတော်လူကောင်းတစ်ယော

ပါ ရှားရယ်၊ နှင့်နဲ့သာဆိုရင် ငါ ကျေနပ်ဝမ်းသာနေမှာပါ"

"နှင့်စကားက ဘာလဲ"

"သူ့ဖွင့်ပြောရင် နှင် ငါ့ကို ငဲ့နေတာမျိုး မဖြစ်စေချင်လို့

"သေလိုက်ပါလား"

ရှားအသံက မာသွားပြီး မျက်စောင်းပါထိုးလိုက်သည်။

"ဘယ်သူက နှင့်ကို ငဲ့နေမှာလဲ"

"ဒါဆို နှင်လည်း သူ့ကိုချစ်တယ်ပေါ့ ဟုတ်လား"

"ဝိုင်းပြည့်"

ရှားမျက်နှာမှာ မခက်ထန်ပေမယ့် ပျော့ဖတ်နူးညံ့နေော

လည်း မဟုတ်ပေ၊ ခပ်တည်တည်နှင့် ...

"ဟိုက မသေချာပဲနဲ့ နှင်က ဘာတွေမေးနေတာလဲ"

"သေချာတယ်ဆိုရင်ရောဟာ"





ရှား ဝိုင်းပြည့်ကို ပေစောင်းစောင်းငဲ့ကြည့်၍ ...

"အဲဒါဆို ငါ့ဘက်ကလည်း သေချာတာပေါ့"

အကြည့်လွှဲသွားပြီးမှ ရှားနှုတ်ခမ်းကို တင်းတင်းစေ့ကာ ...

ပြတ်သားသောအသံနှင့် ...

"No ဆိုတဲ့ အဖြေတစ်ခု အဆင်သင့်ရှိနေတာပဲ"

"ဟင်"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ခြံရှေ့မှာ အနက်ရောင် ပြောင်လက်နေသော ဆပ်ဖ်ကားတစ်စီး ထိုးရပ်လာသဖြင့် ဦးဘလှက အပြေးလေးထွက်သွားပြီး ခြံတံခါးကို ဖွင့်ပေးလေသည်။

"ဒါ ပြိုင်စံရှားတို့အိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"ကျွန်တော် သူနဲ့တွေ့ချင်လို့ပါ၊ ပြိုင်စံရှား အိမ်မှာရှိလားမသိဘူးခင်ဗျာ"

"ရှိပါတယ် … ဝင်ပါ"

ကားလေးက ခြံထဲသို့ဝင်လာပြီး ကားပေါ်က ဆင်းလာသူမှာ အသက်သုံးဆယ်ကျော်အရွယ်ဖြစ်ပြီး ဥပဓိရုပ်ကောင်း၍ တည်ကြည်





ညားသူတစ်ယောက်ပါ။ ညှော်သည်ကို ညှော်ခန်းထဲမှာ ထိုင်ခိုင်းပြီး ကို သွားခေါ်ပေးလိုက်၏။ ညှော်သည်ဆိုတာနှင့် ဒေါ်ထွေးခင်က ခုစီစဉ်ပေးပါလို့ ခိုင်းစရာမလိုအောင် အလိုက်သိစွာ တာဝန်ကျေ ပါ။

ရှား ကိုယ်တစ်ခါမှ မမြင်ဖူးသော ယောကျ်ားညှော်သည်ကို လိုက်ရတော့ ခပ်ရှိရှိလေးဝင်ထိုင်ကာ …

"ကျွန်မ ပြိုင်စံရှားပါရှင်၊ ရှားနဲ့တွေ့ချင်တာ ဘာကိစ္စများလဲ သိဘူး"

"ကျွန်တော့်နာမည် လင်းသော်ပါ မပြိုင်စံရှား၊ သော်ခ မ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာပါ"

"ဪ ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် ဦးလင်းသော်"

ရှား သော်ခကုမ္ပဏီကို မသိဘဲနေပါ့မလား။ နိုင်ငံခြားနှင့်ဖက် ယ် ဖက်ရှင်ဒီဇိုင်းကောင်းတွေ မွေးထုတ်ပေးရာ ကုမ္ပဏီပဲလေ။

"ကျွန်တော် မပြိုင်စံရှားရဲ့ ဒီဇိုင်းတော်တော်များများကို သဘောကျတယ်၊ အဲဒါကြောင့် အလုပ်ကိစ္စဆွေးနွေးဖို့ လာခဲ့တာပါ"

"ဟုတ်ကဲ့ … ရှား ဘာကူညီရမလဲ ပြောပါ ဦးလင်းသော်"

"ဒီလိုဗျာ … မပြိုင်စံရှားရဲ့ ဒီဇိုင်းအချို့ကို ကျွန်တော် သဘောကျတဲ့အတွက် ကျွန်တော်တို့လက်တွဲပြီး အလုပ်လုပ်ကြဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



လင်းသော်နှင့်ရှားတို့ အလုပ်ကိစ္စ ဆွေးနွေးနေကြတာကို ကင်း မြင်လိုက်ရချိန်မှာ စိတ်ထဲမှာထင့်သွား၏။ ဘာတွေ ဘယ်လိုပတ်သက်နေလဲမသိရခင် စိုးရိမ်မှုတွေက ရင်ထဲမှာ မွှေနှောက်နှိပ်စက်နေတော့သည်။ သေချာပါပြီ ...

ဒါ ... ကင်း ရှားကို ချစ်မိနေလို့ စိုးရိမ်တာပေါ့။ နှစ်ယောက်သား ရယ်မောပြောဆိုနေကြတာ ကင်းကိုပင် မမြင်ကြပေ။ ဟိုလူကလည်း ခန့်ခန့်သန့်သန့်ဆိုတော့ ကင်း စိုးရိမ်တာမလွန်ပါဘူး။ စိတ်ထဲမှာ မကြည်လင်မှုတွေနဲ့အတူ ကင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။ ကင်းက တုံ့ဆိုင်းကြောက်ရွံ့ဆိုင်ကိုက်မှုကြိုက်တဲ့ကောင်း။ သူ ရှားကို ဖွင့်ပြောမှ ဖြစ်တော့မည်လေ။ ကိုယ်က လက်ဦးမှုယူထားမှ။

တစ်ခါမှ မခံစားဖူးတဲ့ ဝေဒနာတွေက ရင်ဘတ်ထဲမှာ အတွေးအသည်းတွေကို ပြောင်းပြန်လှန်ပစ်လိုက်သလိုပါပဲ။

"ဒါဆို ကျွန်တော်ပြန်တော့မယ် မပြိုင်စံရှား။ မနက်ဖြန်ကျရင် ကျွန်တော် ဝင်ခေါ်မယ်နော်"

"ဟုတ်ကဲ့ ... thank you ပါ ဦးလင်းသော်"

လင်းသော်ပြန်တော့ ရှားက ကားနားအထိ လိုက်ပို့လေသည်။ ရယ်ကာမောကာနှင့် တစ်ဦးကိုတစ်ဦး လက်ပြနှုတ်ဆက်တာကိုလည်း ကင်းမြင်၏။





"ရှား"

"ဟင်"

ရှား နောက်ကြောင်းပြန်လှည့်လာတော့ ကင်းက အိမ်တံခါးမှာ ရပ်စောင့်၍ ခေါ်သည်။ မျက်နှာက မှုန်ကုတ်ကုတ်နှင့်ပါပဲ။

"အဲဒါ ဘယ်ကလူလဲ"

"ဦးလင်းသော်တဲ့ သော်ခကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာလေ"

"ငါမေးတာ သူ့ရဲ့ဂုဏ်ပုဒ်မပါဘူး"

"ငါက ပြည့်စုံအောင်ဖြေပေးတာပါ"

"ဘာလာလုပ်တာလဲ"

"အလုပ်ကိစ္စ ဆွေးနွေးကြတာ၊ ဘာဖြစ်လို့လဲ"

"မဖြစ်ဘူး"

"အဲဒါဆို ... ဖယ်"

ရှားက ကင်းပုခုံးကို တွန်းဖယ်၍ အိမ်ထဲသို့ဝင်သွားလေသည်။ ကင်းက နောက်မှကပ်လိုက်ရင်း ...

"ရှား"

ရှား မထူးဘဲနှင့် သွားမြဲသွားနေဆဲမို့ ကင်းစိတ်မရှည်စွာ ရှားလက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှား"

"ဘာလဲ . . . နှင် ဘယ်လိုဖြစ်နေတာလဲ"

ရှားက လက်ကိုခါချလိုက်ပေမယ့် ကင်းက လွှတ်မပေးပေ ရှားလက်ကို ငုံ့ကြည့်ပြီး တွန်းချလိုက်မှပဲ လွှတ်ပေးကာ . . .

"နှင့်ကို ငါ ပြောစရာရှိတယ် ရှား"

"ဘာလဲ"

အကြည့်ချင်းဆုံသွားကြခိုက် ကင်းမျက်ဝန်းတွေက အချစ် ရည်များနှင့် ရွှန်းလဲ့တောက်ပနေသည်။ ရှားကတော့ မာနရောင် တောက်နေသော စူးရှခြင်းမျိုးနှင့်ပါ။ ရှား ချစ်သူရည်းစားမထားဖူးပေ မယ့် ကင်းမျက်ဝန်းရဲ့အဓိပ္ပာယ်ကို မသိဘဲနေပါ့မလား။ သူငယ်ချင်း တွေကလည်း မှတ်ချက်ပေးထားကြသည်မို့ ပို၍သိမြင်နေသည်ဆို လည်းမမှားပေ။

သူ့အဖေရဲ့မျက်နှာကို ထောက်ထားပြီး ကိုယ့်အပေါ် အပျော် ရည်းစားအဖြစ် မသတ်မှတ်ဘူးဆိုတာသိပေမယ့် မဖြစ်နိုင်ခြင်း အကြောင်းတရားတွေက ကိုယ့်နောက်မှာ ဒုန့်ဒေး မဟုတ်လား။ နှင် ငါ့ကို မချစ်ပါနဲ့ ကင်းရယ်လို့ လေသံပျော့နှင့် တောင်းပန်လို့ ကင်းက ရမယ့်လူမျိုးမှမဟုတ်တာ။ အဲဒီတော့ တင်းလွန်းလို့ ပြတ်သွားကြရင် လည်း သူနဲ့ကိုယ့်ကြားမှာ ဆက်ဖို့ထုံးဖို့ ဘာများရှိလို့လဲ။





"ငါပြောတာကို နှင်လေးလေးနက်နက်နဲ့ နားထောင်စေချင် တယ်ရှား။ ဘာဖြစ်လို့လဲဆိုရင် ငါ အခုပြောမယ့် စကားက သာမာန် ပြောနေကျ စကားမဟုတ်လို့ပဲ"

ရှား နှုတ်ခမ်းလေးကို မဲ့ပစ်ကာ . . .

"ဘာလဲ နှင့်ကို ငါချစ်တယ်လို့ ပြောမလို့လား"

"ဟင်"

ရှားက ကြိုပြောလိုက်သဖြင့် ကင်း အံ့ဩသွားစဉ် . . .

"နှင့်မျက်လုံးရဲ့အဓိပ္ပါယ်ကို ဖော်ကြည့်တာပါ။ ငါ့ကိုယ်ငါ အထင်ကြီးလို့ ဒီလိုပြောလိုက်တာ မဟုတ်ဘူး။ ခန့်မှန်းတာ လွဲသွားရင် တော့ ခွင့်လွှတ်ပေါ့ဟာ"

"နှင်ပြောတာမှန်တယ် ရှား"

ထင်သားပဲဆိုတဲ့အကြည့်က ကင်းကို သရော်လိုက်သလိုပါ ပဲ ဒါကိုပဲ ကင်းကမသိဟန်ဆောင်ကာ . . .

"ဟုတ်တယ် ငါနှင့်ကိုချစ်တယ်ရှား။ အဲဒါ . . . နှင့်ဆီက no (or) yes အဖြေတစ်ခုခုလိုချင်တယ်"

"ဟား . . . ဟား . . . ဟား"

ရှားက ခေါင်းလေးမော့၍ မပွင့်တပွင့် ရယ်လေသည်။ ကင်း စိတ်ထဲမှာ မတင်မကျဖြစ်သွားပေမယ့် ကိုယ်က ချစ်မိသူဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်သည်းခံခြင်းများနှင့်သာ ...

"နင် ငါ့အချစ်ကိုလှောင်တာလား ရှား"

"နင် ရည်းစားစကားပြောပြီး အဖြေတောင်းတာ နည်းနည်း အမိန့်ဆန်နေလို့ပါ"

"ငါ စကားပြောရင် သွယ်ဝိုက်မနေတတ်တာ နင် သိပါတယ်"

"အရင်ကောင်မလေးတွေတုန်းကရော ဒီလိုပဲလား ကင်း။ သူတို့က လွယ်လွယ်ပဲ no (or) yes အဖြေပေးလိုက်တာလား"

"ဟုတ်တယ်"

"အဲဒီလိုလူတွေထဲမှာ ငါ ပါတယ်လို့ နင်ထည့်တွက်လိုက်ပြီ ထင်တယ်၊ အဲဒါဆိုရင်တော့ နင် မှားသွားပြီ ကင်း"

"ရှား"

ကင်း၊ ကိုယ့်အချစ်ကို အစော်ကားခံလိုက်ရသလို ဒေါသဖြစ်ချင်သွား၏။ ဒါပေမဲ့ စိတ်ထဲမှာသာရှိပြီး အပြင်သို့ထွက်မလာနိုင်အောင် သူ ပျော့ညံ့သွားခဲ့ပြီ၊ ရှားကိုသူ အခြားမိန်းကလေးတွေနဲ့ တန်းတူ အပျော်သဘောမျိုးတွဲဖို့ ချစ်စကားဆိုနေတာမဟုတ်ပေ။ တကယ် ရင်ထဲ အသည်းထဲက နှင့်နေအောင်ချစ်မိတာ ကိုယ်သာ အသိဆုံးပဲ မဟုတ်လား။





သူများနဲ့ယှဉ်ပြီး အရှုံးကိုရင်ဆိုင်ရမှာ ကြောက်တာထက် ဆက်လွှတ်အဆုံးရှုံးမခံနိုင်တာက အသေအချာပါ။ ကိုယ် မချစ်တတ်ခဲ့တုန်းက ချစ်တတ်သူတွေရဲ့နှလုံးသားကို လှောင်ရယ်ပြုခဲ့သည်။ စာနာရကောင်းမှန်းမသိ ငဲ့ညှာရကောင်းမှန်းမသိခဲ့သမျှ အခု ကိုယ့်အလှည့်မှာကျတော့ ကိုယ့်လောက်ချစ်တတ်သူ နောက်တစ်ယောက် မရှိနိုင်ဘူးလို့ ထင်နေမိ၏။

ဒါ ... မတရားဘူးဆိုတာ သိနေပေမယ့် ကိုယ့်နှလုံးသားကို ကိုယ် သနားသောအားဖြင့် အတ္တသမားလို့ပဲဆိုဆို တစ်ကိုယ်ကောင်းသမားပဲ ပြောပြော၊ ကင်း ချစ်တာတစ်ခုကလွဲလျှင် အတိတ်တွေ အနာဂတ်တွေကို စိတ်မဝင်စားတော့ပေ။ ဖြစ်သင့်တာထက် ဖြစ်ချင်တာတစ်ခုကို ဖွတ်လုပ်တတ်သူပီပီ ချစ်တာကို ချစ်တယ်ပြောတာ အပြစ်လား။

ဒါကို ... အပြစ်ရှာကြလို၍ အချစ်ဟာ ကာရန်မပါဘူးလို့ ရယ်ရှာ လက်ညှိုးထိုးချင်သလိုမျိုး ကိုယ့်အချစ်ဟာ မစစ်ပါဘူးလို့ အဓိပ္ပါယ်သက်ရောက်စေသောစကားသည် ကိုယ့်ရင်ကို နာကျင်စေ၏။ အခြားမိန်းကလေးတွေနဲ့ ရင်ပေါင်တန်းတယ်ထင်ပြီး ပြောလိုက်တာကိုက ကိုယ့်အချစ်ကို အထင်သေးတာ စော်ကားတာပဲပေါ့။

"ငါ့နာမည် ပြိုင်စံရှားဆိုတာကို နင် မမေ့နဲ့ ကင်း"



www.burmeseclassic.com

www.burmeseclassic.com



"မှားနေတာက ငါ မဟုတ်ဘူး နှင်ကိုယ်တိုင်ပဲ ရှား"

"ဘာ"

"ငါ နှင့်ကို ဘယ်မိန်းကလေးအမျိုးအစားထဲမှာမှ ထည့်မတွက်ဘဲ ငါ့ရင်ထဲမှာ သီးသန့်တန်ဖိုးထားပြီး မြတ်နိုးခဲ့တာ၊ အဲဒါ မှန်သောသစ္စာစကားပဲ"

"သစ္စာဟုတ်လား"

သစ္စာဆိုတာ သစ်က ထမင်းဆာတာလား ရေဆာတာလား လို့မေးမယ့်ကောင်က ဟိုတုန်းကဆိုတဲ့ အတိတ်မှာ ကျန်ခဲ့ပါပြီဆိုရင် ယုံမလား။ ယုံတာမယုံတာက သူ့အဖြေနဲ့ ကိုယ့်အချစ်ကြားမှာပဲ သက်ဆိုင်လိမ့်မည်ထင်၏။

"သစ္စာဆိုတဲ့စကားက ငါ့ပါးစပ်နဲ့မတန်မှန်း ငါသိပါတယ်။ ဒါပေမဲ့ နှင့်ကို ငါ တကယ်ချစ်တယ်ဆိုတာကို သစ္စာဆိုပြီး ငါ ပြောရဲတယ် ရှား"

"ဒါဆို နှင် တကယ်ချစ်တတ်ပြီပေါ့ ဟုတ်လား"

"ငါ့အချစ်တွေစစ်မှန်ရင် နှင်နဲ့ ပေါင်းခွင့်ကြုံပါရစေ"

ရှား လွန့်ခနဲပြုံးလိုက်ပြီး . . .

"နှင်က တစ်ကိုယ်ကောင်းသမားပဲ ကင်း"

"ကိုယ့်အလှည့်ကျလာတော့လည်း ငါ မနွဲ့ပါဘူး၊ နှင့်ဆီက





အဖြေရဖို့ ငါ ဘယ်လောက်စောင့်ရမလဲ ရှား"

"စောင့်စရာမလိုပါဘူး ငါ့မှာ အဖြေရှိပြီးသားပဲဟာ"

ကင်း မျက်နှာလေးပြုံးသွားပြီး . . .

"ဒါဆိုဖြေလေ . . . ငါ ဝမ်းသာပါရစေဟာ၊ နှင်လည်း ငါ့ကို ချစ်တယ်မဟုတ်လားဟင် ရှား"

ရှား ကင်းကို အတန်ကြာအောင် စိုက်ကြည့်လိုက်၏။ ပြီးမှ

"နှင့်အတွက် ငါ့မှာအဆင်သင့်ရှိနေတဲ့အဖြေက ။ဝ ဆိုတာပဲ"

"ဟင်"

ကင်းရဲ့ပြုံးနေတဲ့မျက်နှာလေးမှာ ချက်ချင်းပဲ လင်ပုပ်ဖမ်းလိုက်သည့်နှယ် . . .

"ရှား . . . နှင်"

"ဝဋ်ဆိုတဲ့စကားတစ်လုံးကို အဓိပ္ပာယ်သိဖို့ နှင်နားလည်အောင် ကြိုးစားလိုက်ဦး ကင်း"

"ရှား"

ရှားရဲ့နောက်ကျောလေးကိုငေးကြည့်ရင်းပဲ ကင်း နားလည်လိုက်ပါပြီ။ ဝဋ်လည်တတ်တယ်ဆိုတာကိုလေ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

"မင်းဟာက ဆိုင်းမဆင့်ပုံမဆင့်ကြီး ပြောချလိုက်တာကိုး နည်းနည်းပါးပါးလေး သွယ်ကာဝိုက်ကာနဲ့ပြောရင် တော်သေးရဲ့ ပြေလည်မှုရတာမှ မကြာသေးဘူး၊ ခုလိုပြောချလိုက်တော့ ဟိုကအစ ကတည်းက မင်းရည်းစားများခဲ့တာ သိနေတာ ဘယ်လိုယုံကြည်မလဲ"

"ဟ ... ငါ ဆိုင်းတွေ ပုံတွေဆင့်နေရင် ငါ ဆင့်နေတုန်း သူများ ဝင်မသွားမှာပေါ့ကွ"

ကင်းအသံက စိတ်ရှုပ်မှုတွေ ဖုံးလွှမ်းလျက်သား၊ သူပြောတာ လည်း ဟုတ်တယ်လေ၊ လင်းသော်ဆိုတဲ့ကောင်က ခြောက်လေးကျ လားကောင်မှမဟုတ်တာ၊ ပျို့တိုင်းကြိုက်တဲ့ ဒုန်းဆီဒိုင်လို အရွက် အရိုး အရောင်အသွေး အားလုံးက လန်းနေတာပဲလေ၊ ရုပ်ရည်က





နဲ့သန့်ခန့်ခန့်နဲ့ကို မန်နေဂျင်းဒါရိုက်တာဆိုတာကြီးက သူ့လက်ကမ်း နိုင် ပုတ်မထုတ်နိုင်အောင် ပြင်းလွန်းတဲ့ညို့ချက်ပဲ မဟုတ်လား။

ကိုယ်နဲ့ရင်ပေါင်တန်းကြည့်ရင် ကိုယ်ရည်သွေးပြောတာ တော့ မဟုတ်ပါဘူး။ ကိုယ်က ငယ်ဂုဏ်နဲ့ ရှုပကာ အားသာချင် ဘယ်ပေမယ့် အချစ်ကို စိန်ပြေးတမ်းကစားခဲ့ဖူးတာကပဲ အပြစ် ခု ဖြစ်နေပြီ။ ဒီလိုမှန်းသိရင် အစက သူ ရည်းစားမများခဲ့ပါဘူး။ ကျတော့ ကိုယ်က အချစ်စစ်ကိုတွေ့မှ တက်ကျိုးနေသည့်အဖြစ်။ က လင်းသော်ဆိုတဲ့လူနဲ့ ခုရက်ပိုင်းလေးမှာပင် တွဲသွားတွဲလာ ပြီး အတော်ရင်းနှီးနေပြီ။ အဲဒါကြောင့်ပဲ ကင်း ရင်မှုဟပ်နေရ၏။ တ်တဲ့ငါး ကြီးနေတာမဟုတ်ဘဲ ကြီးတဲ့ငါးကိုက ဖမ်းရခက်တာ င်းသိပါပြီ။

ဘာလုပ်ရမလဲ ...

အချစ်ဆိုတဲ့ရောဂါဝေဒနာက အခံစားရခက်ပြီး ကုစရာဆေး လိုက်လေ ပြေးလေ ... ဝေးလေ ချစ်လေဖြစ်မှာစိုးတာကြောင့် ာ်လုမ်းမီတုန်း ဖမ်းဆုပ်ထားနိုင်ဖို့က အရေးကြီးသည်ဟု ကင်းထင်

"ကင်း"

"ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆိုင်းတွေပုံတွေဆင့်နေတုန်း သူများ ဝင်မသွားမယ်
ကာ မ,မယ့်သူက ဘယ်သူလဲကွ"

"လင်းသော်ဆိုတဲ့လူပေါ့"

"လင်းသော် ... ဘယ်က လင်းသော်လဲ"

"သော်ခကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာတဲ့"

"ဟ ... တယ်မြင့်ပါလား၊ ရုပ်ရည်ကရော"

ကင်း မျက်မှောင်ကြုတ်ကာ ဟိန်းလင်းကိုကြည့်လေလျှင် ရွှေကြီးက ...

"မေးမနေနဲ့တော့ ဟိန်းလင်း"

"ငါ့ပါးစပ်က ငါမေးတာ မင်းပါးစပ်ငှားရလို့လား"

"သြော် ... မင်းကလည်း ဒီလောက် နမူးကြောကိုရှုံ့တွထားတာ သဘောပေါက်လိုက်ပေါ့၊ လင်းသော်ဆိုတဲ့လူ မင်းတို့ ငါတို့လို သာမာန်လေးဆို ဒီကောင် ဒီလိုဖြစ်နေပါ့မလား"

ဒါလည်း ဟုတ်တာပဲဟု ဟိန်းလင်း ခေါင်းညိတ်လိုက်သည်။ ကင်းက တော်ရုံဆို ဘယ်သူ့ကိုများ ဂရုစိုက်လို့လဲ။ ဟိုလူက အထက် အောက်ပါအရည်အချင်းတွေနဲ့ ပြည့်စုံနေလို့ ကင်း နေမထိထိုင်မသာ ဖြစ်နေတာပဲဖြစ်မှာပေါ့။

ဇေဇေက စားပွဲကိုလက်သျှိုးနှင့် တဒေါက်ဒေါက်ခေါက်နေ





ငြိမ်သက်သွားကာ တစ်နေရာကို စူးစိုက်ကြည့်နေ၏။ ပြီးမှ ...

"ကင်း"

ကင်းက ပေစောင်းစောင်းလှည့်ကြည့်ပြီး ...

"မင်းပထွေး ဒီမှာငုတ်တုတ်ကြီး ထိုင်နေတယ်၊ ခဏခဏ နဲ့ ပြောစရာရှိတာကိုပြော"

"ဇေတနာကို စော်ကားပြန်ပြီ"

ပျစ်ပျစ်နှစ်နှစ် ပြန်ပြောချင်ပေမယ့် ဇေဇေ မပြောဖြစ်တာ ကြောင်းရှိလို့ပါ။ မျက်လုံးကိုကြည့်နေရာမှ မလွှဲဖယ်မိတာ ရှားနှင့် တစ်ယောက်ဝင်လာတာကိုမြင်မိလို့ပါ။ ရှားဘေးကလူက ကင်း တဲ့လူများလား။ ခန့်ခန့်သန့်သန့်မို့ ဖြစ်နိုင်ချေရှိသည်။

"ဟိုမှာ"

ဇေဇေက မေးဆတ်ပြလေလျှင် ...

"ဘာလဲ"

"ရှား"

"ဟင်"

အားလုံး ဇေဇေ မေးငေါ့ပြရာဘက်သို့ လှည့်ကြည့်မိကြ၏။ နှင့်လင်းသော်ဆိုတဲ့လူ ပြုံးရယ်နေကြတာမြင်တော့ ကင်းစိတ်ထဲမှာ နဲ့ဖြစ်သွားသည်။ ကိုယ်မဟုတ်တဲ့ အခြားသူရဲ့ဘေးမှာ ရှားက



www.burmeseclassic.com

www.burmeseclassic.com



အပြုံးမင်းသမီးလုပ်နေတာကို သူဘယ်လိုနှလုံးသားနဲ့ ရှုစိမ့်နိုင်မှာလဲ
၅၀ ဆိုတဲ့အဖြေကိုရထားပေမယ့် ရှားဘေးမှာ အခြားသူမရှိဘူး
လျှင် သူဖြေသာပါသေးသည်။

အခုတော့ . . .

အခုံးရှုံးမခံလိုခြင်းတွေ စိတ်ထဲမှာ ပိုးလောက်လားများပ
ရွတက်လို့ ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ပေ။ ကင်း ထ,ရပ်လိုက်တော့

"ကင်း"

"မင်း ဘယ်ကိုလဲ"

"ရှားဆီ"

"ဟာ . . . ဟော့ကောင်"

တားဖို့ပင် အချိန်မရလိုက်ပါလား။ ကင်းတော့ အသည်းခွဲ
ဂျာကနေ အသည်းကွဲမဂျာပြောင်းသွားတာ သေချာပါပြီ။

○ ○ ○



# အခန်း (၂၆)

"ရှား"

"ဟင်"

ကင်းခေါ်လိုက်တော့ ရှားနှင့်လင်းသော် အရယ်တွေရပ်သွား
ပြီး ကင်းကို မော့ကြည့်ကြ၏။ ရယ်မြူးရိပ်တွေက မပျောက်သေးပေ။
အလုပ်သဘောအရ မဖြစ်မနေ ဆွေးနွေးကြ,တိုင်ပင်ကြဆိုတာ ရှိမှာ
လွဲမသွေဆိုတာ ကင်းသိသည်။

ဒါပေမဲ့ . . .

ဒီလို နှစ်ယောက်တည်း တွဲသွားတွဲလာလုပ်ဖို့ သင့်သလား။
ကင်းမျက်နှာထားက တည်တင်းနေသည်။

"ဩော် . . . ကင်းပါလား၊ သူငယ်ချင်းတွေရော မပါဘူး



www.burmeseclassic.com

www.burmeseclassic.com



လား''

''ပါတယ် ... နင့်ကိုမြင်လို့ထ,လာတာ''

''ကိစ္စရှိလို့လား''

''ဟုတ်တယ်''

''ဒါဆိုပြောလေ''

ထိုင်ပါဦးလို့တောင် ပြောဖော်မရတာ ကိုယ့်ကိုအဖက်မလုပ် တဲ့ သဘောပဲပေါ့။ ကင်းကလည်း ထိုင်ဖို့လာခဲ့တာ မဟုတ်ဘူးလေ မကျေနပ်မှုတွေ ပေါက်ကွဲဖို့ လာခဲ့တာမို့ ထိုင်ဖို့မလို။ သူ့ရင်ထဲမှာ ကိုယ်နေရာမရပေမယ့် ကိုယ့်ရင်ထဲမှာက သူမှသူဖြစ်နေပြီ။ ကင်းရဲ့ခံစား ချက်တွေ ပါဝါချိန်းသွားတာ ရှားနဲ့တွေ့မှပါပဲ။

အချစ်ဆိုတာ သစ်ပင်လို ကိုယ်မကြိုက်ရင် ရွှေ့စိုက်လို့ရတယ် လို့ ခံယူထားသမျှ ...

အခု ...

ကင်းရင်ထဲမှာ အမြစ်တွယ်ကုပ်နေတဲ့ အချစ်ပဒေသာပင်ကြီး က အကြင်နာအကိုင်းအခက်တွေဝေလို့ မြတ်နိုးခြင်းတွေ ဖူးပွင့်ဝေဆာ နေသည်မှာ နုတ်မရ,လှဲမရအောင် ရှင်သန်ကြီးထွားနေပြီ။

''နင် ငါနဲ့ပြန်လိုက်ခဲ့ ရှား''

''ဘာ''





''ငါ နင်နဲ့ရှင်းစရာရှိလို့''

''ငါ ညှိသည်နဲ့လာမှန်း နင်သိရဲ့သားနဲ့၊ ရှင်းစရာရှိရင် နောက်မှရှင်း''

''ရှား''

''သူက ရှားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ ရှား''

လင်းသော်က မေးလေလျှင် ...

''သြော် ... ဟို ... သူက ရှားရဲ့အစ်ကိုလေ''

''အဲဒါ သူညာတာ ... သူနဲ့ကျွန်တော် ဘာမှမတော်ဘူးရှင်း လား''

''မြို့ငဘက်ကင်း''

ရှားဒေါသနှင့် ထရပ်လိုက်မှပဲ ကင်းကို အခွင့်အရေးပေးလိုက် သလိုဖြစ်သွားသည်။ ကင်းက ရှားလက်ကို ဖျတ်ခနဲဆွဲ၍ခေါ်သည်။

''နင် ... ဘာလုပ်တာလဲ''

ရှားက လက်ကိုရုန်းပေမယ့် မရပေ။

''နင် ငါနဲ့ပြန်လိုက်ခဲ့''

''မလိုက်ဘူး ... ဖယ်နော်''

''ဒီမှာ ငါ့ညီ''

လင်းသော်ပါ ထရပ်လိုက်တော့ ကင်းက ရှုတည်တည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်သည်။

"သူက မလိုက်ဘူးဆိုတာကို ဖွတ်မခေါ်နဲ့လေကွာ"

"ခင်ဗျား ... ပြန်ထိုင်လိုက်တာ ကောင်းလိမ့်မယ်ထ
တယ်"

"ဘာကွ"

ကင်း ရှားဘက်သို့သာ မျက်နှာပြန်လှည့်၍ ...

"ဒီနေရာမှာ သွေးထွက်သံယိုတွေ မမြင်ချင်ဘူးဆိုရင် နှ
ငါနဲ့ အေးအေးဆေးဆေးလိုက်ခဲ့ ရှား"

"ဟော့ကောင် ... မင်း"

"ဒီကိစ္စကို ကျွန်မဘာသာရှင်းမယ် ဦးလင်း"

ရှား လက်ကာပြီး တားလိုက်တာကြောင့် လင်းသော် ဘာမှ ပြောတော့ပေ။ ရှား နှုတ်ခမ်းကို တင်းတင်းစေ့ကာ မီးတောက်နေသော မျက်ဝန်းများနှင့် ကင်းကိုကြည့်လိုက်၏။ ရှိခဲ့ဖူးတဲ့ကျေးဇူးလေးကြောင့် လိုက်လျောညီထွေ ဆက်ဆံမိတာကိုပဲ သင်းက ရောင့်တက်ပြီး အခွင့် အရေးတွေ ယူလာပါလား။

ရှားဆိုတာ ရှိန့်တို့လို သူ့ဆွတ်တိုင်းမညွှတ်လွယ်တဲ့ ပန်းသီး ဆိုတာ ဒီလောက်ဆို သူသိဖို့ကောင်းပါပြီ။ ရှားက အဆိပ်ရှိတဲ့ပန်းသီး သူနဲ့ပတ်သက်ပြီး မချိုမြိန်တာ ရှိန့်အတွက် မကျေတာလည်းပါသည်။





ကိုပစ်ပြီး ရှားကိုချစ်ပါတယ်ဆိုလာသူကို ရှား ဘယ်လိုမျက်နှာပြောင် တိုက်ပြီး ကောင်းသောတုံ့ပြန်မှုပေးနိုင်မလဲ။

"နင်နဲ့ ငါလိုက်ခဲ့မယ် ကင်း။ ကြောက်လို့တော့မဟုတ်ဘူး နော် ... နင့်လိုလူကြောင့် လူကြီးလူကောင်းတစ်ယောက် သိက္ခာကျ စရာတွေဖြစ်ကုန်မှာစိုးလို့"

"တောက်"

"ရှား"

"ရှားအတွက် ဘာမှစိတ်မပူပါနဲ့ ဦးလင်း ... ရှားသွားမယ် နော် ဆီးယူ"

သူ့ကိုဘေးမှာထားပြီး နှုတ်ဆက်နေသေးတာမို့ ကင်းစိတ် တိုသွားရှာ ရှားလက်ကို ဆွဲဆောင့်ခေါ်လာခဲ့၏။ လင်းသော်နှင့်ကင်းရဲ့ သူငယ်ချင်းတွေကတော့ ငေးကြောင်ပြီး ကျန်ခဲ့ကြသည်။ ကားပေါ်ကို ရှား ရောက်သည်နှင့် တံခါးပိတ်ပေးလိုက်တဲ့ ကင်းရဲ့လက်အစုံကြားမှာ ရှားကို သိမ်းပိုက်လိုခြင်းဟု ညာသံပေးသွားတာကို ရှားကတော့ မသိ ချေ။

ချစ်တယ်ဆိုပြီးမှ မပိုင်ဆိုင်ရဘဲ ဘယ်သူက ပေးဆပ်ချင်မှာ လဲ။ ရယူပိုင်ဆိုင်ပြီးမှ သူ့လိုသမျှ ကိုယ်ကဖြည့်စွက်ပေးရမှသာ အချစ်ရဲ့အရသာက အဓိပ္ပါယ်ရှိမှာပေါ့။ ကင်း ကိုယ့်အတွေးနဲ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်မိ၏။ ကင်းက အရှုံးကို ရင်မှာပိုက်ပြီး ကျန်ခဲ့ရမှာမျိုး မလိုချင်။ ဒသဂီရိလို အချစ်နဲ့ပတ်သက်လာရင် ရင်ဝမှာ မြှားအချောင်းတစ်ရာ စိုက်လည်း ချစ်ရင်းနဲ့အသေခံသွားမည့်လူမျိုးလေ။ လိုချင်ရင်ရှာ နာမည်နှင့်လိုက်အောင် ပြိုင်ဘက်ကင်းစွာ ချစ်မိလာပြီဆိုတော့ . . .

"ကင်း"

ကင်းကြားသော်လည်း မထူးပေ။

"ပြိုင်ဘက်ကင်း"

"ဘာလဲ"

"နှင် ကားကို ဘယ်မောင်းနေတာလဲ"

"ငါ ဘယ်ကိုသွားမယ်ဆိုတာ သူသိတယ်၊ ဒီကောင်ကြီး ရပ်သွားတဲ့နေရာက ငါသွားမယ့်နေရာပေါ့"

ဖြေပုံက မချိုမချဉ် မတင်မကျနဲ့ပါလား။ သူ ဘယ်ကိုမောင်း နေတာလဲ။ အိမ်ကိုပြန်တာလည်း မဟုတ်ပေ။ ကားက လူသွားလူလာ ရှင်းနေသည့်နေရာကို ရောက်နေသည်မို့ ရှားငြိမ်နေလို့မဖြစ်တော့ပေ။

"ကားကို ခုရပ်လိုက် ကင်း"

"ဘာလို့ရပ်ရမှာလဲ"

"ဒါဆို နှင် ဘယ်ကိုမောင်းနေတာလဲ ပြောလေ"

"ပြောပြီးပြီပဲဥစ္စာ"





"နှင် ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့ ကင်း။ နှင် ငါနဲ့ရှင်း စရာရှိတယ်ဆိုတာ ဘာလဲ၊ ဒီနေရာမှာပဲ ရှင်းစရာရှိတာ ရှင်းကြမယ် ကားရပ်လိုက်"

"ဒီနေရာမှာရှင်းလို့မရဘူး ရှား‌ရဲ့၊ လိုရာခရီးကိုရောက်ရင် သူ့အလိုလို ရှင်းပြီးသားဖြစ်သွားမှာပါ"

"ဘာ"

စောစောက ဆင်ဖမ်းမယ် ကျားဖမ်းမယ်လို ဖြစ်နေတဲ့သူက အခုကျတော့ အေးတိအေးစက်နှင့် မထုံတတ်တေးပုံလုပ်နေသည်။ ကင်းကိုကြည့်ပြီး ရှား ဒေါသတွေ တလိပ်လိပ်တက်လာ၏။ ထို့ပြီး ရင်ခုန်ပစ်ချင်စိတ်ပေါက်ပေမယ့် သူနဲ့ကိုယ်က လူရှင်းသည့်နေရာမှာ နှစ်ယောက်တည်းမို့ စိတ်ထင်တိုင်းကြဲလို့မဖြစ်ပေ။

ကင်းပုံစံက မရိုးသားသည့် အရိပ်အငွေ့တွေ ကပ်ငြိနေသည် ဟု ရှားထင်၏။ စိတ်ထဲမှာ ကြောက်သလိုလိုရှိတာ ဘာကိုမှန်းမသိ။

"ကင်း . . . နှင်"

"နှင့်ပါးစပ်ပိတ်ပြီး အေးအေးဆေးဆေး လိုက်ခဲ့စမ်းပါ"

"ငါက ဘယ်ကိုလိုက်ရမှာလဲ . . . နှင် ကားရပ်ပေးနော်"

ကင်းက ဟွန်းခနဲ ရယ်လိုက်ပြီး မျက်ခုံးပင့်လျက် . . .

"ငါ နှင့်ကိုခိုးလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ရှားကိုယ်လေး တောင့်ခနဲဖြစ်သွား၏။ ဘယ်လောက် သတ္တိရှိပါတယ်ပြောပြော မိန်းမသားဆိုတာ ယောကျ်ားလေးတွေ နှစ်ယောက်တည်းရှိတဲ့အချိန်မှာ အန္တရာယ်ကို တက်နင်းမိထားသ ပါပဲ။ ခြေထောက်လှုပ်လိုက်တာနဲ့ ကိုယ့်ကိုအန္တရာယ်ဖြစ်စေနိုင်သ နင်ပဲဆပြောရင် အန္တရာယ်က ကိုယ့်ဘေးမှာ မဟုတ်လား။

ရှားစိတ်ထဲမှာ ထသတ်ချင်စိတ်ပေါက်သွားပေမယ့် အခြေ အနေအရ ကိုယ့်စိတ်ကို အတတ်နိုင်ဆုံး ချိုးနှိမ်၍သာ . . .

"နင် . . . နင် မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော် ကင်း အခု ကားကိုရပ်"

"ဒါ မဟုတ်တာ မဟုတ်ပါဘူး။ ဟုတ်တာကို ငါလုပ် တာ၊ ငါ နင့်ကိုချစ်တယ် သူများနောက် အပါမခံနိုင်ဘူး။ အဲဒါကြောင့် လက်လွှတ်အဆုံးရှုံးမခံနိုင်လို့ ခုလို ခိုးလာတာရှင်းလား"

"ခိုးလာရအောင် နင်နဲ့ငါက ဘာလဲ"

"မကြာခင် လင်မယားဖြစ်တော့မှာလေ"

"သေလိုက် . . . လဲသေလိုက်ပါလား"

ထိန်းနေသည့်ကြားက ဒေါသသံပါသွားသည်။ ကင်း အောင်နိုင်သူ၏အပြုံးမျိုးနှင့် . . .





"ငါ သေရင် နင် မုဆိုးမလေးဖြစ်သွားမှာပေါ့"

"ကင်း နင်မယုတ်မာနဲ့နော်"

"ဟ . . . ချစ်တာကို ယုတ်မာတယ်လို့ ခေါ်လို့ရမလား"

"မသိဘူး . . . နင့်ကို ငါမချစ်ဘူး မုန်းတယ်၊ ငါ့ကို ကား ချပေးနော်"

"ခုန်ချမလို့လား . . . မှန်ကိုရိုက်ခွဲနိုင်မှရမယ်"

မျှော်လင့်ချက်ကင်းမဲ့နေသည့် အခြေအနေမို့ ရှားကြောက် စိတ်နှင့်ရှက်စိတ်တို့ရောကာ မျက်ရည်တွေကျလာ၏။ လူကြီးတွေမရှိတဲ့ အချိန်မှာ သူ့စိတ်လုပ်ချင်တာလုပ်ရင် အရှက်ရမှာက ရှား။ လူကြီးတွေကို ရှား ဘယ်လိုမျက်နှာပြရမလဲ။ ရှိန့်ကိုရော ဘယ်လိုမျက်နှာချင်းဆိုင် ရမှာလဲ။

အခြေအနေနဲ့အချိန်အခါက သူ့ဘက်မှာရပ်တည်နေပြီလား။ ရှား ဘာလုပ်ရမလဲ။

"ငါတောင်းပန်ပါတယ် ကင်းရယ်၊ ငါတို့ ပြန်ကြရအောင်နော် . . . နင်နဲ့ငါက ဘယ်လိုမှမဖြစ်သင့်ပါဘူးဟယ်၊ လူကြီးတွေမျက်နှာကို . . ."

"တော်တော့ ရှား"

"ကင်း . . . နင်"



www.burmeseclassic.com

www.burmeseclassic.com



ကင်း ကားကိုရပ်လိုက်၏။ ပြီး ရှားမျက်နှာကို တည့်တည့်ကြည့်၍ ...

"နင် ငါ့ကို တကယ်မချစ်ဘူးဆိုရင် သတ်ပစ်လိုက်၊ ငါ အသက်ရှင်လျက်နဲ့ နင့်ကို အဆုံးရှုံးမခံနိုင်ဘူး"

ရှား နှုတ်ခမ်းကို ဖိကိုက်ပစ်လိုက်၏။

"နင် တကယ်သေရဲလို့လား"

"နင် သတ်ရဲရင် ငါ သေရဲတယ် ရှား"

"ဒါဆို နင်အောက်ကိုဆင်းပြီး ရပ်နေလိုက်လေ၊ ငါကိုယ်တိုင် ဒီကားကို မောင်းတိုက်ပစ်မယ်"

မယုံတာလား တကယ်အသေခံရဲတာလားတော့ မသိပေ။ ကင်းရဲ့မျက်ဝန်းတွေက တုန်လှုပ်ခြင်းကင်းမဲ့စွာနှင့် ရယ်မြူးရိပ်ထင်နေသလိုပါ။ ရှားကို အတန်ကြာစိုက်ကြည့်နေပြီးမှ ကားပေါ်မှဆင်းလေလျှင် ရှားလည်း ဆင်းလိုက်၏။

"ကဲ ... နင် စိတ်ရှိသလိုလုပ်တော့ ရှား"

ရှား ကင်းနှင့်မျက်နှာချင်းဆိုင်ရပ်လိုက်သည်။ ပြီး အံကြိတ်သံနှင့် ...

"သတ္တိကောင်းတဲ့ နင့်အတွက် ဒါကပဏာမပဲ"

"ဖြန်း"





ပါးတစ်ဖက်ထူပူသွားသောကင်း ရှားကိုပြန်ငုံ့ကြည့်လိုက်တော့ ...

"ဟာ"

ရှားက ကားပေါ်ပြန်တက်ဝဲာမဟုတ်ဘဲနှင့် လမ်းကိုဖြတ်ပြေးတာကို မြင်လိုက်ရသည်။ သူ့ကိုဒီအတိုင်းထားခဲ့ပြီး ရှားပြန်လို့မဖြစ်ဘူး။ သူအသက်ရှင်နေလျက်နှင့် ရှားကိုပြန်ခွင့်မပြုနိုင်တာက အသေအချာပဲ ...

"ရှား"

ကင်း ရှားနောက်သို့ပြေးလိုက်သွားလေသည်။

"ရှား"

"နင် ... ငါ့နောက်ကိုမလိုက်ခဲ့နဲ့နော်"

"ရှား"

ရှားကပြေး ကင်းကလိုက်နှင့် စိမ်ပြေးတမ်းကစားသလိုဖြစ်နေချိန်မှာ လူနှစ်ယောက်စီး စီးလာသောဆိုင်ကယ်နှစ်စီးက ကင်းအနားမှာ ရပ်သွားပြီး ...

"ကောင်မလေးကို လိုက်ဒုက္ခပေးနေတာထင်တယ်"

"ဟင်"

"အမြင်မတော်ရင် တို့ကလည်း လက်ပိုက်ကြည့်မနေတတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ခက်သား"

"ကောင်မလေးလွတ်သွားအောင် ဒီကောင်ကို ဆုံးမမှဖြစ်မယ်၊ ဒါမှ အကျင့်ဆိုးတွေရှိရင်လည်း နောင်ကြဉ်မှာ"

"ဟာ ... မဟုတ်ဘူး။ ခင်ဗျားတို့ကိုယ့်ကိစ္စမဟုတ်ရင် ဝင်မရှုပ်နဲ့လေဗျာ"

"ဘာကွ"

ကင်းဖြေရှင်းဖို့ ကြိုးစားပေမယ့် ဆိုင်ကယ်နှင့်လူတွေက တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ပြီး ကင်းကိုဝိုင်းလိုက်ကြသည်။

"ခင်ဗျားတို့ မှားမယ်နော်၊ ကျွန်တော် သူ့ကို လိုက်နှောင့်ယှက်တာ မဟုတ်ဘူးဗျ၊ သူနဲ့ကျွန်တော်က ..."

"ဒီအထာတွေက ရိုးနေပါပြီ ဘယ်လူဆိုးကမှ ကျွန်တော်ဆိုးပါဘယ်လို့ လက်ညှိုးထောင်မပြဘူးကွ"

"ကြာတယ်ကွာ ... လက်ကယားနေပြီ ချကွာ"

တစ်ယောက်က မသံပေးလိုက်တာနှင့် ကင်းကို ဝိုင်းသမကြလေတော့သည်။ ကင်းကလည်း ခပ်ညံ့ညံ့မဟုတ်ပေမယ့် လေးယောက်တစ်ယောက်မို့ ရာသီဉတုက အခြေအနေမကောင်းပေ။

"ခွပ်"

"ဘုန်း"





ရှား ကင်းရင်ဆိုင်နေရတာကိုမြင်ပြီး ဉပေက္ခာမပြုရက်စွာ ပြေးလာခဲ့ပေမယ့် ...

"ကင်း"

လူတစ်ယောက်လက်ထဲမှာ ဓားရောင်လက်ခနဲ မြင်လိုက်ရ၍ း အသံကုန်အော်၍ မျက်လုံးကိုမှိတ်ချလိုက်သည်။

"ခွပ်"

"အား"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

လူကြီးတွေလည်း ပြန်ရောက်လာကြပြီ၊ လူကြီးတွေ မျက်
မကောင်းကြသလို ရှားမှာလည်း မျက်ရည်စက်လက်နှင့်၊ သူ့ကြော
ငါ့ကြောင့်လို့ အပြစ်မတင်ပေမယ့် ရှားက အပြစ်ရှိသူပဲ မဟုတ်လာ
ကင်းလက်ကနေ လွတ်အောင်ပြေးခဲ့မိပေမယ့် ကင်း အန္တရာယ်
ကြုံရပြီဆိုတော့ ရှား ကျောခိုင်းမထားခဲ့နိုင်တာ ဘာကြောင့်လဲ

ရှားကိုယ်ရှားပဲ သိသည်။

အပြင်ပန်းမလှုပေမယ့် ရှားရဲ့စိတ်တွေက ပင်ခရမ်းသီး
အတွင်းမှာ အစေ့တွေ အနှစ်တွေ ရှိနေခဲ့တယ်လေ။

"ရှား"

"ဟင် . . . ရှိန်"





"ဘယ်လိုဖြစ်ကြတာလဲ ရှားရယ်"

"ငါ့အပြစ်တွေပါ ရှိန်ရယ်၊ ငါ့အပြစ်တွေပါ"

ရှား အကြောင်းစုံ ပြောပြလေတော့ ရှိန်က ရှားပခုံးလေးကို
ပ်၍ နှစ်သိမ့်လေသည်။

"ငါ အစကတည်းက ပြောသားပဲ ရှားရယ်၊ ကင်းက နင့်ကို
ယ်ချစ်ပုံရပါတယ်လို့လေ၊ နင် ငါ့ကို ငဲ့နေတယ်ဆိုတာ ငါသိပါ
ယ် ဘာမှငဲ့စရာမလိုဘူး ရှား၊ အချစ်ဆိုတာ တစ်ဖက်သတ်ချစ်နေ
ဘဝက ဘာမှသာယာပြည့်စုံနိုင်မှာ မဟုတ်ဘူးလေ၊ သူချစ်
ယ်ချစ်နဲ့ အီကွေးရှင်းချလို့ရမှ အချစ်ရဲ့အရသာက ချိုမြိန်တာပါ
ယ်"

"ရှိန်ရယ်"

ရှား ရှိန့်လက်ကလေးကို ခပ်တင်းတင်းဆုပ်လိုက်၏။ အဲဒီလို
လိုဝန်တိုမှုတွေ ကင်းစင်စွာနဲ့ ရှိန်က အဖြူရောင်စည်းဝိုင်းထဲမှာ
နေသူမို့ ရှား ကင်းကို ငြင်းခဲ့တာပါ။ ရှိန်ချစ်တဲ့ယောက်ျားကို
ချစ်မိအောင် ကြိုးစားခဲ့ရာကနေ ခုတော့ ကြားထဲမှာ အနာတရ
ရသူက ကင်းပဲ ဖြစ်နေသည်။

"ကိုတိုး ဟိုလူတွေကိစ္စ ဘယ်လိုလဲ"

"သားက အမှုမဖွင့်ပါနဲ့တဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရှား မေမေနှင့် အန်ကယ်ကို မြင်တာနှင့် ထရပ်လိုက်သည်

"အန်ကယ် . . . ကင်းအခြေအနေ ဘယ်လိုလဲဟင်"

"ဟိုလူတွေကို အမှုမဖွင့်ဖို့ပြောပြီး သတိပြန်လစ်သွားတယ်

ဒဏ်ရာက ပြင်းတယ် သမီးရဲ့"

"အို"

"သူ့အခြေအနေ ဘာပဲဖြစ်ဖြစ် ရှား မသိပါစေနဲ့လို့လည်း

ပြောတယ်"

"ကင်းရယ်"

ရှား ဖြစ်နိုင်လျှင် ကင်းဆီကို ပြေးသွားလိုက်ချင်သည်

တွေ့ခွင့်မပေးသေးတော့ ခက်သား။ ကင်း သူမအပေါ် ဘယ်လော

ချစ်တယ်ဆိုတာ သိရတော့ ရင်ထဲမှာ သူ့အတွက် ပူလောင်မှုတွေ

ပြင်းပြနေသည်။ အချိန်မနှောင်းပါရစေနဲ့ နှင့် ကံကောင်းပါစေ က

ရယ်။

"အန်ကယ်ကတော့ သား ကံကောင်းပါစေလို့ပဲ ဘုရား

ဆုတောင်းရတော့မှာပေါ့"

"သားလေး ကံကောင်းမှာပါ ကိုတိုးရယ်"

ဒေါ်လှိုင်းဝင်းထားကတော့ ကိုယ့်သမီးကို အပြစ်မမြင်သ





ဖြစ်ကင်းပါတယ်လို့လည်း ကာကွယ်မပေးပေ။ သူတို့လူကြီးတွေ

ဘင် အချစ်ကို ကိုးကွယ်မိလို့ သားသမီးအရေးထက် ကိုယ့်စိတ်

ချမ်းသာယာရေးကို ဦးစားပေးခဲ့ကြမိသေးတာပဲ။ ကင်းက လူငယ်

တော့ အချစ်အတွက် မိုက်ရူးရဲဆန်တာလည်း အပြစ်မဟုတ်ပေ။

အခုအချိန်မှာ . . .

သားရဲ့အသက်ကို ကံကြမ္မာလက်ထဲမှာ ဝါးကွပ်အပ်ထားရ

ည် အခြေအနေမို့ အားလုံး ကံကြမ္မာရဲ့အမိန့်ချသံကို နားစွင့်နာခံ

ကာမည်သာ။ သားအတွက် သောကရောက်နေတဲ့ ကိုတိုးကို သူမ

ဘယ်လိုများ နှစ်သိမ့်ပေးနိုင်ဦးမှာလဲ။

"မြို့င်ဘက်ကင်းရဲ့လူနာရှင် ဘယ်သူလဲ"

"ကျွန်တော်ပါ ဆရာမ"

နာ့စ်တစ်ယောက် ထွက်လာပြီး မေးတော့ အားလုံး လှုပ်လှုပ်

ရှား ဖြစ်ကုန်သည်။

"လူနာက သွေးလိုနေတယ်ရှင့်"

"ဘာသွေးလဲ ဆရာမ"

"AB သွေးပါ။ အချိန်မီရမှဖြစ်မယ်"

"ကျွန်မသွေးကိုယူပါ ဆရာမ"

ဗျာဗျာသလဲ ပြောလိုက်သူက ရှိန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သွေးစစ်ရအောင် မြန်မြန်လာ"

"ဟုတ်ကဲ့"

ဘယ်သူမှ ဘာစကားတစ်ခွန်းမပြောနိုင်ခင် ရှိန်က ဆရာ နောက်သို့ လိုက်သွားလေသည်။ ကိုယ့်အပေါ် ရက်စက်ခဲ့သူကို ကိုယ့် သွေးနဲ့ အသက်ဆက်ပေးမယ့် ရှိန်ရဲ့မြင့်မြတ်သော စိတ်ထားအတွက် ဂုဏ်ယူပါတယ် ရှိန်။

ဘာမျှော်လင့်ချက်တစ်စုံတစ်ရာမှ မရှိဘဲနဲ့ လူသားဆန်တဲ့ မေတ္တာတရားရှေ့ထားတတ်တဲ့ ရှိန်ကို ရှား အတုယူရဦးမည်သား ရယူပိုင်ဆိုင်ခြင်းပဲဖြစ်ဖြစ် စွန့်လွှတ်ပေးဆပ်ခြင်းပဲဖြစ်ဖြစ် အချစ်ထား တန်ဖိုးမဖြတ်နိုင်တဲ့ ရသတစ်ခုပါ ရှိန်ရယ်။

ရှိန်နဲ့ကင်း။

ချစ်တတ်ပုံချင်း မတူပေမယ့် အချစ်ဟာ အချစ်ပဲမို့။

○ ○ ○



## အခန်း (၂၈)

"ကိုယ် မင်းကို ကျေးဇူးတင်ပါတယ်ရှိန်၊ မင်းရဲ့ဖြူစင်မြင့် [illegible]တဲ့စိတ်ထားကြောင့် ကိုယ် မင်းနဲ့ပတ်သက်ဖူးတဲ့ကာလအတွက် [illegible]နာမိပါတယ်၊ ပြီးတော့ မျက်နှာလည်း ပူတယ်"

"အတိတ်ကာလတွေကို တူးဖော်မနေပါနဲ့ ကင်းရယ်၊ လက် [illegible]ဝမှာပဲ အဆင်ပြေဖို့က အဓိကပါ။ ကင်းနဲ့ရှိန်က သူငယ်ချင်းတွေ [illegible] သဘောထားလေ ဘာမှစိတ်ထဲမှာ မထားနဲ့နော်"

ရှိန်က လေသံအေးလေးနှင့် ပြောလေတော့ ကင်းမျက်နှာ [illegible] ပြုံးသွားသည်။ ဒီလိုမိန်းကလေးကိုမှ သူ မချစ်နိုင်ခဲ့တဲ့အတွက် [illegible]မကောင်းပေ။ အချစ်ဆိုတာ ကန့်ရေပြင်ထဲက ရေလို ကြာမျိုး [illegible]ကို လန်းဆန်းစေနိုင်ပေမယ့် အဲဒီရေဟာ ရှုံ့ လို့ မည်တွင်စေ



www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ ၁၉၀၀ သော ချစ်ခြင်းတရားက တစ်ပင်တည်းတွယ် တစ်ရှိန်း ဆင့် တစ်ပွင့်တည်း ပွင့်ရိုးထုံးစံမို့ ...

ခွင့်လွှတ်တော့ ရှိန်။

ပန်းဥယျာဉ်ထဲမှာ ပန်းတွေ ဘယ်လောက်ပဲစိုက်စိုက် နှလုံးသားက မကြိုက်ရင် အားလုံးက ပိုးကိုက်တဲ့ပန်းလို့ မြင်ကြမှာ သဘာဝပါ။ ကိုယ်မြတ်နိုးသည့်ပန်းကျတော့ ဆူးတွေပဲရှိရှိ အဆိပ်တွေပဲ ပျံ့ပျံ့ အဲဒီရနံ့ကို ရှူရှိုက်ရင်း အသေခံချင်တာလည်း အချစ်ရဲ့ဒဿနပါ။ ရှားကိုမှ ချစ်မိခဲ့တဲ့ ကိုယ့်နှလုံးသားတွေကလည်း အဆိပ်သင့်ခံနေရတာ ဝဋ်လည်တာပဲ ဖြစ်မှာပါ။

"ရှိန်"

"ဟင်"

"ကိုယ့်ကို ခွင့်လွှတ်ပါနော်"

"ရှိန် ... ဘယ်သူ့အပေါ်မှာမှ အပြစ်မယူတတ်ပါဘူး ကင်းရယ်"

"ဪ"

"ရှိန်"

"ဟယ် ... ရှား"

ရှားက ရှိန့်ဘေးမှာ ဝင်ထိုင်လိုက်၏။ တစ်ယောက်က ကင်း





ကို ချစ်တဲ့သူ၊ တစ်ယောက်က ကင်းက ချစ်ရသူ။ ကင်းမျက်နှာပေါ်မှာ ပြုံးနေလိုက်ပေမယ့် အသံတွေကတော့ ကြားနေရသည်သာ။

"ရှား"

"ဟင် ... ဘာလဲရှိန်"

"ကင်းမှာ ဒဏ်ရာနဲ့နော်"

"အင်းလေ ... ဘာဖြစ်လို့လဲ၊ မကြာခင် ပြန်ကောင်းလာမှာပါလေ"

"ငါပြောတာ အပေါ်ယံက ဒဏ်ရာမဟုတ်ဘူး ရှားရဲ့ အတွင်းဒဏ်ရာ ... အတွင်းဒဏ်ရာ"

"နင်ကလည်း"

ရှိန့်မျက်နှာလေးက ပြုံးနေသလို ရှားကလည်း ရှက်မျက်နှာလေးရဲရဲနှင့်ပါ။ ရှိန်ကို အားနာသလို ရှား ကင်းကိုလည်း သနားသည်။ ကိုယ့်ကို သူ တကယ်ချစ်တာပါလားလို့ တွေးမိရင်း ရင်ထဲမှာ ကြည်နူးသလို ရင်လည်း နင့်ရ၏။ ရှားကြောင့် သူ ဒဏ်ရာရခဲ့တာလေ။

"ရှား"

"ဟင်"

"ငါ ပြန်တော့မယ်"

"နေပါဦးလား ရှိန်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ် . . . ဆက်နေရင် ကင်းစိတ်နဲ့ ရိုက်လွှတ်နေမှာစိုးလို့"

"ရှိန်နော်"

"ငါ သွားပြီ . . . တာ့တာ"

ရှိန် လက်ပြနှုတ်ဆက်၍ ယွက်သွားလေသည်။ ကိုယ်က အပြစ်ရှိသလို ခံစားနေရတော့ ရှား ဘယ်လိုစကားစရမှန်းမသိပေ။ လူကြီးတွေက ရှားကို ကင်းနဲ့လက်ထပ်ဖို့ တိုက်တွန်းနေကြလို့ ရှား ခေါင်းညိတ်ခဲ့ပြီးပါပြီ။ သူသိရင် ဝမ်းသာမလား။ ကိုယ်က စပြောရမှာ ရှက်နေသည်မို့ ရှား သူ့ကို မျက်လွှာပင့်၍ စိုးကြည့်လိုက်သည်။

ကင်းက ရိုဝေသောမျက်ဝန်းအစုံနှင့် ရှားကို ပြန်ကြည့်နေရ၏။ ကိုယ့်မှာ ဒဏ်ရာတွေနှင့်မို့ ခဏာတာသနားပြီး ဂရုစိုက်တာကို ကင်း မလိုချင်ပေ။ ရင်ထဲကမပါတာကို လွန်ကြိုးလို့ ဆွဲနေလို့ အပိုပါပဲ။ ဝင်္ကလည်ခြင်း၏တန်ပြန်တုံ့လှည့်ဒဏ်ရာနှင့် ကင်းနေတတ်အောင်နေဖို့ ကြိုးစားပါတော့မည်။ ရှားမုန်းနေတဲ့အတူတူ သူ မမြင်ချင်တဲ့ ဒီမျက်နှာကိုလည်း မမြင်စေရတော့ပါဘူး။

"ကင်း"

ကင်းက မထူးပေ။

"နင် ငါ့ကို စိတ်ဆိုးနေတာလားဟင်"

"ကိုယ့်မိုက်ပြစ်နဲ့ကိုယ်ခံရတာ ဘယ်သူ့ကိုမှ စိတ်ဆိုးစရာမလိုပါဘူး"



"ကင်းရယ်"

ရှားမျက်နှာလေး ညိုသွားလေသည်။

"နင် ငါ့ကို မုန်းတယ်မဟုတ်လား၊ ငါ ခုလိုဖြစ်တာ နင် ဝမ်းသာရမှာ"

"မဟုတ်ပါဘူး ကင်းရယ်"

ကင်း မဲ့ခနဲဖြစ်သွားပြီး . . .

"ဦးလင်းသော်လိုလူမျိုးနဲ့ယှဉ်ပြီး နင် ငါ့ကို မချစ်နိုင်တာ သဘာဝကျပါတယ်၊ ကင်းဆိုတဲ့ကောင်က အပြင်ပန်းမှာ အလုံးလှ ပေမဲ့ တစ်ဖတ်ချင်း ခွာကြည့်ရင် အနှစ်မရှိတဲ့ ကြက်သွန်ဥလိုကောင်ပါ"

"ဒီလိုတော့ မပြောပါနဲ့ ကင်းရယ်၊ ငါနဲ့ဦးလင်းသော်က"

"ငါ အဲဒီနာမည်ကို နောက်ထပ်မကြားချင်ဘူး ရှား၊ အကောင်းဆုံးကတော့ နင်ပြန်ပါ"

"ကင်းရယ်"

"ငါ တစ်ယောက်တည်းပဲ အေးအေးဆေးဆေးနေချင်တယ် နင် ပြန်ပါ"

ရှားရင်ထဲမှာ နင့်သွား၏။ ယဉ်ယဉ်လေးနဲ့ နှင်လိုက်တာလား ကင်းရယ်။ ဦးလင်းသော်နဲ့ရှား ဘာမှမပတ်သက်ဘူးဆိုတာကိုတောင်

ရှေ့ပအေးသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြခွင့်မရပါလား။ ဦးလင်းသော်မှာ မိန်းမနဲ့ဆိုတာ သိအောင် နင် ဘာလို့မစုံစမ်းတာလဲ။ အလုပ်ကိစ္စကြောင့် အတူသွားအတူလာရှိကြ ပေမယ့် သန့်ရှင်းဖြူစင်မှုတွေနဲ့ဆိုတာ ငါ ကျိန်ဆိုရဲပါတယ် ကင်းရယ်။

နင် မမြင်ပေမယ့် ငါ့ရင်ထဲမှာ နင့်ကိုချစ်တဲ့ အချစ်တွေ ရှိ နေပါတယ်။ မျက်ဝန်းဆိုတာ နှလုံးသားရဲ့တံခါးပေါက်တဲ့။ အဲဒီတံခါး ပေါက်ကို နင် ဘာလို့မြင်အောင် မကြည့်တတ်တာလဲ။

"ဘာကြည့်နေတာလဲ ပြန့်လေ"

ရှားမျက်ဝန်းမှာ မျက်ရည်တွေ ဖြိုက်ခနဲကျလာပြီး ချာခနဲ လှည့်ထွက်ခဲ့သည်။

"ရှား"

အခန်းဝမှာ ဖေဖေတို့အုပ်စုနှင့် ဆုံသည်။ ဖေဖေက နှုတ် ဆက်ခေါ်ဆိုက်ပေမယ့် ရှားက မျက်ရည်တွေသုတ်ရင်း ခပ်သုတ်သုတ် ထွက်သွား၏။ အခြေအနေကို အကဲခတ်ကာ ခေါင်းခါသူကခါ မေး ဆတ်သူက ဆတ်နှင့် အဖြေမသိဘဲ ကင်းဆီသို့သာ ဝင်လာခဲ့ကြသည်။

"ကင်း"

ရွှေကျီးက လူမရောက်ခင် ခေါ်တာကအရင်။ ကင်းက မျက် လွှာပင့်ကြည့်လေတော့ . . .

"ရှား . . . ဘာဖြစ်သွားတာလဲ"





"သိချင် သူ့ကို လိုက်မေး"

"မင်းကလည်း သူ့ကိုခေါ်တာတောင် မရလိုက်လို့ မင်းကို မေးနေတာပေါ့"

ကင်း သက်ပြင်းချလိုက်ကာ . . .

"ငါ ပြန်နိုင်းလို့"

ဒီလောက်ဆို သဘောပေါက်ကြပါပြီ။ ကင်းဆိုတဲ့ကောင်က အသည်းခွဲမေဂျာတက်တုန်းက ပြုံးပြုံး၊ အသည်းကွဲမေဂျာတက်ရတော့ မှ ငါ ရှုံးရမလားလို့ အားလုံးကို ဝါးလုံးရှည်နှင့် ပတ်ယမ်းချင်တာမျိုး လေ။

"ဒီကိစ္စမှာ ရှားကို အပြစ်တင်လို့မရဘူး ကင်း၊ ပထမ မှား တာက မင်းပဲလေ"

"ငါကလည်း သူမှားတယ်လို့ မပြောပါဘူး၊ သူ့ကိုကျမှ အရှုံးအမှုးဖြစ်မိတဲ့ ငါ့နှလုံးသားကို ငါ ဆုံးမနေတာ"

"မင်းကိုယ်မင်း ဆုံးမတယ်ဆိုပြီး မင်းလုပ်ပုံက သူများရင် ဘတ်ကို ခေါင်းနဲ့ ပြေးတိုက်သလို ဖြစ်နေပြီကွ၊ ငါ လူမိုက်ဆိုပြီး ပြေးတိုက်တဲ့ ခေါင်းကမနာဘူး၊ ရင်ဘတ်သမားပဲ ပက်လက်လန်ကျ သွားသလိုပဲ၊ ရှား သနားပါတယ်ကွာ"

ရှားကို သနားပါကယ်တဲ့။ မားဒလ်ရာနဲ့ သေမင်းကို မရှိသွား



www.burmeseclassic.com

www.burmeseclassic.com



ဖြ တိုက်ခဲ့ရတဲ့ကောင်ကျတော့ သနားစရာမကောင်းဘူးတဲ့လား။ ကိုယ့်ကို ပါးရိုက်ပြီး ကားနဲ့ တိုက်ပစ်မယ်ဆိုတဲ့ သူ့ရင်ထဲမှာ ကိုယ့်အတွက် အချစ်တစ်ခုသာရှိနေလျှင် သေရင်တောင် တမလွန်ကနေ ကျေနပ်နေမိမှာအမှန်။

အခုတော့ ...

အမုန်းလက်နက်ကိုင်ဆောင်ထားတာကိုက ကိုယ့်ကို သတ်လိုက်တာထက် ပိုဆိုးသည်။

"မင်း ရှားကို လင်းသော်ဆိုတဲ့လူနဲ့ စိတ်မချဖြစ်ပြီး လုပ်ချင်တာကို ဖွတ်လုပ်သွားတာ မဟုတ်လား"

"ငါ အဲဒီလူအကြောင်းကို မကြားချင်ဘူး"

"မကြားချင်လည်း သိသင့်တာကိုတော့ သိထားသင့်တယ်"

"ဘာကိုလဲ"

"လင်းသော်မှာ မိန်းမနဲ့"

"ဘာ"

"သူတို့အလုပ်ကိစ္စကြောင့် တွဲသွားတဲ့လာရှိတာကို မင်းက မစုံစမ်း မမေးမြန်းဘဲနဲ့"

"တော်တော့ကွာ"

ကင်း ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ အရာရာကို စိတ်မြန်





လက်မြန်နဲ့ သွေးဆူပြီး ဆုံးဖြတ်တတ်တဲ့ ကင်းမှားပြန်ပြီ။ အမှားတွေထပ်နေတဲ့ သူ့ကို ရှား ခွင့်လွှတ်နိုင်ပါဦးမလား။ ချစ်တဲ့စိတ်တစ်ခုနဲ့ ဘာကိုမှ မစဉ်းစားဘဲ သံသယဝင်မိခဲ့တာ ...

အဲဒီသံသယရဲ့အကျိုးဆက်က ချိန်းကြိုးလို တစ်ကွင်းနဲ့တစ်ကွင်းဆက်ပြီး ဒုက္ခပေးနေတာ မဟုတ်လား။

"မင်းအမျိုးတွေကို ပြင်သင့်ပြီနော် ကင်း"

"ဟုတ်တယ် ကင်း။ အချစ်မှာ အောင်နိုင်ခြင်းက စိတ်ရှည်သည်းခံတတ်ခြင်းပဲ၊ မင်းကလေ နိုးချင်တာလည်း မှာလို့ လက်နှေးတာလည်း ချာလို့ဆိုတဲ့ ကောင်မျိုးပဲ၊ မင်း စိတ်ရှည်သည်းခံတာ ဘာရှိလဲ"

"အေးလေ ... သစ်ပင်ထိပ်ဖျားတက်ပြီး ငါကွ အမြင့်ကကောင်လို့ အော်နေလို့ကတော့ မင်းဆီကို အချစ်တော့မလာဘူး။ ခါချဉ်အုံထုပ်ပဲ ပြုတ်ကျလာလိမ့်မယ်၊ အဲဒီတော့မှ ခါချဉ်မတွေနဲ့ညားပြီး နှစ်ပါးသွားပေတော့"

အမြတ်မ်း သူငယ်ချင်းတွေအပေါ် ဆရာကြီးလုပ်ခဲ့တဲ့ ကင်းဒီတစ်ခါတော့ သူက ကျောင်းသားဖြစ်နေပြီ။ အချစ်အပေါ်မှာ အမြဲတမ်း ဆောကာစားအနိုင်ယူခဲ့တဲ့ ကင်း ... ခုတော့ အချစ်ကပဲ သူ့ကို ပြန်ပြီး နိုင်စားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ပြောခဲ့ဖူးတယ်လေ။

ထန်းပင်တက်တဲ့လူ ထန်းပင်ပေါ်က ပြုတ်ကျတာတ်သလို ရေကူးချန်ပီယံလည်း ရေနစ်တဲ့အခါ ရှိတယ်တဲ့။ သူ အချစ်ကူးကျွမ်းလို့ အချစ်ရဲ့ထိုးနှက်ခြင်းကို ခံနေရတာလား။

"မင်းရင်ထဲက အချစ်သစ်ပင်ကြီး ရွှေ့စိုက်လို့ မရတော့ဘူးဆိုရင် မာနတွေ ခဝါချပြီး မုန်တိုင်းဒဏ်ကို ခံနိုင်အောင် ကြိုးစားပေတော့ သူငယ်ချင်း"

ဒါ အမှန်ကန်ဆုံးစကားပါပဲ။ အိပ်မက်က နိုးထလာပြီး ဇာတ်ဝင်ခန်း သရုပ်ဆောင်ရတော့မည့် လူတစ်ယောက်လို ဘယ်တုန်းကမှ ဘီလူးခန်းလိုက်ခဲ့လိုက်ခဲ့ ဖော်က,ကရုမယ့်တီးလုံးသံ ကြားရင်တော့ ငါဟဲ့ ဘီဖော်မဖြစ်ရအောင် တောင်ဝှေးကိုင်ပြီး ဆေးကြိတ်ရတော့မည် သလဲ။

○ ○ ○



# အခန်း (၂၉)

ဦးတိုးတက်တစ်ယောက် ခေါင်းငိုက်စိုက်ချလို့သာနေတော့ ရှားက ဒီအိမ်မှာ မနေချင်တော့လို့ ဟိုတုန်းက သူမတို့သားအမိနေခဲ့တဲ့အိမ်မှာပဲ ပြန်နေပါရစေတဲ့။ ရှားကလည်း တစ်ဇွတ်ထိုးသမား ဘားမရ ဆီးမရ။ သမီးကို တားမရတော့ မအေကပါ သမီးကိုပစ် လင်ကိုချစ်တဲ့ မိန်းမလို့ ပတ်ဝန်းကျင်က လက်ညှိုးထိုးမေးငေါ့ အောကိုတော့ မခံပါရစေနဲ့ ကိုတိုးရယ်။ လှိုင်းသမီးရဲ့အနားမှာပဲ ရှိနေခွင့်ပေးစေ လှိုင်းကို နားလည်ပေးပါတဲ့။

ဦးတိုးတက် ဘယ်လိုအာဏာတွေ၊ ပါဝါတွေနဲ့ ခြိမ်းခြောက်တားဆီးရမလဲ။ ကိုယ့်သားကပဲ အမှားတွေ တစ်ခုပြီးတစ်ခုလုပ်ကာ ဒါသ သူ့မာနချည်းပဲမို့ ကိုယ်ဖော်တဲ့ဆေး ကိုယ်မစားနိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာပဲ တောက်တဲ့ကားနှင်းခံရသလို ကျွတ်,ကျွတ်တောင် မညည်း
နိုင်တဲ့ဘဝ။ ထားခဲ့တော့လည်း နေရတော့မှာပေါ့။ ဒါပေမဲ့ ကိုယ့်ကို
သနားငဲ့ညှာလိုခြင်း တားဆီးနှစ်သိမ့်ကြည့်ရဦးမည်သာ။

"သမီး"

ရှားတို့သားအမိ ထွက်လာတာမြင်တော့ ဦးတိုးတက် မျက်
ရုံတမယ် သွားလိုက်၏။

"သမီးရဲ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား သမီးရယ်"

ရှားက ခေါင်းလေးခါ၍ ...

"ရှားနဲ့ကင်း တစ်အိမ်တည်းမှာ အတူနေကြဖို့ဆိုတာ
ဘယ်လိုမှ မဖြစ်နိုင်တော့လို့ပါ အန်ကယ်၊ ရှားကို နားလည်ပေးပါ"

နားလည်ပါဆိုတဲ့ စကားကပဲ ကိုယ့်ကို ရိုက်နေသည့်တူ
နှယ်။

"လှိုင်း"

"လှိုင်းဘက်ကို လှည့်မလာပါနဲ့ ကိုတိုးရယ်၊ သားသမီးတွေ
ကသာ မိဘရင်ကို စွန့်ခွာထွက်သွားရိုး ထုံးစံရှိပေမယ့် မိဘဆိုတာ
သားသမီးကို ထာဝရလိုက်မိုးပေးနေရမယ့် အရိပ်တစ်ခုပါ"

"ကိုယ် နားလည်ပါတယ်၊ ကိုယ်လည်း တွေးမိပါတယ်"

ဦးတိုးတက်မျက်ဝန်းတွေက ရီဝေဆွေးမြည့်လျက်နှင့်ပါ





"သားသမီးတွေ အရွယ်ရောက်မှ ကိုယ်တို့အရေးကို ဦးစား
ပေးစနစ်နဲ့ ဖြစ်မှာပါ တည့်မှာပါလို့ တွေးပြီး ဒီလိုတွေဖြစ်နိုင်တာကို
ကာချိန်ပယ်ထုတ်ခဲ့မိတာကိုက ကိုယ်တို့မှားခဲ့တာပါ"

"မဟုတ်သေးဘူး အန်ကယ်"

ရှားရှင်းပြဖို့ကြိုးစားပေမယ့် ဦးတိုးတက် လက်ကာလိုက်ကာ

"တားမရရင်လည်း သွားပါ၊ ဒါပေမဲ့ သံယောဇဉ်ကို တစ်
ခါချင်း လျှော့ပြီး အမုန်းလက်နက်တော့ ကိုင်ဆောင်မထားပါနဲ့
သမီးရယ်"

"ရှားရင်ထဲမှာ အမုန်းမရှိပါဘူး အန်ကယ်၊ မေမေ့ကိုလည်း
ရှား ဒီမှာနေခဲ့ဖို့ ပြောပါတယ်၊ အန်ကယ်နဲ့မေမေတို့ရဲ့ သာယာလှပ
တဲ့ အိမ်ထောင်ရေးကို ရှား မဖျက်ဆီးပါဘူး"

ပြောပြီး ရှား မေမေ့ဘက်ကို လှည့်လိုက်သည်။ ကင်းက
ရှားမျက်နှာကို မမြင်ချင်လောက်အောင် နာကြည်းနေပြီလေ။ မမြင်ချင်
တော့တဲ့ မျက်နှာနဲ့ ကင်း ပြန်လာရင် ရှား ဘယ်လိုရင်ဆိုင်ရမလဲ။
မျက်နှာချင်းမဆိုင်မိကြတာ အကောင်းဆုံးပါပဲလေ။

"မေမေ"

"ဟင်"

"မေမေ ဒီမှာပဲ ကျန်ခဲ့ပါနော်၊ သမီးက ကိုယ့်အိမ်ကိုယ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲဟာ ဘာမှစိတ်မပူပါနဲ့၊ မေမေအားရင် လာလည်လို့ ရတယ်လေ မေမေရဲ့''

''အို . . . မဟုတ်တာ သမီးရယ်၊ မေမေ အသက်ရှင်နေသရွေ့ မေမေ့ရဲ့ရင်ခွင်ဟာ သမီးအတွက် အနွေးထွေးဆုံး အနိုင်းမဲ့ကမ္ဘာ ဖြစ်စေရမယ်၊ အဲဒါ မေမေရဲ့ဆုံးဖြတ်ချက်ပဲ သမီး''

မေမေ ခေါင်းမာတတ်တာကိုလည်း ရှား သိနေသဖြင့် ဘာမှ ဆက်မပြောတော့ပေ။ ပြောလို့လည်း ရမှာမှမဟုတ်တာ။ ရှား သက် ပြင်းလေးချ၍ ထွက်လာခဲ့တော့၏။ အနက်ကယ် ရှားကို အားမနာတမ်း မေမေ့ကို တားနိုင်အောင်လို့ပါ။

''လှိုင်း''

ဦးတိုးတက် ခြေလှမ်းစတော့မည့် ဇနီး၏လက်ကို ဆွဲထား လိုက်သည်။

''ကိုယ်တို့ တွေ့ခွင့်တော့ ရှိပါသေးတယ်နော်''

''ကွဲကြကွာကြတာမှမဟုတ်ဘဲ ကိုတိုးရယ်၊ ကလေးတွေ အဆင်ပြေအောင် လှိုင်းတို့ ကြိုးစားကြတာပေါ့''

''ခက်တယ်ကွာ''

''ကိုတိုးသားဘက်က လျှော့လိုက်ရင် အဆင်ပြေသွားမှာပါ ခုတော့ လှိုင်းကို သွားခွင့်ပြုပါနော်''





ဒေါ်လှိုင်းထိပ်ထား ခြေလှမ်းစလိုက်စဉ် ရှားက ကားပေါ် ရောက်နေပြီ။ ရှား မေမေ့ကို ထားခဲ့တော့မည်ဟု ကားကို မောင်းထွက် ခဲ့စဉ် အဖြူရောင်ကားတစ်စီးက ခြံထဲသို့ ကသောကမျော ပြေးဝင် လာပြီး ရှားရဲ့ကားလေးရှေ့မှာ တုံ့ခနဲ ရပ်သွားလေသဖြင့် . . .

''အမေ့''

ရှား လန့်ဖျပ်ပြီး ကားဘရိတ်ကို ဆောင့်နင်းပြီးသားဖြစ် သွားသည်။

''ရှား''

ကားပေါ်က အရင်ပြေးဆင်းလာသူက ကင်းဖြစ်ပြီး နောက် ဆင်းဆင်းလာကြသူတွေ ကင်းရဲ့သူငယ်ချင်းတွေ။ ကင်းက ရှားရဲ့ကား တံခါးကို ဖွင့်ပြီး ရှားဘေးမှာဝင်ထိုင်သည်။

''ကင်း . . . နင်ဆေးရုံကနေ ဘာလို့ပြန်လာတာလဲ၊ ဒဏ်ရာ ကြီးက သက်သာသေးတာ မဟုတ်ဘဲနဲ့ ဒုက္ခပါပဲ''

''နင် အိမ်ကနေ ထွက်သွားတော့မယ်လို့ ကြွက်စုတ် ဆေးရုံ ကို လာရင်းပြောလို့ ပြန်လာတာ''

''အို . . . ဒီဖိုးကြွက်စုတ် တော်တော်လျှာရှည်ပါလား၊ အဲဒီနေ့က လူကို ဒုက္ခပေးပြန်ပြီ''

''ငါ ဒုက္ခလို့ မတွက်ပါဘူး ရှားရယ်၊ ဒဏ်ရာကလည်း



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဒဏ်ရာက ဘာမှမဖြစ်ဘူး၊ နင်ထွက်သွားရင် ရမယ့်အတွင်း ဒဏ်ရာကမှ ကုရန် နတ္ထိဆေးမရှိဖြစ်မှာ နင် ဘယ်မှမသွားပါနဲ့နော် ရှား . . . နော်''

ရှား ကင်းကို တွေတွေငေးငေးလေး ကြည့်လိုက်မိ၏။ ရှား ထွက်သွားမှာစိုးလို့ ဆေးရုံက ပြေးလာခဲ့သတဲ့လား ကင်းရယ်။ အင်္ကျီ ရင်ဘတ်ဟနေတဲ့ကြားက ပတ်တီးအဖွေးသားကို မြင်ပြီး ရှား ငိုချင် စိတ်ပေါက်သွား၏။

''ရှား''

''ဟင်''

''နင် ငါ့အချစ်ကို ခုထိ မယုံသေးဘူးလားဟာ၊ ငါ နင့်ကို တကယ်ချစ်တာပါ၊ ကျိန်ဆိုကျိန်ရဲပါတယ်''

''နင် ဆေးရုံကိုပြန်ပါ''

''မပြန်ဘူး''

''ဒဏ်ရာကြီးက''

''ဘာဖြစ်လဲ အသည်းကွဲနေတာက အဲဒါထက် ပိုဆိုးတာ''

''ဟယ် . . . ဘယ်လို ဖွတ်တရွတ်သမားပါလိမ့်''

''ကင်းရေ''

ထွန်းမင်း အသံအကျယ်ကြီးကြောင့် ကင်း လှည့်ကြည့်လိုက်





သည်။

''မင်းရင်ထဲက သစ်ပင်ကြီး ရွှေ့စိုက်လို့ မရတော့ရင် ခြံခတ် ထိုက်တော့ဟေ့''

''တို့တော့ လစ်ပြီ''

သူငယ်ချင်းတွေ စသွားတော့ ကင်းက ပြုံးလိုက်ကာ . . .

''ကြားလား ပြောသွားတာ''

''ဘာလဲ''

''ငါ ခြံခတ်လိုက်တော့မယ်''

''အို . . . ကင်း''

ကင်းက ရှားကို ဆွဲဖက်မယ်လုပ်တော့ ရှားက သူ့ကို တွန်း ထိုက်စဉ် . . .

''အား''

''ဟင်''

ကင်းရင်ဘတ်ကို လက်နှင့်အုပ်ပြီး ရှုံ့မဲ့ညည်းတွားလေတော့ ရှား ပျာယာခတ်သွားသည်။

''ဆောရီး . . . ဆောရီးနော် ကင်း . . . ငါ မေ့သွားလို့ပါ''

''နင် ငါ့အပေါ် တော်တော်ရက်စက်နိုင်တာပဲ''

''မဟုတ်ပါဘူးဟယ်၊ ငါ တကယ်မေ့သွားလို့ပါ၊ ငါ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမလဲဟင်''

ကင်းမျက်နှာ ပြုံးသွား၏။ ကြွက်စုတ်ပြောတယ်လေ။ ရှား က ကင်းနဲ့လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့သည်တဲ့။ ဒါဆို ဘာလိုသေးလဲ။ ပြိုင်စံရှားဆိုတဲ့မိန်းမက ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့်မှ ခေါင်း ညိတ်မယ့်သူမျိုးမှ မဟုတ်တာ။

တကယ်ချစ်လို့ တကယ်ခေါင်းညိတ်လိုက်တယ်ဆိုတာ ကင်း သိထားပြီးပြီမို့ . . .

''နာ့တာတွေ ပျောက်စေချင်ရင် အာဘွားပေးလိုက်လေ''

''ကင်းနော်''

''မပေးဘူးလား။ နင်မ ပေးလို့ ငါပေးရရင်''

''အယ် . . . ဟိုမှာ''

အလန့်တကြားနှင့် ရှားလက်ညှိုးထိုးရာသို့ ကင်းလှည့်ကြည့် လိုက်စဉ် ရှားက ကင်းရင်ဘတ်ကို နမ်းရှိုက်လိုက်သည်။ ရင်ထဲမှာ လှိုက်ခနဲ ခုန်သွားခြင်းနှင့်အတူ ကင်းတစ်ယောက် အချစ်စစ်နှင့် ထုံ မွှန်းထားသော ကမ္ဘာငယ်လေးထဲမှာ အိုအေစစ်တစ်ခုကို ရှာတွေ့ လိုက်ပါပြီ။

ဇာရီသတ်များကို ထာဝရချစ်ခင်လေးစားလျက်...

မိုးစက်ပွင့်

၂၄-၁၂-၁၂

BURMESE CLASSIC

www.burmeseclassic.com